TWO CATS PUBLICATION

မောင်မျိုး စီစဉ်သည်

# တာရာမင်းဝေ

# ကြယ်သီချင်းနှင့် လမင်းသံစဉ်

လုံးချင်းဝတ္ထုသစ်



**စာမူခွင့်ပြုချက်အမှတ်**
၁၇၆/၉၉ (၂)

**မျက်နှာဖုံး ခွင့်ပြုချက်အမှတ်**
၁၂၇/၉၉ (၂)

**ထုတ်ဝေခြင်း**
ပထမအကြိမ်၊ ၁၉၉၉ ဧပြီလ
**အုပ်ရေ** (၅၀၀)
**တန်ဖိုး** (၃၀) ကျပ်

**ထုတ်ဝေသူ**
ဦးမြသန်း (၀၁၀၅၀)
အသိုင်းအဝိုင်းစာပေ
အမှတ် (၃၅) သမာဓိလမ်း၊ ကမ္ဘာအေး။

**အတွင်းပုံနှိပ်သူ**
ဦးမင်းဟန်
ရန်ကုန်မင်္ဂလာသောင်းပုံနှိပ်တိုက်၊
အမှတ် (၇၅)၊ ၄၃လမ်း၊ ရန်ကုန်။

**မျက်နှာဖုံးပုံနှိပ်သူ**
ဦးကျော်စိန် (၀၂၉၀၉)
ကျောက်စိမ်းအော့ဖ်ဆက်
အမှတ် (၁၇၁)၊ ၃၃လမ်း၊ ရန်ကုန်။

**မျက်နှာဖုံးပန်းချီ** – စိုးဝင်းငြိမ်း
**အတွင်းစာစီ** – ရွှေကွင်းးဆက်ကွန်ပျူတာ

**မောင်မျိုး** ကြောင်နှစ်ကောင်စာပေ
**စီစဉ်သည်**

# တာရာမင်းဝေ

# ကြယ်သီချင်းနဲ့လမင်းသံစဉ်

(နီလာ) စာပေနှင့်စတိ[illegible]
တိုက်(၁၅)၊ အခန်း (၀၀၄)
[illegible]-အခန်း(A)၊ [illegible]

## နိဒါန်း

ညက ရှင်းနေသည်။

ကောင်းကင်က လရောင်ဖြင့် လင်း၏။

ပြိုးပြောက်သော ကြယ်ကလေးများကို
တစ်ပေါက်ချင်း မြင်နေရသည်။

မှောင်သော်လည်း လက်ဝင်းနေသည့်
လပြည့်ညတစ်ညဖြစ်သည်။

ရင်ထဲမှာ မီးတောက်တစ်ခုကို
မျိုထားသော မီးပုံးပျံလေးတစ်လုံးက
မိုးပေါ်သို့ လွင့်တက်လာ၏။

အချို့လည်း ငေးကြည့်နေကြသည်။
အချို့လည်း. . .
မေ့မေ့ပျောက်ပျောက် ဖြတ်သန်းသွားကြ၏။

ထိုစဉ်ကတော့. . .
ထိုမီးပုံးပျံကလေးသည်
လူတစ်ယောက်၏ဘဝကို
ပြောင်းလဲသွားစေမည် ဖြစ်ကြောင်း
မည်သူကမှ
မသိခဲ့ကြချေ. . .။





(၁)

"မင်းက ဘယ်လာတာလဲ. . ."
"ဒီကိုပဲ လာတာပါ. . ."
"ဒီကို. . .ဟုတ်လား. . .ဘာကိစ္စလဲ. . ."
"ဒီဆိုင်မှာ လူတစ်ယောက်နဲ့ ချိန်းထားလို့"
"ဘာ. . ."
စားပွဲထိုးက သူ့တစ်ကိုယ်လုံးကို မမှိတ်မသုန် ကြည့်၏။

ဆံပင်စုတ်ဖွား၊ မုတ်ဆိတ်ကျင်စွယ် ထိုးထိုးထောင်ထောင်၊ စုတ်ပြတ် ဆွေးရော်သည့် သွင်ပြင်အဝတ်အစားတို့ကို စေ့ငုံ သုံးသပ်ရင်း သူခေါင်းကို ခါ၏။

"မင်း. . .ဝင်လို့ မဖြစ်ဘူးထင်တယ်"

"ဘာဖြစ်လို့လဲ ကျွန်တော် ပိုက်ဆံပေးစားမှာပါ"

စားပွဲထိုးက ခေါင်းကို ခါမြဲခါ၏။

"မဖြစ်ဘူးကွ. . .မင်းဒီလောက် ညစ်ပတ်စုတ်ပြတ်နေတာ. . .ဆိုင်ထဲက တခြားဖောက်သည်တွေကို အားနာစရာဖြစ်နေလိမ့်မယ်. . ."

သက်ပြင်းတစ်ချက် ချမိ၏။

အသံ ခပ်တိုးတိုးဖြင့်. . .စားပွဲထိုးကို လေပြေထိုးရ၏။

"ရပါတယ်ဗျာ၊ ကျွန်တော့်ကြောင့် အနှောင့်အယှက်မဖြစ်အောင် ကျွန်တော် နေပါ့မယ်။ ထောင့်က စားပွဲလွတ်တစ်လုံးလုံးမှာ ထိုင်ရရင် တော်ပါပြီ။ ကျွန်တော် ဘာသံမှလည်း မထွက်အောင် တိတ်တိတ်ထိုင်နေပါ့မယ်. . ."

စားပွဲထိုးက သူမျက်နှာကို စိုက်ကြည့်နေ၏။ ချိုင်းထောက်အဖြစ် သူအားပြုထားသော ဝါးလုံးက ကျိုးမယောင်ကွေးညွတ်ကျ၏။ သူခန္ဓာကိုယ် ယိုင်ထွက်သွားသည်။ မလဲ





အောင် မနည်းထိန်းလိုက်ရ၏။

စားပွဲထိုးက သူခန္ဓာကိုယ်ကို ဟန်နိုင်အောင် နံဘေးမှ ကူညီ ထူမတ်ပေးခြင်း မရှိချေ။ သူဘာသာသူ အနိုင်နိုင် ပြန်ထိန်းရ၏။

မတ်မတ်ပြန်ရပ်နိုင်သောအချိန်မှာ စားပွဲထိုးက သူ့ကို ခပ်ပြတ်ပြတ်မေး၏။

"အဲဒီ ဝါးလုံးနှစ်လုံးမပါရင် မင်းရပ်လို့ မရဘူးလား"

သက်ပြင်းတစ်ချက် ထပ်ချမိ၏။ စားပွဲထိုး၏မျက်နှာကို မကြည့်ဘဲ ပြန်ဖြေလိုက်သည်။

"မရဘူး. . ."

"အဲဒါဆိုရင် မဖြစ်ဘူး။ မင်း အဲဒီဝါးလုံး တဒေါက်ဒေါက်နဲ့ ထောက်ဝင်ရင် ဆိုင်ထဲမှာ ရုပ်ပျက်ဆင်းပျက် ဖြစ်နေလိမ့်မယ်"

"ကျွန်တော့်အတွက် အရေးကြီးလို့ပါဗျာ၊ ကူညီပါ"

"ခက်တာပဲ. . .မင်းကို ငါ ဘယ်လိုလုပ်ရမလဲ"

သူ့ကို 'မင်း'ဟု အထပ်ထပ်ပြောနေသော စားပွဲထိုးသည် အနည်းဆုံးတော့ သူ့ထက် ၅နှစ်၊ ၆နှစ် ငယ်ပေလိမ့်မည်။ သို့သော်. . .

“အစ်ကို ခွင့်ပြုရင် ရပါတယ်ဗျာ၊ ကူညီပါ”

စားပွဲထိုးက စိတ်ပျက်လက်ပျက်ဖြင့် လေပူကြီး မှုတ်ထုတ်သည်။ လက်နှစ်ဖက်ကို ခါးမှာ ထောက်လိုက်၏။

“နေပါဦး. . .”

ထိုသို့အစချီပြီး သူ့ကို မေး၏။

“မင်းက ဘာအလုပ်လုပ်တဲ့ လူလဲ. . .”

“ဟို. . .”

သူ ပြန်မဖြေဖြစ်။ စားပွဲထိုးက သူထင်ရာကို စွတ်ပြော၏။

“မင်း. . .ဝရမ်းပြေးလား၊ ဒါမှမဟုတ် ရဲဘက်ပြေးလား”

“ဟာ. . .မဟုတ်ပါဘူး ခင်ဗျာ”

“ဒါဖြင့် ဘာလဲ. . .ကုန်ထမ်းသမားလား၊ ကုန်ထမ်းရင်း ခြေထောက်ကျိုးသွားတာလား”

“မဟုတ်ပါဘူး. . .ကုန်ထမ်းသမား မဟုတ်ပါဘူး. . .ခြေထောက်ကျိုးတာလည်း မဟုတ်ပါဘူး၊ ကျွန်တော်က အောက်ပိုင်းသေထားတဲ့လူပါ. . .”

စားပွဲထိုး . . .နည်းနည်း စိတ်မကောင်း ဖြစ်သွားပုံ ပေါ်သည်။





“အင်း. . .မင်း ဘာအလုပ်လုပ်လဲ”

“ကျွန်တော်. . .”

ဖြေဖို့ရာ တုံ့ဆိုင်းနေမိ၏။ ပြီးမှ. . .

“ကျွန်တော် ‘တောင်း’စားပါတယ်. . .”

“ဟင်. . .”

စားပွဲထိုး၏မျက်နှာပေါ်မှာ နားလည်ရခက်သည့် အရိပ်အယောင်တွေ ထင်ဟပ်လာသည်။

“အေး. . .အဲဒါဆိုရင်တော့ ဘယ်လိုမှ မဖြစ်တော့ဘူးကွ။ ဆိုင်ထဲကို ပေးဝင်လို့ မဖြစ်ဘူး. . .ထိုင်ပြီး လက်ဖက်ရည်သောက်ဖို့ မပြောနဲ့. . .ခွက်နဲ့တောင် ဝင်တောင်းဖို့ ခွင့်မပြုဘူး”

ဆိုင်ကိုလည်း ဟန်ပါပါ လက်ဖြင့် ညွှန်ပြ၏။

“ဘယ်လိုဆိုင်လဲ. . .ဆိုတာကိုလည်း ကြည့်ဦးလေကွာ”

ဟုတ်တော့လည်း ဟုတ်ပါသည်။ ဆိုင်က သပ်ရပ်သားနားသော စားသောက်ဆိုင်ဖြစ်သည်။ ပိုက်ဆံရှိ လူတန်းစားများသာ ဝင်ရဲထွက်ရဲရှိမည့် ဆိုင်အနေအထားမျိုးဖြစ်သည်။

စားပွဲထိုးက သူ့ဘာသာ တစ်စုံတစ်ရာကို သတိရလိုက်သလိုမျိုး ဖြစ်သွား၏။

"နေပါဦး. . ."

သူ့ကို တစ်ခုခုပြောရန် ပြင်သည်။

"ဟုတ်ကဲ့. . ."

"စောစောက မင်းပြောသွားတယ်. . ."

"ဟုတ်. . ."

"ဒီဆိုင်မှာ လူတစ်ယောက်နဲ့ ချိန်းထားတယ်ဆို. . ."

"ဟုတ်ကဲ့. . ."

စားပွဲထိုး၏မျက်နှာ ရှုံ့မဲ့သွားသည်။

"မင်းကို ဒီမှာချိန်းတဲ့လူကရော မင်းလိုပဲလား"

"မဟုတ်ပါဘူး ခင်ဗျ. . ."

"မင်းလိုလူကိုမှ သူက ဒီလိုဆိုင်မျိုး ချိန်းရသလား"

"ဟို. . ."

အပြောရ ခက်ပြန်သည်။

"ဒီလိုပါ. . .သူက ကျွန်တော့်ကို ဒီလိုမှန်း မသိလို့ပါ. "

စားပွဲထိုးက မျက်မှောင်ကြုတ်ပြီး စဉ်းစား၏။

"အင်း. . ."

"ဟုတ်ကဲ့. . ."

"စိတ်တော့ ဝင်စားစရာပဲ"





စားပွဲထိုး၏မျက်နှာကို မျှော်လင့်ခြင်းကြီးစွာဖြင့် သူငေးကြည့်နေမိသည်။

"ဒီလိုလုပ်. . ."

"ဟုတ်ကဲ့. . ."

"မင်း ထိပ်ဆုံးစားပွဲမှာ ဝင်ထိုင်၊ အဲဒီစားပွဲက မှောင်ရိပ်ကျတယ်၊ ဆိုင်ကို ကျောပေးထားတယ်၊ မင်းကတိအတိုင်း တိတ်တိတ်ဆိတ်ဆိတ် ငြိမ်ငြိမ်သက်သက်ထိုင် ဟုတ်လား"

"ဟာ . . .ဟုတ်. . .ဟုတ်ကဲ့. . .ကျေးဇူးပါပဲဗျာ"

"တကယ်လို့. . .ဆိုင်ရှင်သူဌေးက မေးလာခဲ့ရင် မင်းဝင်လာတာကို ငါမသိဘူးလို့ ပြော ဟုတ်လား. . ."

"ဟုတ်. . .ဟုတ်ကဲ့. . ."

"ကဲ. . .သွားသွား. . .ဝင်"

ဆိုင်ထဲသို့ ပင်ပန်းခဲယဉ်းစွာ သူဝင်လိုက်သည်။ အားပြုထားသော ဝါးလုံးတို့သည် မကြဲ့ခိုင်လှတော့။ နံရံကို မှီထိုင်ထားရသည်။

လက်ဖက်ရည်ပန်းကန်ကို ငေးကြည့်ရင်း. . .သူနှင့်ချိန်းထားသည့် သူ လာလုပြီ ဖြစ်ကြောင်း တွေးနေမိသည်။

✻ ✻ ✻ ✻ ✻

(၂)

နံရံပေါ်မှ ပိုစတာများကို လိုက်ကြည့်နေမိသည်။

ဟိုတုန်းကလို. . .မိုမိုကို၊ ဆိုဖီမာဆိုး စသည့်ပုံများကို မတွေ့ရတော့ချေ။

ယခု တွေ့နေရသည့် နိုင်ငံခြားပိုစတာ မင်းသမီးများသည် သူ့အတွက် အသစ်တွေချည်း ဖြစ်နေတော့၏။

သူရှေ့တည့်တည့်မှ ပိုစတာကို ဘာရယ်မဟုတ်ဘဲ ငေး

စိုက်ကြည့်နေမိသည်။ ရုပ်ရှင်မင်းသမီးဟု ထင်လိုက်မိသော်လည်း မဟုတ်ချေ။ အဆိုတော်မ တစ်ယောက်ဖြစ်၏။ ပိုစတာအောက်ဘက်နားတွင် ရေးသားထားသော စာသားအရ 'စီလိုင်းဒီယွန်' အမည်ရှိ အဆိုတော်မ ဖြစ်ကြောင်းသိရသည်။

တစ်ဆက်တည်း သတိရလိုက်မိသည်။

ဟိုတစ်နေ့ကပဲ ဦးသော်တာက ထိုအဆိုတော် ကမ္ဘာ့နာမည် အတော်ကြီးနေကြောင်း ပြောပြ၏။

"ခင်ဗျား ဘယ်က ကြားလာတာလဲဗျ"

"ငါ တောင်းနေကျ ဘတ်စ်ကားမှတ်တိုင်မှာ ကောင်မလေးနှစ်ယောက် ဘတ်စ်ကားစောင့်ရင်း ပြောနေကြတာ. . ."

"ဟုတ်လား. . .ဘယ်နိုင်ငံသူလဲ"

"အဲဒါတော့ မသိဘူး. . ."

"သူက ဘာသီချင်းတွေ ဆိုတာလဲ"

"မသိဘူး. . .ခု 'တိုက်တင်းနစ်' ဆိုတဲ့ ရုပ်ရှင်ကားတစ်ကားမှာ သူဆိုတဲ့ သီချင်းက အရမ်းကောင်းဆိုပဲ. .ဆုလည်း ရသွားတယ်တဲ့"

ဦးသော်တာက ပြောရင်း ဆိုရင်း. . .သူ့ခြေချင်းဝတ်ကို တဖြင်းဖြင်းကုတ်သည်။ ထိုနေရာမှာ ရှိနေသော ခြင်ကောင်က





ကုတ်လာသော သူ့လက်ကို ကြောက်ဟန် မပေါ်။ ခပ်တည်တည်ပင် ဆက်၍ သွေးခဲနေသည်။

"ရိုက်ပစ်လိုက်ဗျာ ခြင်နားနေတာဗျ"

"ဟုတ်လား. . .အေးအေး"

ဦးသော်တာက မျက်စိမမြင်သူ ဖြစ်၏။ ခြေကျင်းဝတ်ကို ဖြန်းခနဲရိုက်လိုက်သည်။ မထိချေ။ ခြင်က လွတ်သွားသည်။

"မိလိုက်လား. . ."

သူစိတ်ချမ်းသာအောင် ညာပေးလိုက်သည်။

"အင်း. . .မိတယ်. . ."

"သွေးတွေ အများကြီးထွက်သလား"

"နည်းနည်းပါ. . ."

"ဟင်း. . .အကန်းဆိုပြီး အနိုင်ကျင့်ချင်လို့ ဘယ်ရမလဲ"

ဦးသော်တာက ထိုသို့ပြော၏။ ထိုအချိန်မှာပင် ခုနက လွတ်သွားသောခြင်က သူ့နဖူးမှာ တက်နားပြီဖြစ်၏။

ဦးသော်တာက ဆေးပေါ့လိပ်တိုကလေးကို မြိန်ရည်ယှက်ရည် ဖွာရှိုက်ရင်း၊ သူက ကောင်းကင်မှ တိမ်ဆိုင် တိမ်လိပ်များကို မျှော်ကြည့်ရင်း၊ 'သီတင်းကျွတ်' ကောင်းကင်၏ ကြည်စင်မှုကို ခံစားနေလိုက်သည်။

သူတို့ဘဝမှာတော့ ငြိမ်းချမ်းပျော်မွေ့ရာဆိုလို့ ဒါတွေပဲ ရှိသည်လေ။

အမှောင်ပျိုးသည်နှင့် ဦးသော်တာ၏ ဘဝနာကြည်းမှုများက လူးကြွလာပြန်သည်။ ထုံးစံအတိုင်း သူ့. .အတိတ်ဆီက ဘဝအခြေအနေများအကြောင်းကို. . .တရေးရေး ပြန်လည်အောက်မေ့နေ၏။

သူ ငယ်စဉ်က ဖြူချောထွားကြိုင်းသူ တစ်ယောက်ဖြစ်ကြောင်း၊ သူ့အမည်ရင်းမှာ စိုးသော်တာဖြစ်ကြောင်း ပြောပြန်သည်။ အမှောင်ထဲမှာ ခြင်ရိုက်ရင်း၊ 'အင်း'လိုက်ရင်း၊ ကျောင်းအိုကျောင်းပျက်၏ နံရံကိုမှီရင်း၊ သူ့စိတ်တွေလည်း ရီဝေဝိုက်မြည်းကျလာ၏။

နံရံပိုစတာကို ထပ်ကြည့်ရင်း တစ်ယောက်တည်းပြုံးမိသည်။ ဦးသော်တာက 'တိုက်တိုင်းနစ်' ဟုပြော၏။အခု ပိုစတာမှာ ရေးထားသော အင်္ဂလိပ်စာသားများအရ 'တိုင်တန်နစ်' ဖြစ်၏။ ဂရိနတ်ဆယ့်နှစ်ပါးကို ကိုယ်စားပြုထားသော စကားလုံးဖြစ်သည်။

ဆိုင်အတွင်းပိုင်းမှ တိုင်ကပ်နာရီဆီ လှမ်းကြည့်မိပြန်သည်။ ချိန်းထားသော အချိန်သို့ ရောက်ရှိရန် မိနစ်အနည်းငယ်





သာ လိုတော့သည်။ မကြာမီ သူ့ဧည့်သည် ရောက်လာတော့မည်။

ဆိုင်ထဲမှာ အေးစိမ့်စိမ့်ဖြစ်နေ၏။ နံရံမှ ဟူးဟူးဟဲဟဲ အသံပြုနေသော လေအေးစက်ကို သူ စိမ်းစိမ်းကြည့်နေမိသည်။ လေအေးကလေးဖြင့် လူတစ်ဖက်သားကို အနေခက်အောင် လုပ်တတ်သော ပုဂ္ဂိုလ်များကို သူမုန်းသည်။ ထို့ကြောင့် ဤလေအေးစက်ကိုလည်း သူ လိုလားခြင်းမရှိ။

သူ မကြာခဏ ခံရဖူးသည်။

"ဟေ့. . .ခဏလာစမ်းပါဦး. . .အကူအညီလိုလို့ကွာ"

အောက်ပိုင်းသေနေသောသူက ထိုလူ့ဆီ ဖင်ဒရွတ်တိုက်ဆွဲပြီး သွားရ၏။

"ဒီမှာ ငါ ကားကို နောက်ပြန်ဆုတ်မလို့ မင်း ကြည့်ထားစမ်းကွာ"

"ဟုတ်ကဲ့. . ."

"ကဲ. . .စပြီ. . .ရလား. . ."

"မရတော့ဘူး. . .ဟိုးထား"

ထိုလူ. . .ကားထွက်၍ ရသည်အထိ သူက စေတနာဝန်ထမ်းအဖြစ် ကူညီခဲ့ပါသည်။ သို့သော်. . .ထိုသူသည် ကူညီ

ဖော်ရသော သူ့ကို ပိုက်ဆံ တစ်ပြားတစ်ချပ်မျှ စွန့်ကျဲသွားခြင်း မရှိ။

ထိုလူ ကားရပ်တတ်သောနေရာသည် သူတို့ တောင်းစားနေကျ နေရာလည်း ဖြစ်သည်။

"ကြည့်ထားစမ်းကွာ" ဟုဆိုကာ သူ့ကားကို အလုံပိတ်ပြီးလည်း ထွက်သွားတတ်သည်။ သူက တစ်ချိန်လုံး ကြည့်ထားရ၏။ သူ့ကားကို တွန်းပေးဖို့ပင် တစ်ခါခေါ်သေးသည်။ နောက်မှ "မင်းက အောက်ပိုင်းချိနေတာပဲ မေ့လို့. . .နေနေ"ဟု ပြန်ပြော၏။

တစ်ခါတော့ ရက်စတောရင့်ထဲက မူးယိုင်ပြီး ထွက်လာ၏။ သူ့ရှေ့မှာ ရပ်သည်။

"မင်းကို ဘောက်ဆူးပေးရဦးမယ်"

ပိုက်ဆံအိတ်အကြီးကြီးထဲမှာ ငါးရာတန်များ၊ နှစ်ရာတန်များကို ကျော်လွှားပြီး ငါးကျပ်တန်တစ်ရွက်ကို ထုတ်၏။ သူ့ရှေ့မှာ ပစ်ချသည်။

"ငါက နှလုံးသားသမားပါကွ၊ အကြင်နာတရား ရှိပါတယ်"ဟု ဆိုက္ကားသမားလေသံဖြင့် ပြော၏။ "ငါ့နာမည် ကိုကိုကွ"ဟုလည်း ထပ်ပြောသွားသည်။





ညကျမှ ဦးသော်တာနှင့်အတူ မိမိတို့ ရခဲ့သမျှလေးကို ရေတွက်ကြည့်ကြ၏။ ဦးကိုကိုပေးသွားသော ငါးကျပ်တန်က အစုတ်ကြီးဖြစ်၏။ ဘယ်လိုမှ သုံး၍ မရနိုင်သော ပိုက်ဆံဖြစ်လေသည်။

"ဟင်း. . ."

သူ့သက်ပြင်းသံအဆုံးမှာ ဦးသော်တာက ဖျောင်းဖျ၏။

"စိတ်ဓာတ်ကျမနေပါနဲ့ကွာ. . .လာ စားရအောင်"

ထိုနေ့က ဦးသော်တာ ပိုက်ဆံ သိပ်မရခဲ့သော နေ့ဖြစ်သည်။ အဘွားအိုတစ်ဦးက ပေးသွားသည်ဆိုသော ပလာတာတစ်ချပ်ပါလာသည်။

"ခင်ဗျားဘာသာ စားပါဗျာ"

မြေပေါ်မှာ တုတ်နှင့်ခြစ်၍ သင်္ချာတွေပဲ တွက်နေလိုက်သည်။

ဦးသော်တာက ဆိုနေကျ သီချင်းကိုဆိုသည်။

"ဘဝလမ်းခရီးမှာ×××အကွေ့အကောက် ဆူးညောင့်ခလုတ်များစွာ×××တွေ့ကြရစမြဲပါ×××ကိုယ့်အပြစ်နဲ့ကိုယ့်ဒဏ်ကိုယ်သာ ခံရမှာ×××"

လက်ဖက်ရည်ကို မော့သောက်ရန် ပြင်၏။

“ဟော့ကောင်. . .ဟော့ကောင် နေဦး”

သူ့ကို ဝင်ခွင့်ပေးခဲ့သော စားပွဲထိုးက ကပျာကယာ လာတား၏။

“ခဏနေဦး. . .”

သူ့ကို လက်ကာပြကာ စားဖိုခန်းထဲ ဝင်သွား၏။ ပြန်ထွက်လာတော့ လက်ထဲမှာ ပလတ်စတစ်ပိုက်တစ်ချောင်း ပါလာသည်။

“ပိုက်နဲ့ စုပ်သောက်ကွာ. . .ခွက်ကို မင်းလက်တွေ၊ ပါးစပ်တွေနဲ့ မထိစေနဲ့ ကြားလား”

“ဟုတ်. . .ဟုတ်ကဲ့. . .”

လက်ဘက်ရည်ခွက်ထဲမှာ ထိုးထိုးထောင်ထောင် ရောက်လာသော ပလတ်စတစ်ပိုက်ကိုကြည့်ပြီး သောက်ချင်စိတ်လည်း ပျောက်သွားသည်။

စားပွဲထိုးက သူ့ကို ခပ်လှမ်းလှမ်းမှ မသိမသာကြည့်၏။ လက်ဖက်ရည်ကို သူသောက်တာ မမြင်သောအခါ အနား ရောက်လာပြီး. . .

“မသောက်ဘူးလား. . .”

သူက ဘာမှ ပြန်မဖြေ။ “မသောက်ရင်လည်း နေပေါ့”





ဟု ပွစိစိပြောပြီး စားပွဲထိုးပြန်ခွာသွား၏။

သူက အိတ်ထဲမှ စက္ကူတစ်ရွက်ကိုထုတ်ကာ အရုပ်ချိုး နေလိုက်၏။

သူ့ဘေးမှ စားပွဲကို. . .လူသုံးယောက် လာထိုင်၏။ အောင်မြင်နေသော စီးပွားရေးသမားများ ဖြစ်ပုံပေါ်သည်။ စားပွဲထိုးက သူတို့နားသို့ ကိုယ်ကလေးရို့ကာ ရောက်သွား သည်။

“ဆရာတို့ လက်ဖက်ရည်လား၊ ဘာသုံးဆောင်မလဲ အမိန့်ရှိပါ ခင်ဗျာ”

ထိုလူသုံးယောက်က တစ်ယောက်ကို တစ်ယောက် ကြည့်ကြ၏။

“လက်ဖက်ရည်မသောက်ဘူးကွာ. . .တို့ ဘီယာချမယ်”

“ရပါတယ် ဆရာ၊ ဘာ ဘီယာသုံးဆောင်မလဲ”

“ဘဒ်ဝိုင်ဇာ ရတယ်မဟုတ်လား”

“ဟုတ်ကဲ့ ရပါတယ် ဆရာ၊ သုံးဘူးလား”

“အေး. . .မြန်မြန်ချ သီဟိုဠ်စေ့ကြော်တစ်ပွဲပါ လုပ်”

“ဟုတ်ကဲ့. . .ဆရာ. . .”

စားပွဲထိုးထွက်သွားပြီးမှ ထိုလူသုံးယောက်က သူ့ကို မြင်၏။ တစ်ယောက်က ဘေးဘီ စားပွဲများကို လှမ်းကြည့်ပြီး

“ဝိုင်းပြောင်းရအောင်ဗျာ”

“အင်း. . .ကောင်းသားပဲ”

သူ့ကို ကျောပေးထားသော လူက အဖော်နှစ်ယောက်၏ အနေအထားကို အကဲခတ်ပြီး သူ့ကို လှည့်ကြည့်လိုက်သည်။ သဘောပေါက်သွားဟန်ဖြင့် ဝိုင်းရွှေ့ရာသို့ ချက်ချင်းထလိုက်သွားသည်။

ဝိုင်းအသစ်ဆီ ဘီယာ လာချပေးရသော စားပွဲထိုးကို “မင်းတို့ဆိုင်ကလည်းကွာ”ဟု မကျေမနပ် ပြော၏။ စားပွဲထိုးက သူ့ဆီလျှောက်လာတော့သည်။

❊ ❊ ❊ ❊ ❊





(၃)

စားပွဲထိုးက သူ့ရှေ့တွင် မားမားမတ်မတ်ရပ်သည်။ သိသော်လည်း သူ မော့မကြည့်။ လက်ထဲမှ စက္ကူကိုသာ သဲကြီးမဲကြီး အရုပ်ချိုးနေလိုက်သည်။

“ဟေ့ကောင်. . .”

ဖြည်းညင်းစွာ မော့ကြည့်လိုက်၏။

“မင်းနဲ့ ချိန်းထားတဲ့လူက ဘယ်အချိန်လာမှာလဲ”

“အခုပဲ ရောက်တော့မှာပါ။ အချိန်က ကျနေပါပြီ”

“အေး. . .လာမှပဲ. . .နို့မို့ဆိုရင်. . .”

စားပွဲထိုး၏ စကားက ပြောရင်းတန်းလန်း ရပ်သွား၏။ မျက်လုံးအစုံက သူချိုး၍ ပြီးဆုံးသွားသော စက္ကူရုပ်ကလေးပေါ်သို့ ကျရောက်နေသည်။

“မင်း. . .အဲဒါ ဘာအရုပ်လဲ”

သူက မဖြေဘဲ စက္ကူရုပ်ကလေးကိုသာ စားပွဲထိုး၏ ရှေ့သို့ ထိုးပြလိုက်၏။

“အိုး. . .ငှက်ပျောပင်ကလေးပဲ”

အံ့အံ့သြသြ ရေရွတ်၏။

“စက္ကူကို ငှက်ပျောပင်ပုံစံ အရုပ်ချိုးတာ ငါ တစ်ခါမှ မမြင်ဖူးဘူး၊ ကြားတောင် မကြားဖူးဘူး၊ လှတော့ လှတယ်ကွ”

“လိုချင်ရင် ယူသွားလေ”

စက္ကူရုပ်ကလေးကို သူ ထိုးပေးလိုက်၏။ စားပွဲထိုးက ယူချင်သော်လည်း မယူချေ။ တွန့်ဆုတ်ဆုတ်ဖြင့် ခေါင်းခါ၏။

“ဟေ့အေး. . .မယူပါဘူး”

ထိုအချိန်မှာပင်. . .

“ဟေ့. . .ဝိတ်တာ”





“ဗျာ. . .”

စားပွဲထိုး ချာခနဲ ပြန်လှည့်ကြည့်၏။ ခုနက လူသုံးယောက်ဝိုင်းမှ လှမ်းခေါ်ခြင်းဖြစ်သည်။

“ဘာ အလိုရှိလဲ ဆရာ. . .”

အော်မေးရင်း ထိုစားပွဲသို့ လျှောက်သွားရန် စားပွဲထိုးက ခြေလှမ်းပြင်သည်။

“မဟုတ်ဘူး. . .မဟုတ်ဘူး ဟေ့ကောင် အဲဒီအရုပ်ကို ဒီကို ယူခဲ့စမ်း”

“ဪ. . .ဟုတ်ကဲ့. . .”

စားပွဲထိုးက သူ့လက်ထဲမှ စက္ကူရုပ်ကို ဆတ်ခနဲ ဆွဲယူပြီး ထိုဝိုင်းသို့ ခြေလှမ်းကျဲကျဲဖြင့် လျှောက်သွားသည်။

“အေး. . .ပြစမ်းပါဦး”

သူတို့ထဲမှ တစ်ယောက်က စားပွဲထိုး၏ လက်ထဲမှ စက္ကူရုပ်ကို တူဖြင့်ညှပ်ကာ လှမ်းယူ၏။

“ငှက်ပျောပင်ကလေး. . .ဆရာ. . .လှတယ်”

စားပွဲထိုးက လေချိုသွေး၏။ ထိုလူက သူ့စကားကို ဂရုမစိုက်။ စက္ကူရုပ်ကလေးကိုသာ တူနှစ်ချောင်းဖြင့် ညှပ်ကိုင်ပြီး လှည့်ပတ်ကြည့်နေသည်။ ခေါင်းကိုလည်း တဆတ်ဆတ်ညိတ်

နေသည်။

အဖော်တစ်ယောက်က မေး၏။

"ဘာဖြစ်လို့လဲ ဗျ. . ."

ထိုလူက မခိုးမခန့်ပြုံးကာ. . .

"ဘာမှ မဖြစ်ပါဘူး"

တူဖြင့်ညှပ်ထားသော စက္ကူရုပ်ကလေးကို လွှဲခါ၍ လွှင့်ပစ်လိုက်၏။ တူကို စားပွဲဆီ ပြန်ချကာ. . .ဘီယာခွက်ကို မော့သောက်သည်။

"ကျွန်တော်က ဘာများလဲလို့ တောင်းယူကြည့်လိုက်တာဗျ. . ."

"ခင်ဗျားက စက္ကူရုပ်ချိုးတာကို စိတ်ဝင်စားလို့လား"

"အင်း. . .ဆိုပါတော့"

"အဲဒီအရုပ်က ဘာထူးခြားလို့လဲ"

မေးသူက သူ့ဘာသာ ဆက်ပြောသည်။

"ငှက်ပျောပင်ဖြစ်နေတာပဲ ထူးခြားတာ ဖြစ်မယ် ထင်တယ်နော်။ စက္ကူနဲ့ ငှက်ပျောပင်အရုပ်ချိုးတာ ကျွန်တော်လည်း မကြားဖူးဘူး"

"မထူးခြားပါဘူးဗျာ. . .သူ ချိုးတာ နည်းစနစ် မှားနေ





တယ်ဗျ"

သီဟိုဠ်စေ့ကြော်ကို တူနှင့် ညှပ်ကာ ဝါးစား၏။ ကြမ်းပြင်ပေါ်မှာ ပိုးလိုးပက်လက်လန်နေသော စက္ကူရုပ်ကလေးကို တစ်ချက်ပြန်ကြည့်ပြီး. . .

"စက္ကူနဲ့ အရုပ်ချိုးတယ်ဆိုတာ လွယ်တဲ့ ပညာ မဟုတ်ဘူးဗျ"

"အင်း. . .ဟုတ်ပါတယ်။ တကယ်လုပ်တတ်တဲ့လူလည်း ရှားတယ်"

"သချ်ာကိုလည်း တော်တော်ကျွမ်းကျင်ရတယ်"

"ဟုတ်လား. . .အဲဒါတော့ ကျွန်တော် မသိဘူး"

တစ်ချိန်လုံး ငြိမ်နေသူကလည်း ဝင်မေးသည်။

"ဘယ်လို ပတ်သက်တာလဲ၊ နည်းနည်းပြောစမ်းပါဦး"

"ဟား. . .ဟား"

ရယ်ရင်းဖြင့်ပင် ထိုလူက ခပ်ကြွားကြွား ပြန်ဖြေသည်။

"စက္ကူကကို စတုဂံပုံ၊ စတုရန်းပုံ ရှိတာကိုး။ သူ့ကို ခေါက်တာတို့၊ ညှပ်တာတို့၊ ချိုးတာတို့ အားလုံးဟာ ဂျီဩမေတြီ သဘောတရားတွေ ပါတယ်"

"သြော်. . .အင်း. . .ဒီလိုလား"

"စတုဂံရယ်၊ စတုရန်းရယ်၊ ငြိ ဂံရယ် အဲဒါတွေကို အားပြိုင်ခိုင်းပြီး အရုပ်တွေကို ဖော်ရတာပဲ။ ကျွန်တော်တို့ တရုတ်ပြည်မကြီးမှာတော့ 'ချင်'မင်းဆက် လက်ထက်ကတည်းက အဲဒီပညာပေါ်နေပြီ"

"အင်း. . .အင်း အတော်ကြာပြီပေါ့နော်"

"ကြာပြီပေါ့ဗျာ၊ ဒီအရုပ်ချိုးနည်းကို ကျွမ်းကျင်ချင်ရင် ဇရိယာတူ ပြောင်းလဲမှုကိုလည်း ကြေညက်ရတယ်"

"ဩော်. . .ဟုတ်လား"

ခွက်ထဲသို့ ဘီယာငှဲ့ထည့်၏။ ဘီယာကလည်း ထိုလူ့အတိုင်း အမြှုပ်တွေ ပွထွက်နေသည်။ အမြှုပ်တွေက တော်တော်နှင့် ပျောက်မသွား။ ထို့ကြောင့်ပင် ထိုလူက စကားဆက်ပြောလေသည်။

"ခုနက အရုပ်က ဘယ်လောက်မှ ထူးခြားလို့မဟုတ်ပါဘူး။ ဘက်ဂါပုံစံနဲ့ လူတစ်ယောက်က သွက်သွက်လက်လက် စက္ကူရုပ်ချိုးပြတာ မြင်လို့ ယူကြည့်လိုက်တာ"

"သိပ်မစွံဘူးလား"

မခိုးမခန့် ပြုံးပြန်၏။

"ခင်ဗျားကလည်းဗျာ ဒီမေးခွန်း မေးတာကိုက ခင်ဗျား





လွန်တာပဲ။ ဘယ်လိုလုပ် စွံမှာလဲ၊ မှားနေပါတယ်ဆိုမှ"

ငြိမ်နေသူက ဝင်ပြောပြန်သည်။

"ဒါဖြင့် ခင်ဗျားလည်း အဲဒီလို ငှက်ပျောပင်လေး ချိုးတတ်တယ်ပေါ့"

"အဲ. . ."

ထိုလူ့ မျက်နှာအမ်းသွားသည်။

"ဟို. . .အင်း. . .ချိုးရင်တော့ ရပါတယ်။ ထားပါဗျာ၊ အဲဒါတွေ. . ."

"မထားပါနဲ့ဗျာ. . .ကျုပ်ကို သင်ပေးစမ်းပါ"

"ဟာ. . .နေ. . .နေစမ်းပါဗျာ"

ထိုလူ့မျက်နှာက ဘီယာ၏မျက်နှာပြင်လို မြုတ်ထလာသည်။ နေရထိုင်ရလည်း အတော်ခက်လာပုံ ရသည်။ ကြွားလုံးနှင့်ပင် ခါးကုန်းရတော့မည်။

အဖော်တွေကလည်း အလိုက်မသိတာဘဲလား။ သွေးတိုးစမ်းတာပဲလား မပြောတတ်။

"အေးဗျာ ကျုပ်တို့ကို သင်ပေးစမ်းပါဗျာ။ အဲဒီလိုလေး ချိုးတတ်ရင် ပျော်ဖို့ကောင်းမှာ၊ သင်ပေးစမ်းပါ ခက်လို့လား"

"အင်း. . .ခက်. . .အဲ. . .မခက်"

ခက်သည်ဟု ပြောရလျှင်လည်း (သူ)ကို ဘုံမြှောက်ရာ ရောက်ဦးမည်။ မခက်ဟု ပြောရလျှင်လည်း လက်တွေ့ချိုးပြရဦးမည်။ ကိုယ့်အကွေ့အကောက်နှင့် ကိုယ်ဒုက္ခရောက်ရသူပင် ဖြစ်လေသည်။

"ကျုပ်တို့ဆီတော့ စက္ကူ မပါဘူး။ စားပွဲထိုးဆီက တောင်းလိုက်ရင် ရပါတယ်။ ဟေး. . .ဘွိုင်"

"ဗျာ. . .လာပါပြီ ဆရာ"

စားပွဲထိုးက ကပျာကယာ လျှောက်သွားရန် ပြင်၏။

သို့သော်. . .

ထိုအချိန်မှာပင် ဆိုင်ထဲသို့ မိန်းကလေးနှစ်ဦး ဝင်လာသည်။

"အဲ. . .ကြွပါ အစ်မလေး"

စားပွဲထိုး၏ ဦးတည်ချက်က ထို မိန်းကလေးနှစ်ဦးထံ ရောက်သွားသည်။

မိန်းကလေးနှစ်ဦးက အသက်အစိတ်ခန့်စီ ရှိကြပြီ ဖြစ်၏။ နုပျို၍ ဆွဲဆောင်မှုရှိသော မိန်းကလေးများဖြစ်ကြသည်။ တစ်ယောက်က အဖြူရောင်ရှပ်အင်္ကျီကို အပြင်ထုတ် ဝတ်ထားပြီး ကျန်တစ်ယောက်က အဝါရောင်ဝတ်စုံ ဖားဖားကြီးနှင့်





ဖြစ်၏။

နှစ်ယောက်စလုံးက ဆိုင်ထဲမှ စားပွဲများကို မျက်လုံးဝေ့ကြည့်၏။ ဆိုင်ထဲရှိ ဟိုစားပွဲ၊ သည်စားပွဲမှ လူအများကလည်း သူတို့နှစ်ယောက်ကို ပြန်ကြည့်နေကြသည်။

စားပွဲလွတ် တစ်လုံးမှာ ဝင်ထိုင်ကြ၏။

"ဘာ သုံးဆောင်မလဲ ခင်ဗျာ"

"အအေးပဲ သောက်မယ်"

"ဟုတ်ကဲ့. . .အအေး အကုန်ရှိပါတယ်။ သုံးဆောင်ချင်တာကို ပြောပါ"

ကောင်မလေးနှစ်ယောက်. . .တစ်ယောက်ကို တစ်ယောက်ကြည့်ကြ၏။

"ဖရုတ်ပဲ သောက်မယ်"

"ငါက လိုင်ချီး"

"ဟုတ်ကဲ့. . ."

စားပွဲထိုး ထွက်အသွားမှာ ကောင်မလေးနှစ်ဦးက ဆိုင်တွင်းရှိလူများကို မသိမသာအကဲခတ်၏။ တစ်စုံတစ်ယောက်ကို ရှာနေသောပုံစံ ရှိသည်။ စားပွဲထိုး အအေးလာချသော အချိန်တွင် အဖြူရောင်ကောင်မလေးက. . .

"ဒီမှာ. . ."

"ဟုတ်ကဲ့. . ."

"ကျွန်မတို့ ဒီဆိုင်မှာ. . . .လူတစ်ယောက်နဲ့ ချိန်းထားတယ်"

"ဪ. . .ဟုတ်လား"

စားပွဲထိုးကလည်း ဆိုင်ထဲမှ လူများကို ဝှေ့ယမ်းကြည့်သည်။ မိန်းကလေးတို့နှင့် ချိန်းထားသောလူဟု ယူဆဖွယ်ရာက တစ်ဦးတစ်ယောက်မှ မရှိ။ ထို့ကြောင့်. . .

"ဘယ်အချိန် ချိန်းထားတာလဲ. . ."

"အချိန်က တိုင်နေပြီ. . . ကျွန်မတို့က နည်းနည်းတောင် နောက်ကျလာတယ်။ ဆယ်မိနစ်လောက်ပါ၊ တစ်ဖက်က ရောက်နှင့်နေပြီတောင် ထင်တာ"

ထိုစကားသံတို့ကို သူဝိုင်းဆီမှ ကြားနေရ၏။ လက်ထဲမှာ အသစ်ရောက်နေသော စက္ကူလေးကိုပင် အရုပ် ထပ်မချိုးမိ။ ကောင်မလေးတွေကို သူ ငေးကြည့်နေမိသည်။

"အဲဒါဆိုရင်တော့. . ."

စားပွဲထိုး၏ အကြည့်က. . . .သူ့ဆီ ရောက်လာသည်။ မယုံကြည်နိုင်သလို. . . .ကောင်မလေးတွေကို ပြန်ကြည့်၏။





ကောင်မလေးတွေက လူကုံထံအသိုင်းအဝိုင်းမှ ဖြစ်ပုံပေါ်သည်။ သန့်ပြန့်နုထွတ်နေကြသူလေးများ ဖြစ်၏။

စားပွဲထိုးက သူ့ကို တစ်ခါ ပြန်ကြည့်သည်။ စားပွဲထိုး လုပ်သူ၏ ထူးခြားနေသော ဟန်ပန်ကြောင့် ကောင်မလေးတို့၏ မျက်လုံးများကလည်း သူ့ဆီသို့ ရောက်လာသည်။

သူနှင့် ခဏ အကြည့်ချင်းဆုံကြ၏။ ပြီးမှ ကောင်မလေး နှစ်ယောက်က တစ်ယောက်ကို တစ်ယောက်ကြည့်သည်။

စားပွဲထိုးက. . .

"ဒီဆိုင်မှာ ချိန်းထားလို့ ဆိုပြီး ရောက်နေတာကတော့ အဲဒီလူတစ်ယောက်ပဲ ရှိတယ်"

"ဟိုရှေ့ဆုံးထောင့်ဝိုင်းက လူကိုပြောတာလား"

အဝါရောင်ကောင်မလေးက ဝင်မေးခြင်းဖြစ်သည်။ သူ့ကို ရည်ရွယ်ပြီး မေးခြင်းဖြစ်သည်။ စားပွဲထိုးက ကောင်မလေး များကို အားနာပါးနာနှင့်. . .

"အင်း. . .ဟုတ်တယ် အဲဒီလူ"

ကောင်မလေးနှစ်ယောက်လည်း မျက်နှာ တစ်မျိုးဖြစ်သွားကြသည်။

"သူလား. . ."

"ဟုတ်. . .ဟုတ်ကဲ့. . ."

"ခါတိုင်းလာစားနေကျ လူ မဟုတ်ဘူးပေါ့"

"အာ. . .မဟုတ်ပါဘူး အစ်မရယ် ဒီဆိုင်မှာ လူတစ်ယောက်နဲ့ ချိန်းထားလို့ဆိုပြီး ရောက်လာတာ၊ ကျွန်တော် လူမှုရေးအရ ဝင်ခွင့်ပြုလိုက်တာ"

ကောင်မလေးနှစ်ယောက် တိုးတိုး. . .တိုးတိုးပြောကြ၏။ **စားပွဲထိုး**ကလည်း သူတို့ဝိုင်းနားမှာပင် ဆက်ရပ်နေသည်။

အဖြူရောင် ကောင်မလေးက စားပွဲထိုးကို တိုးတိုး တိုးတိုး မှာပြန်သည်။ ခေါင်းညိတ်ပြီး လှည့်ထွက်လာသော စားပွဲထိုးက သူ့ကို ကျယ်လောင်စွာ ပြန်လာမေးလေသည်။

"ခင်ဗျားနာမည် ဘယ်သူလဲ"

'မင်း'ဟု. . .မခေါ်တော့ဘဲ 'ခင်ဗျား'ဟု တပ်ပြော၍ 'ကြောင်'တောင် သွားသည်။ ချက်ချင်း ပြန်မဖြေမိ။ သူ့ပုံစံအိုးတိုးအန်းတမ်းကိုကြည့်ကာ စားပွဲထိုးက ဆရာလုပ်၏။

"နာမည်. . .ခင်ဗျားနာမည်ကိုမေးတာ၊ ဥပမာ ကျုပ်နာမည်ဆိုရင် သာလှ. . .ခင်ဗျားနာမည်က ဘယ်သူလဲ အဲဒါကို မေးတာ"

"ကျွန်တော့် နာမည်"





တုံ့ဆိုင်းနေမိသေး၏။ ပြီးမှ ဆက်ဖြေဖြစ်သည်။

"မိုးလတ်ပါ"

"ဘာ. . .မိုးလတ် ဟုတ်လား၊ ဘယ်လို ပေါင်းတာလဲ"

ဒါကတော့ ကောင်မလေးတွေ မေးခိုင်းသည့် မေးခွန်း မဟုတ်လောက်ချေ။

"**M.O.E L.A.T.T** ပါ. . ."

စားပွဲထိုး စိတ်ညစ်သွားပုံ ရသည်။

"မိုးလတ်ဆိုရင် ပြီးရော. . .ဟိုအစ်မလေးနှစ်ယောက်က ခင်ဗျားနဲ့ ချိန်းထားလို့ ရောက်လာတာတဲ့"

အဝါရောင်ကောင်မလေးဆီမှ အသံစူးစူးလေး ထွက်လာသည်။

"ဒီဝိုင်းကို လာခဲ့ပါလား"

ဒီနေရာမှာတော့ စားပွဲထိုးကို ကျေးဇူးတင်ရပြန်သည်။

"သူ လာဖို့မလွယ်ဘူး အစ်မလေး. . .သူ အောက်ပိုင်း မသနေတယ်"

"ဩော်. . ."

မိန်းကလေးနှစ်ယောက်၏ မျက်နှာမှာ ကရုဏာရိပ်တို့ ဖြတ်ပြေးသွားသည်။ နှစ်ယောက်သား ခေါင်းချင်းဆိုင်၍

တိုင်ပင်ကြပြန်၏။ သူတို့နှစ်ယောက် ဆိုင်ထဲမှ ထွက်သွားကြသည်။ ခဏအကြာမှာ. . .

လူနှစ်ယောက်ဝင်လာပြီး သူ့ကို ပွေ့ချီ၍ ဆိုင်ပြင်ခေါ်ထုတ်ကြ၏။

ရပ်ထားသော "တောင်းအေ့စ်" ကား အဖြူလေးပေါ်သို့ တင်သည်။ တစ်ဆိုင်လုံးက ငေးကြည့်ကျန်ရစ်၏။

သူ. . . ခုတော့လည်း ကားတစ်စီးပေါ်မှာ. . .။

✲ ✲ ✲ ✲ ✲





(၄)

ခမ်းနားထည်ဝါသော အိမ်ဂေဟာကြီး တစ်ခုမှ သားနားသပ်ရပ်သော အခန်းတစ်ခုအတွင်းသို့ . . .သူ ရောက်ရှိနေလေသည်။

တစ်ကိုယ်တည်း တိတ်ဆိတ်စွာ ထိုင်နေပြီး မည်သို့ဆက်ဖြစ်မည်မှန်း မသိသေးသော အနာဂတ်အတွက် အနည်းငယ်တော့ စိတ်လှုပ်ရှားနေမိသည်။

"ချက်"

အခန်းတံခါး တွန်းဖွင့်သံ ကြားရ၏။ အဝါဝတ်စုံနှင့် မိန်းကလေး ဝင်လာသည်။ သူမက...ခုထက်ထိတိုင် အဝတ်အစား မလဲရသေးချေ။

သူ့ကို စိုက်ကြည့်ကာ မေး၏။

"ဘယ်လိုလဲ"

"ဗျာ"

သူမ၏ စကားကို သူ နားမလည်ချေ။

"နေရထိုင်ရတာ အဆင်ပြေရဲ့လားလို့ မေးတာ"

"သြော်...ဟုတ်ကဲ့ အဆင်ပြေပါတယ် ခင်ဗျ"

"အခန်းက ကျယ်ပါတယ်နော်"

ခေါင်းကို တွင်တွင်ညိတ်ပြလိုက်၏။

"ဟုတ်ကဲ့...ကျယ်လွန်းလို့ ခက်နေပါတယ်"

"ရှင့်မှာ ပါလာတာ ဒီလွယ်အိတ်တစ်လုံးပဲလား"

သူ၏ ဝါညို့ညို့ဖြစ်နေသော လွယ်အိတ်ကို ညွှန်ပြကာ သူမက မေးသည်။

"ဟုတ်ကဲ့...ကျွန်တော့်မှာ ဒီလွယ်အိတ်တစ်လုံးပဲ ရှိပါတယ်"





သူမက သူ၏လွယ်အိတ်ကို စိတ်ဝင်စားနေသည်။

"အထဲမှာ ဘာတွေ ပါလဲ..."

"ဟို..."

အပြောရ ခက်နေသည်။ ပြောရမှာ ရှက်နေသည်။ ခေါင်းကို တစ်ချက်ကုတ်ပြီး...

"အစ်မလေးတို့နဲ့ အသုံးတည့်မယ့် ပစ္စည်း မပါပါဘူး ခင်ဗျ"

"အောင်မာ"

သူမ၏ မျက်နှာ အနည်းငယ် မှုန်သွားသည်။

"ရှင့်ပစ္စည်းတွေကို ကျွန်မတို့က...ဘာလုပ်ရမှာတုံး။ အထဲမှာ ဘာတွေပါသလဲလို့သာ သိချင်တာ"

"ဟုတ်...ဟုတ်ကဲ့"

သူက လွယ်အိတ်ကို ဆွဲမကာ သွန်ချပြလိုက်သည်။

လွယ်အိတ်ထဲမှ ထွက်လာသည်က ဒန်ပန်းကန်ပြား တစ်ချပ်၊ ဖွန်းအကျိုးတစ်ချောင်း၊ ကြိုးထုံးတစ်ထုံး၊ ပရုပ်ဆီ တစ်ဗူး၊ စာရွက် အပိုင်းအစများ၊ ဗလာစာအုပ်တစ်အုပ်၊ ခဲတံ တစ်ချောင်း။ အဝတ်အစားနွမ်းနွမ်းတစ်စုံနှင့် တဘက်အစုတ် တစ်ထည်။

ဒါပဲ ဖြစ်သည်။

သူမက ပစ္စည်းအားလုံးကို ဝေ့ကြည့်ပြီး. . .

“ရှင်က ထမင်းစားရင် ဇွန်းနဲ့ စားတာလား”

“လက်နဲ့ စားရင်လည်း စားပါတယ်။ ဇွန်းကတော့ ဟင်းချို ခပ်သောက်ဖို့ အဓိကပေါ့”

“သြော်. . .သြော်”

ဗလာစာအုပ်နှင့် ခဲတံကို မတ်တပ်အနေအထားမှ မိုးကြည့်၏။

“ဒီခဲတံက ရှင်ရေးတာလား”

“ဟုတ်ကဲ့. . .”

“ဒီဗလာစာအုပ်ထဲမှာ ရေးတာလား”

“ဟုတ်ကဲ့”

“သြော်. . .ရှင်က စာတတ်တယ်ပေါ့”

မော့အကြည့်မှာ သူမ၏ မျက်လုံးလှလှလေးများနှင့်ဆုံသည်။ သူမ၏ အကြည့်က တည်ကြည်နေသည်။ သူ ခေါင်းညိတ်ပြလိုက်၏။

“အင်း. . .စာတတ်တော့ ကောင်းတာပေါ့။ ဒါနဲ့ ဗလာစာအုပ်ထဲမှာ ရှင် ဘာတွေ ရေးထားတုန်း”





ပြန်မဖြေမိ။ သူ မဖြေချင်သော မေးခွန်းဖြစ်နေသည်။ သူမကိုတော့ အားနာပါသည်။

“ဘာတွေများ ရေးထားတာလဲ”

သူ့အဖြေကို အတော်ကြာအောင်စောင့်နေ၏။ ဖြေသံထွက်မလာသည့်အဆုံးမှာ သူမက စာအုပ်ဆီ လက်ကမ်းသည်။

“ကျွန်မ ကြည့်လို့ရမလား”

“အို. . .ဟင့်အင်း”

ထိတ်လန့်တကြားဖြေလိုက်သော သူ့ စကားသံကြောင့် သူမ တွန့်သွားသည်။

မျက်နှာပူပူနှင့်ပင် သူ တားလိုက်ရ၏။

“ဟို. . .ကျွန်တော့်ကိုယ်ရေးကိုယ်တာလေးတွေပါ။ အစ်မလေး ဖတ်ကြည့်ရင်လည်း အစ်မလေးအတွက်တော့ ဘာမှ ထူးခြားမှာ မဟုတ်ပါဘူး”

သူမက သူ့မျက်လုံးများကို စေ့စေ့ကြည့်၏။ စိတ်ဆိုးသွားမည်ဟု ထင်ရသော်လည်း စိတ်မဆိုးချေ။ တဖြည်းဖြည်း ပြုံးလာသည်။ အတော်ဆွဲဆောင်မှုရှိသည့် မိန်းကလေးဖြစ်ကြောင်းကိုတော့ သူ့စိတ်ထဲမှာ ကြိတ်ဝန်ခံရလေသည်။

“လန့်မနေပါနဲ့. . . .ရှင် မကြည့်စေချင်လည်း ကျွန်မက

မကြည့်ပါဘူး”

“ဟုတ်. . .ဟုတ်ကဲ့ ကျေးဇူးပါပဲ”

“ဟိုထောင့်က စားပွဲပေါ်မှာ ရှင့်အတွက် အဝတ်အစား တစ်စုံ တင်ထားတယ်. . .လဲလိုက်. . .လောလောဆယ် ဒီမှာ ဒါပဲ ရှိတယ်။ မနက်ဖြန်ကျမှ ထွက်ဝယ်ချေ”

“ဟုတ်ကဲ့. . .”

“နေဦးနဲ့ ကျော်ပင်း လိုက်ပို့ပေးလိမ့်မယ် သိတယ် မဟုတ်လား။ ရှင့်ကို ဆိုင်ထဲက ခေါ်လာခဲ့တဲ့ လူနှစ်ယောက်လေ”

“ဟုတ်ကဲ့. . .”

သိပါသည်။

သူတို့နှစ်ယောက်နှင့် သွားရမည်ဆိုတာကတော့ စိတ်ညစ်စရာ ကောင်းသည့် အချက်ပဲဖြစ်သည်။

သူ့ကို မ,ချီခေါ်ယူလာကြစဉ်မှာလည်း ကြည်ဖြူခြင်း မရှိလှ။ ဤအခန်းထဲသို့ ပို့စဉ်ကပင်လျှင် ဆောင့်ချသွားသဖြင့် သူကျောထဲကပင် အောင့်တက်သွားရသေးသည်။

သို့သော် သူမကိုတော့ ထိုအကြောင်းများ ပြောပြမနေချင်တော့ပါ။ ရှိပါစေတော့။





“ရှင့်ပစ္စည်းတွေကို လိုတာ ယူထားပြီး မလိုတာ လွှင့်ပစ်လိုက်တော့ ကြားလား”

“ဟုတ်ကဲ့”

“တခြား ဘာပစ္စည်းတွေများ ရှင်ကျန်ခဲ့သေးလဲ”

“ဝါးလုံး”

“ဘာ”

သူမက မရှင်းသလို ပြန်မေးသည်။

“ဝါးလုံးလေ ကျွန်တော် ချိုင်းထောက်လုပ်တဲ့ ဝါးလုံးနှစ်ချောင်း လက်ဖက်ရည်ဆိုင်ထဲမှာ ကျန်ခဲ့တယ်”

သူမသည် မျက်နှာတစ်မျိုး ဖြစ်သွား၏။ ပြီး တခစ်ခစ် ရယ်လေသည်။ သူမ ရယ်တာကို ပထမဆုံး စမြင်ဖူးခြင်း ဖြစ်၏။

သူ လိုက်မရယ်မိချေ။ သူမ ဘာကြောင့် ရယ်မှန်းလည်း မသိ။

“အဲဒါဆို ရှင့်ကို ဆိုင်ထဲပေးဝင်ခဲ့တဲ့ စားပွဲထိုးပဲ အလုပ်ရှုပ်ဦးမှာပေါ့။ သူ အဲဒီ ဝါးလုံးနှစ်ချောင်းကိုပဲ ချိုင်းထောက်လုပ်ပြီး ဆော့ပေါ့. . .ခစ်ခစ်. . .”

“သြော်. . .အင်း ကိုသာလှ အလုပ်ရှုပ်မှာပေါ့”

ထိုသို့ ပြောသောအခါ သူမ ပိုရယ်လေသည်။

“အင်း. . .သူ့နာမည်က သာလှလို့ ကျွန်မလည်း ကြားလိုက်တယ်။ သူ ရှင့်ကို အောင့်သက်သက်ဖြစ်သွားတယ်နော်။ သတိထားမိလား”

သူ. . .အံ့ဩသွား၏။ မျက်လုံးအဝိုင်းသားဖြင့် ပြန်မေးလိုက်၏။

“မသိဘူး. . .ဘာဖြစ်လို့လဲ”

“သူလို စားပွဲထိုးကတောင် သာလှလို့ပဲ မှည့်ထားတာ ရှင့်လိုလူက မိုးလတ်လို့ မှည့်ထားတော့ သူ အောင့်သက်သက်ဖြစ်သွားတာပေါ့”

သာလှ အနေရ အထိုင်ရခက်သွားတာတော့ ဖြစ်နိုင်ပါသည်။ သို့သော် ထိုအချက်ကြီးကိုတော့ သိပ်လက်မခံမိချေ။

“အာ. . .အဲဒါတော့ မဆိုင်ပါဘူး အစ်မလေးရယ်။ စားပွဲထိုး မကလို့ ဘာဖြစ်ဖြစ်ပေါ့။ သူ မှည့်ချင်ရင် ရတာပဲ။ နန္ဒကျော်ခေါင်တို့၊ ဝဏ္ဏမြင့်မြတ်တို့ ဘယ်သူက ဘာပြောလို့ရမှာလဲ”

သူမက မျက်လုံးပြူးပြပြီး သူ့ကို ကြည့်၏။ အရယ်ပါဝက်ဖြင့် ပြန်ပြောသည်။





“အံမယ်. . .ရှင်က အလာကြီးပါလား”

သူ ဘာမှပြန်မပြောဘဲ နေလိုက်သည်။ လက်နှစ်ဘက်နောက်ပစ်ရပ်ထားပြီး သူမက ဆက်မေး၏။

“ရှင်က အောက်ပိုင်းသေနေတာဆို”

“ဟုတ်ကဲ့. . .”

သူ့တစ်ကိုယ်လုံးကို ခြေဆုံးခေါင်းဆုံးကြည့်ပြီး ခေါင်းခါသည်။

“မတူပါလား. . .”

“ဗျာ. . .ဘာမတူတာလဲ. . .”

“ကျွန်မ တွေ့ဖူးတဲ့ တချို့ အောက်ပိုင်းသေနေသူတွေက. . .ရှင့်လို မဟုတ်ဘူး။ ရှင်နဲ့ မတူဘူး”

မည်သို့ ကွာမှန်းတော့ သူ သတိမထားမိချေ။ အခြားသော အောက်ပိုင်းသေနေသူများကိုလည်း သူ လိုက်မလေ့လာမိ။ ထို့ကြောင့်. . .

“တခြားလူတွေက ဘယ်လိုမို့လို့လဲ. . .”

“ရှင် မသိဘူးလား. . .”

“ဟင့်အင်း. . .အစ်မလေး ပြောပါဦး”

“ကိုယ်အပေါ်ပိုင်းကြီးပြီး အောက်ပိုင်းသိမ်နေကြတယ်

ရှင့်။ ရှင်ကတော့. . .အဲလိုမဟုတ်ဘူး။ သာမန်အချိုးအစားအတိုင်းပဲ။ ဘာဖြစ်လို့လဲ၊ ရှင်တို့ချင်း ဘာကွာကြတာလဲ”

ခါးသီးစွာ ခံစားရင်း. . .ခေါင်းကို ဖြည်းဖြည်းခါမိသည်။ တိုးသဲ့စွာ ပြန်ဖြေလိုက်သည်။

“အောက်ပိုင်းသေပုံခြင်း မတူကြလို့ နေမှာပေါ့ အစ်မလေးရယ်”

နှစ်ယောက်လုံး စကားမဆက်မိတော့။ ခဏတိတ်ဆိတ်သွားသည်။ တစ်ချိန်လုံး မတ်တပ်ရပ်နေသော သူမက ခုံတစ်လုံးမှာ ဝင်ထိုင်လိုက်သည်။

သူမကိုယ် သူမ မိတ်ဆက်၏။

“ကျွန်မ နာမည်က နွေမွှန် လို့ ခေါ်ပါတယ်”

“ဟုတ်ကဲ့. . .”

“ပန်းချီဆွဲတယ်၊ ပန်းချီဆရာမ ဆိုပါစို့”

“ဩော်. . .”

သူ. . .တကယ် အံ့သြသွားရသည်။ သူမက အနုပညာသမားပေကိုး။ ဒါကြောင့်မို့လည်း နွေးထွေးသိမ်မွေ့သော ှ သားရှိတာ ဖြစ်မည်။

လေးစားသလိုလည်း ဖြစ်သွားမိသည်။





“ရှင်နဲ့ တွေ့ရမယ့် ဦးရည်မွန်က ကျွန်မရဲ့ အဖေ”

“ဟုတ်ကဲ့. . .ကျွန်တော် မှန်းမိပါတယ်. . .”

“ဖေဖေက အခု ဒီမှာ မရှိဘူး။ ကျန်းမာရေး မကောင်းလို့ သန်လျင်က အိမ်တစ်လုံးမှာ သွားပြီး ဆေးကုခံနေတယ်”

“ဟင်. . .ဟုတ်လား. . .”

မကျန်းမာသူများကို သူက ကိုယ်ချင်းစာစိတ် ကြီးပါသည်။ သူ့လို ဒုက္ခိတ မဖြစ်ပါစေနှင့်ဟုသာ ရင်ထဲမှ ဆုတောင်းနေလိုက်၏။

“ဒါပေမယ့်. . .ရှင်. . ဒီကိုရောက်နေတာ သူသိနေပြီ။ စောစောကပဲ ကျွန်မ ဖုန်းဆက်လိုက်တယ် တစ်နေ့တော့ ရှင်တို့ချင်း တွေ့ကြပေါ့”

“ဟုတ်ကဲ့. . .”

“လောလောဆယ်တော့. . .ရှင့်ကိစ္စအဝဝကို ကျွန်မက တာဝန်ယူထားရတယ်။ ကျွန်မ အဖေက ကျွန်မတစ်ယောက်တည်းကိုပဲ မွေးထားတာ။ သမီးလည်း ကျွန်မပဲ၊ သားလည်း ကျွန်မပဲ. . .”

“ဩော်. . .ဟုတ်ကဲ့”

အိမ်မှာ. . .သူမနှင့်အတူ အခြား ဆွေမျိုးသားချင်းများ

လည်း ရှိပုံရသည်။ မစပ်စုလိုသဖြင့် မမေးမိ။ သူ့ကို လာခေါ်စဉ်က. . . ပါလာသော အင်္ကျီအဖြူကောင်မလေးကိုလည်း ဖျပ်ခနဲ သတိရလိုက်မိသည်။

ထိုကောင်မလေးကတော့ နွေမွန်နှင့် သူငယ်ချင်းဖြစ်ပုံရသည်။

"ကဲ. . ."

သူမက ထိုင်ရာမှ ထ၏။

"ကျွန်မ သွားမယ်။ ရှင် ဘာလိုလဲ. . .ရှင့်ကို ဘာလုပ်ပေးခဲ့ရမလဲ"

"မလိုပါဘူး။ အစ်မလေးသွားရင် မီးကိုသာ ပိတ်ပေးသွားပါ"

"အစောကြီး ရှိသေးတယ်။ ရှင် အိပ်တော့မလို့လား"

"မအိပ်သေးပါဘူး။ ဒါပေမယ့် ကျွန်တော်က အမှောင်ထဲမှာပဲ နေနေကျမို့လို့ပါ"

သူ့ကို တစ်ခုခုပြန်မေးမည့်ဟန် ပြုပြီးမှ မမေးတော့ချေ။ သူ၏ ဂျစ်ပဆီဘဝကို သတိပြုမိသွားပုံပေါ်၏။ သက်ပြင်းတစ်ချက် ခိုးချသည်ဟု ထင်ရသည်။ အခန်းဝမှ အထွက်မှာ. . .မီးခလုတ်ကို ပိတ်ရန်ပြင်၏။





မပိတ်သေးဘဲ ပြန်လှည့်ပြီး. . .

"တစ်ခုတော့ ပြောထားရဦးမယ်"

"ဟုတ်ကဲ့. . ."

"ရှင်. . .ကျွန်မကို အစ်မလေး. . .အစ်မလေးနဲ့ မခေါ်ပါနဲ့"

ပြောပြီးသည်နှင့်. . . .မီးခလုတ်ကို ပိတ်ကာ ထွက်သွားသည်။ အခန်းထဲမှာ အမှောင်ကျသွားသည်။ သူတစ်ယောက်တည်း တိတ်ဆိတ်စွာ ထိုင်ရင်း ကျန်ရစ်ခဲ့လေသည်။

✲ ✲ ✲ ✲ ✲

(၅)

"ဟော့လူ. . .ဟော့လူ. . ."

သူ့ကို. . .သွင်သွင်နှိုးနေကြ၏။ နေဦးလည်း ပါသည်။ ကျော်ဝင်းလည်း ပါသည်။

"ဟော့လူ. . .ထထ သေနေတာ မဟုတ်ရင် ထ"

မည်သို့ ဖြစ်သည်မသိ။ နဂိုတည်းက ပြာအက်အက်ပြစ် [illegible]နိုင်သော ကျော်ဝင်း၏အသံက သူ့ကို နှိုးနေရင်း. . .ပို၍

ဆိုးရွားလာသည်။

"အသက်တော့ ရှူနေပါတယ်ကွ"

နေဦး၏အသံ ဖြစ်သည်။

"နား နားကပ်အော်လိုက်ကွာ"

ကျော်ဝင်း၏စကားကို နေဦးကလည်း ထောက်ခံသည်။ သို့သော်. . .ပါးပါးနပ်နပ် ထောက်ခံခြင်းဖြစ်၏။

"အေး. . .ကောင်းသားပဲ. . .အော်လိုက်လေ"

"မင်း. . .အော်လိုက်ပါလား"

"မင်းဘာသာ အော်ပါလား"

ထုံးစံအတိုင်း. . .လူတစ်ယောက်ကို နှိုးဖို့ အရေးမှာပင် သူတို့ချင်း တွက်ကပ်နေကြသေး၏။

ဖျပ်ခနဲ သူထလိုက်သည်။

မျက်လုံးအပွင့်၊ ခါးအမတ်နှင့် သူ့မျက်နှာထားတို့သည် (ကျင့်သားကျနေသောကြောင့်) တစ်ထပ်တည်း ဖြစ်နေသည်။

ဒါကိုပင်. . .သူတို့က လန့်ကြသေးသည်။

"ဗုဒ္ဓေါ"

"အောင်မလေး"

သူက. . .ဘာမှမပြောဘဲ သူတို့ကို တွေတွေကြည့်နေ





လိုက်၏။ သူတို့က သူ့ကို မကျေမချမ်း ဖြစ်သွားကြသည်။

"ခင်ဗျား ဗျာ"

ကိုယ်ပေါ်မှ စောင်ကို ခွာရင်း မေးလိုက်သည်။

"ဘာဖြစ်လို့လဲ"

နေဦးနှင့် ကျော်ဝင်းက. . .တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၏။ ပြီးမှ. . .နေဦးက ပြောသည်။

"ကျုပ်တို့ နှိုးနေတာ ကြာလှပြီ"

"ဟုတ်လား. . ."

"ဘာ. .ဟုတ်လားလဲ ခင်ဗျား တော်တော်နဲ့ကို မနိုးဘူး။ ပြီး. . .အိပ်နေတာလည်း အသေအတိုင်းပဲ"

ဘာမှ ပြန်မပြောဘဲ စောင်ကို ခေါက်နေလိုက်သည်။

ကျော်ဝင်းက. . .

"လူအိပ်နေတာနဲ့ မတူဘူး။ အလောင်းတစ်လောင်း လဲနေတာနဲ့ တူတယ်"

သူက ဘာမှ ပြန်မပြောဘဲ နှုတ်ဆိတ်နေသဖြင့် သူတို့ကပဲ ဆက်ပြော၏။

"ထ. . .ထ မျက်နှာသစ် မြို့ထဲသွားပြီး ကိုယ့်အဝတ်အစား ကိုယ်ဝယ်၊ ကျုပ်တို့ လိုက်ပို့မယ်"

မျက်နှာသစ်သည့်နေရာကို သွားရန် ခက်နေတော့၏။ ချိုင်းထောက်အဖြစ်သုံးသော ဝါးလုံးနှစ်ချောင်းကလည်း မရှိတော့ပြီ။

သူ့အခက်အခဲကို ကျော်ဝင်းနှင့် နေဦးက ရိပ်မိသွားကြပုံ ပေါ်သည်။ ချိုပိုးပြီး ရွှေ့ပေးနေရမည် စိုးသဖြင့် ဟိုလိုလိုသည်လိုလိုလုပ်ပြီး ထွက်သွားကြသည်။

သူ. . .သက်ပြင်းတစ်ချက်ကို ချမိသည်။ ကိုယ့်ဘာသာကိုယ်ပဲ ဘေးဘီနံရံကို အားပြုပြီး တရွေ့ရွေ့ ရွေ့သွားရတော့၏။

ပင်ပန်းခဲယဉ်းလှစွာဖြင့် မျက်နှာသစ်ခြင်း၊ ကိုယ်လက်သန့်စင်ခြင်းအလုပ်တို့ကို ပြီးဆုံးစေရ၏။

သူ့ကို လာခေါ်မည် ဖြစ်ကြောင်း သိနေဖြင့် ထိုင်စောင့်နေလိုက်သည်။ အတော်ကြာသည်အထိ. . .မည်သူမျှ မလာ။ နွေမွန်၏အရိပ်အယောင်ကိုလည်း. . .မတွေ့ရ။ နေဦးနှင့် ကျော်ဝင်းတို့၏ အော်ဟစ်ပြောဆိုသံများကိုသာ ကြားရသည်။

“ကားပြန်ရောက်နေပြီ။ စောမင်းဝေ စောင့်နေတယ်”

“ဒီကောင်ကလည်း မြန်လှချည်လား။ မွန်မွန့်ကိုရော ဘုရားပို့ခဲ့ပြီးပြီလား”





“ပို့ခဲ့ပြီးပြီတဲ့ မွန်မွန်က အိမ်ကို တန်းပြန်ခိုင်းတယ်တဲ့။ ဟိုအရှုပ်ထုတ်အတွက် အဝတ်အစားသွားဝယ်ဖို့လေ”

“ငါတို့လည်း ကိုယ့်ဟာကို မနေရပါလား။ ဘုန်းတော်ကြီးလှုပါတယ်။ ကိုရွှေ မာဒင်္ဂရယ်”

မွန်မွန်ဆိုတာ နွေမွန့်ကို ခေါ်ခြင်း ဖြစ်မည်။ ထိုအတိုင်းဆိုလျှင် နွေမွန်က ဘုရားကို ရောက်နေပြီပေါ့။ မနက်စောစောမှာပင် ထွက်သွားပုံရသည်။ ‘စောမင်းဝေ’ ဆိုတာကတော့ ဒရိုင်ဘာ ဖြစ်နိုင်သည်။

စောမင်းဝေပါ ရောက်နေသဖြင့် အတန်ငယ်တော့ စိတ်သက်သာရာ ရမိ၏။ စောမင်းဝေက သဘောကောင်းပုံ ရသည်။ စိတ်ရှည်သူတစ်ယောက် ဖြစ်သည်။

ထိုအချိန်မှာပင် စောမင်းဝေ အိမ်ထဲဝင်လာသည်။ မနေ့က တွေ့သည့်အတိုင်းပင် သူ့မျက်နှာက ပြုံးနေသည်။ အမြဲတမ်းပြုံးနေသူ ဖြစ်နိုင်သည်။

သူ့ကို တွေ့တွေ့ချင်း ရယ်ပြသည်။

“ဘယ်လိုလဲ. . .ဆရာသမား နိုးနေပြီလား”

“ဟုတ်ကဲ့. . .”

“မောနင်းဗျာ. . .မောနင်း”

ထိုသို့ပြောပြီး အိမ်ခန်းထဲ ဆက်ဝင်သွားသည်။

"ဟေ့ကောင်တွေ လုပ်ကြလေကွာ၊ ဘာတွေ ဟန်ရေးပြနေတာလဲ၊ မြို့ထဲတစ်ခါထွက်ဖို့အရေး ဆံပင်ကို တစ်ချောင်းချင်း ဖီးနေကြတာလား"

"လုပ်နေတာပဲဟေ့. . ."

"ဖြည်းဖြည်းပေါ့ကွာ။ မင်းက ဘာကိစ္စ ဆန္ဒတွေ စောနေရတာလဲ"

"ဘာမှ ဆန္ဒမစောဘူး။ ငါက ကားကို ဆီသွားထည့်ရဦးမယ်။ ဟိုမှာ ကိုယ်တစ်ပိုင်းမသန်တဲ့လူကတောင် ပြီးနေပြီ။ မင်းတို့က မပြီးသေးဘူးဆိုတော့ မလွန်လွန်းဘူးလား"

ဘာမှ ပြန်မပြောကြ။ စောမင်းဝေက အော်ကျယ်အော်ကျယ်လုပ်ရင်း ပြန်ထွက်လာသည်။

"အရမ်းကြီး ရှုံးထုတ်တော့ မင်းတို့က ဘာထူးမှာမို့လို့လဲ။ ဒရဝမ်ကြီး ဦးနေဦးကြွပါ. . .ကြွပါ၊ မာလီကြီး ဦးကျော်ဝင်းထိုင်ပါ. . .ထိုင်ပါလို့ ဘယ်သူကမှ ပျာပျာသလဲ မကြိုဘူး"

သူ့ရှေ့မှ ဖြတ်အလျှောက်မှာ. . .သတိတရ လှည့်ပြောသည်။

"သြော်. . .ဟေ့လူ. . ."





"ဟုတ်ကဲ့. . ."

"ခင်ဗျားနာမည် ဘယ်သူ. . ."

"မိုးလတ်ပါ"

"မိုးလတ်. .ဟုတ်လား၊ ကဗျာဆရာနာမည်ပဲဗျ။ မြတ်မိုးလတ်ဆိုတဲ့ ကဗျာဆရာ ရှိတယ်။ မျက်မှန်ကလေးနဲ့"

"ဟုတ်ကဲ့. . ."

"အဲ. . .ထားပါတော့ မွန်မွန်က ခင်ဗျားကို မှာလိုက်တယ်"

"သြော်. . .ဟုတ်ကဲ့ ဘာများ မှာလိုက်လဲ"

"မနေ့က. . .တစ်ခါတည်း မှာဖို့ သူမေ့သွားတယ်တဲ့။ မနက်ကမှ သတိရလို့တဲ့"

"ဟုတ်ကဲ့. . ."

ဘာများပါလိမ့်။

"အဝတ်အစားတွေ ဝယ်ရင်း ဆံပင်ပါ ဝင်ညှပ်ခဲ့တဲ့။ ခင်ဗျား မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးတွေလည်း ရိတ်ပစ်လိုက်တဲ့"

"ဟုတ်. . .ဟုတ်ကဲ့. . ."

"နောက်ပြီး ခင်ဗျားမှာ သွားပွတ်တံ၊ သွားတိုက်ဆေး

တို့လည်း ပါမလာဘူးတဲ့။ အဲဒါ ကျွန်တော်က ဝင်ဝယ်ပေးရမယ်။ ကျွန်တော် မေ့နေရင် ခင်ဗျားကလည်း သတိပေးလိုက်ဟုတ်လား”

“ဟုတ်ကဲ့”

စောမင်းဝေ၏ စကားကို ခေါင်းညိတ်ပြရင်း လက်ထဲမှ ပိုက်ဆံအနွမ်းလေးများကိုလည်း ပြန်ရေနေမိသည်။ စိတ်ညစ်ရတော့မည် ထင်သည်။ ကိုယ့်မှာရှိတဲ့ ပိုက်ဆံလေးကဖြင့်. . .။

စောမင်းဝေက. . .။

“အောင်မယ်. . .အဲဒါ ဘယ်က ပိုက်ဆံတွေလဲ၊ ခင်ဗျားပိုက်ဆံတွေလား”

“ဟုတ်ကဲ့. . .ကျွန်တော် စုထားတာ”

“တယ်ဟုတ်ပါလား၊ ဘယ်လောက်ရှိတုန်း”

“သုံးရာ့နှစ်ကျပ်”

“အင်း. . .ခင်ဗျားပိုက်ဆံကလည်း (၃၀၂)ဆိုတော့ လူသတ်ပုဒ်မကြီးပဲ။ နေပါဦး ဘာဖြစ်လို့ ထုတ်ရေနေတာလဲ”

“အဝတ်အစားဝယ်ဖို့၊ ပြီးတော့. . .ဆံပင်ညှပ်ဖို့လေ”

“အောင်မယ်. . .ဒီပိုက်ဆံနဲ့ ဘောင်းဘီတို တစ်ထည်တောင် မရဘူး။ ခင်ဗျားအတွက် မွန်မွန်က ပိုက်ဆံထုတ်ပေး





သွားတယ်”

“ဪ. . .ဟုတ်. . .ဟုတ်ကဲ့”

ပြောရင်း. . . .လက်ထဲမှ ပိုက်ဆံအနွမ်းလေးများကို စောမင်းဝေဆီ ထိုးပေးလိုက်၏။

“ဒါလေးတွေ”

“အင်း. . .ဘာလုပ်ရမှာလဲ”

“မနွေမွန်ကို ပေး ပေးပါ”

သူ လန့်သွားသည်။ စောမင်းဝေ ထရယ်သောကြောင့် ဖြစ်၏။

“ဒီပိုက်ဆံစုတ်တွေကို မွန်မွန်က ဘာလုပ်မှာတုန်း၊ အေးအေးနေလိုက်ပါ ကိုယ့်လူရယ်၊ ကိုယ့်ဘာသာကိုယ် သိမ်းထားစမ်းပါ”

နေဦးနှင့် ကျော်ဝင်း အိမ်ရှေ့ထွက်လာကြသည်။ သူတို့ နှစ်ယောက်နှင့်စာလျှင် စောမင်းဝေက အာဏာရှိပုံ ရသည်။

“ကဲ. . .သူ့ကို တစ်ယောက်တစ်ဖက် တွဲခေါ် လာခဲ့ကြ။ ကျုပ် ကားစက်နှိုးထားလိုက်မယ်”

ပြောပြောဆိုဆို ခြံဝထွက်သွားသည်။ နေဦးနှင့် ကျော်ဝင်းက သူ့ကို မတွဲချင် တွဲချင်နှင့် တွဲကြ၏။

ကားပေါ်ရောက်ရောက်ချင်း စောမင်းဝေက ကားကို မောင်းထွက်သည်။

မြို့ထဲ စတိုးဆိုင်တစ်ဆိုင်ရှေ့မှာ ရပ်ပေး၏။ ကားပေါ်မှ သူ ဆင်းရခက်နေသည်ကို ကြည့်ပြီး. . .

"အင်း. . .အရင်ဆုံး ချိုင်းထောက်ဝယ်ရမှာပဲ"

နာကျင် ပျော်မြူးစွာဖြင့် စောမင်းဝေကို သူလှည့်ကြည့်လိုက်မိ၏။ သူ့အတွက် အလိုအပ်ဆုံး အရာနှင့် အကြားချင်ဆုံး စကား ဖြစ်လေသည်။

စောမင်းဝေကလည်း သူ့အကြည့်ကို နားလည်သွား၏။ သူ့ကို သနားသွားပုံလည်း ပေါ်သည်။

"မဆင်းနဲ့ဦး. . .မဆင်းနဲ့ဦး ချိုင်းထောက်ရမယ့်ဆီ အရင်သွားမယ်"

"ဟော့ကောင်. . ."

နေဦးနှင့် ကျော်ဝင်းက တားသလို. . .လှမ်းပြော၏။ ပိုက်ဆံအကုန်အကျ အရမ်းများနေလိမ့် ဟူသော သဘော။

သို့သော်. .စောမင်းဝေ ဂရုမစိုက်ချေ။ ချိုင်းထောက်များ လုပ်ရောင်းရာ ဆိုင်တစ်ဆိုင်ရှေ့တွင်ရပ်ပြီး သူ့ကို စိတ်တိုင်း ရွေးချယ်စေကာ ချိုင်းထောက်တစ်စုံ ဝယ်ပေး၏။





ပြီး. . .စောစောက စတိုးဆိုင်ဆီ ပြန်မောင်းကာ သင့်တော်သော အဝတ်အစားသုံးစုံကို ဝယ်ပေးသည်။

ဆံပင်ညှပ်ဆိုင်တစ်ဆိုင်ဆီခေါ်သွားပြီး မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးတို့ကို ရိတ်စေရုံမက ခေါင်းပါ လျှော်ခိုင်းလိုက်သည်။

စုတ်ပြတ် ညစ်ထေးသော သူ့အနေအထားကြောင့် ဆံသသမားက လိုလိုချင်ချင် မရှိလှ။ ပုံမှန်ထက် ပိုက်ဆံပိုပေးပြီး ညှပ်ခိုင်းရခြင်း ဖြစ်၏။

တစ်ကိုယ်လုံး ရှင်းလင်းပေါ့ပါးသွားသလိုတော့ ခံစားရသည်။ ပြောင်ချော်ချော်ကြီး ဖြစ်နေသည်ဟုလည်း ခံစားရသေး၏။ အိမ်ပြန်ရန် ကားစက်နှိုးပြီးချိန်မှာ စောမင်းဝေက နောက်ဆုံးစကားကို ဆက်မေး၏။

"ကဲ. . .ပြန်တော့မယ်၊ ခင်ဗျား ဘာလိုချင်သေးလဲ"

လမ်းဘေးမှ စာအုပ်အဟောင်းဆိုင်လေးကို လှမ်းကြည့်ပြီး. . .

“သင်္ချာစာအုပ်တစ်အုပ်လောက် လိုချင်တယ်”

ကျော်ဝင်းက. . .

“ဒီမှာ ကျုပ်သားအတွက် ဝယ်ထားတာ တစ်အုပ်ပိုနေတယ်. . .ခင်ဗျားလိုချင်ရင် ပြန်ရောင်းမယ်”

ပထမတန်း သင်္ချာဖတ်စာအုပ်တစ်အုပ်ကို ထုတ်ပြ၏။ သူက ဘာမှ ပြန်မပြောဘဲ ကိုယ့်ဘာသာ လမ်းဘေးအဟောင်းဆိုင်ဆီသွားကာ. . .

**"Mathematics of Design and Analysis of Experiment"** အမည်ရှိ အင်္ဂလိပ်စာအုပ်လေး တစ်အုပ်ကို ဝင်ဝယ်လိုက်၏။ စောမင်းဝေ၏ မျက်လုံးထဲမှာ ထူးခြားသော အရိပ်အယောင်တို့ ဖြတ်ပြေးသွားသည်။ နေဦးနှင့်ကျော်ဝင်းက သူ့ကို တစ်လမ်းလုံး ချီးကျူးလာကြ၏။

“ကြီးကြီးကျယ်ကျယ်ကွာ ဒါကြောင့်မို့ ဒုက္ခတဖြစ်နေတာ”

❊ ❊ ❊ ❊ ❊





(၆)

ထိုညက အိပ်မက် မက်သည်။

အိပ်မက်က နီးတော့ တစ်ကိုယ်လုံးမှာ ချွေးစေးတွေ။

ပြီးတော့. . .မျက်လုံးမှာ မျက်ရည်တွေ။

မမေ့။

ဘယ်တော့မှ မမေ့။ နှစ်ကာလတို့ ကြာသည့်တိုင်. . .

ဘယ်တော့မှမမေ့။

မျက်လုံးအစုံကို တင်းတင်းပြန်မှိတ်ပစ်လိုက်သည်။

နိုးထနေပြီဖြစ်သည့်တိုင် အာရုံထဲမှာ အိပ်မက်ပမာ

ပြန်မြင်ဆဲ. . .။

လှေခါးပေါ်မှ သူ ပြုတ်ကျလာသည်။

လှေခါး၏ အထစ်များက ကြောက်မက်ဖွယ်ရာ


ချွန်ထက်သော လွှသွားကြီးများ ပမာ. . .

သူ့ဘဝကို လှီးဖြတ်သွား၏. . .။





"မေမေ"




(. . . . . . . .)

အင်္ဂါစုံလင်၍

ကျန်းမာစင်ကြယ်သော ကလေးသူငယ်တစ်ယောက် . . .

ဒုက္ခိတဘဝသို့ . . . .

တိုးယိုပေါက်ရောက်ခဲ့ရခြင်း။





မမေ့။

ဘယ်တော့မှမမေ့။ နှစ်ကာလတို့ကြာသည့်တိုင်

ဘယ်တော့မှမမေ့။

မျက်စိအစုံကို တင်းတင်းပြန်မှိတ်ပစ်လိုက်၏။

အာရုံထဲမှာ သူ့ခြေထောက်တို့သည်

အကောင်းပကတိ ပြန်လည်သန်စွမ်းနေသည်။

သူ ဒုက္ခိတဘဝမှာ ကိုင်တွယ်ခဲ့ရသော ချိုင်းထောက်နှင့်

ထိုလှေခါးကြီးများကို

“ဖြောင်း”ခနဲ ရိုက်ချိုးပစ်လိုက်သည်။

ပြီး. . .မျက်လုံးအစုံကို ပြန်ဖွင့်ကာ

အံကို တင်းတင်းကြိတ်ထားလိုက်၏. . . .





**အချို့လူများသည် ချိန်ခွင်၏လက်များနှင့် တူ၏။**

**သူတို့သည် အထက်နှင့်အောက်ကို**

**အပြောင်းအလဲမြန်ကြသည်။**

**ငါသည်ကား သူတို့ကဲ့သို့ မကျင့်။**

**ခိုင်ကြည်စွာ ရပ်တည်မည်။**

အချို့လူများသည် အလွန် စကားများကြ၏။

စကားများသော ကြက်တူရွေးကို

လှောင်အိမ်ထဲမှာ ငါ မြင်ဖူးသည်။

စကားမပြောသော ကြက်တူရွေးတို့ကား

လွတ်လပ်ကြကုန်၏။

ငါသည်လည်း. . . .

ထိုသို့ပင် တိတ်ဆိတ်စွာ ပျံသန်းသွားမည်။





တောအုပ်ကို မီးရှို့လိုက 'လေ'၏အကူအညီလိုသည်။

အချို့လူများသည်

မိတ်ဆွေကောင်းကို တန်ဖိုး မထားတတ်ကြ။

ငါသည်ကား. . . .တန်ဖိုးထားမည်။

မိတ်ဆွေကောင်းကို လေးမြတ်စွာ ဆက်ဆံမည်။

အချို့လူများသည်

ရေမျက်နှာပြင်ပေါ်မှာ ထကြွသည့် လှိုင်းနှင့်တူသည်။

လျှပ်ပေါ်လော်လည်ကြ၏။

ငါသည်ကား သူတို့ကဲ့သို့ မကျင့်။

ကျောက်စာတစ်ချပ်ပေါ်တွင် ထွင်းထားသည့်

အက္ခရာ တစ်လုံးကဲ့သို့ ကျင့်မည်။

ငါ့လုပ်ရပ်ကို ခိုင်မာစေမည်။





အချို့လူများသည်

ညစ်ပေသောရေထဲမှာ

အကျိုးကို လျှော်ဖွပ်ကြ၏။

ငါကား. . . ထိုသို့မကျင့်။

ငါ့ကိုယ်ငါ စင်ကြယ်မှုဖြင့် လျှော်ဖွပ်မည်။

အချို့လူများသည်

ဂွမ်းစကလေးကို သယ်ရွှေ့ရန်

ဝန်လေးပျင်းရိနေတတ်ကြ၏။

ငါကား..

တောင်တန်းကြီးများကို မ ရွှေ့ရသည့်တိုင်

ညည်းညူခြင်းကို မပြု။





"ဤမှန်သော သစ္စာစကားတို့ကြောင့်...

ငါ၏ခြေထောက်တို့သည်...

အကောင်းပကတိ

ပြန်ဖြစ်ရပါစေသား..."

✲ ✲ ✲ ✲ ✲

## (၇)

"ကလင်. . .ကလင်. . .ကလင်. . ."

ဖုန်းမြည်နေ၏။ မကြားကြဖူး ထင်သည်။ မည်သူမျှ မကိုင်ကြ။

"ကလင်. . .ကလင်. . .ကလင်. . ."

ဖုန်းသံက တရစပ် မြည်နေ၏။ တစ်ယောက်ယောက် ကောက်ကိုင်လိုက်ပြီ ထင်သည်။ ဖုန်းသံက မြည်ရင်းတန်းလန်း

ရပ်သွား၏။

“ဟဲလို. . .”

နွေမွန်ကိုယ်တိုင် ဖုန်းထ ကိုင်ခြင်းဖြစ်သည်။ သို့သော် ချက်ချင်းဆိုသလိုပင် ဖုန်းခွက်ပြန်ချသံကို ကြားလိုက်ရသည်။

ဖုန်းသံကလည်း ပြန်မြည်လာပြန်သည်။ အူယားဖားယားဖြင့် နေဦး ရောက်လာပုံပေါ်သည်။

“မွန်မွန် ဖုန်းမကိုင်ဘူးလား”

နွေမွန့်အသံက ခပ်ပြတ်ပြတ်ထွက်လာသည်။

“မကိုင်ဘူး. . .ရှင်လည်း ကိုင်မနေနဲ့၊ ပလပ်ကို ဖြုတ်ထားလိုက်”

“ကိုကောင်းမြတ်ဆီက လာတဲ့ ဖုန်းလား”

နွေမွန် တုံ့ပြန်သံက မာသည်။ ရှည်ရှည်ဝေးဝေး ဖြေရှင်းမနေချေ။

“ပလပ် ဖြုတ်ထားလိုက်”

ဖုန်းမြည်သံ ရပ်သွား၏။ နွေမွန် လမ်းလျှောက်လာသော ခြေသံကို ကြားရသည်။ မြို့ထဲမှ ပြန်ရောက်လာကတည်းက နွေမွန့်ကို သူ မတွေ့ရသေး။

နွေမွန့်ခြေသံက သူ့အခန်းရှေ့မှာ ရပ်သည်။ အခန်း





အပြင်မှ အသံပြုသည်။

“ကိုမိုးလတ်. . .”

“ဟုတ်ကဲ့ ရှိပါတယ်”

တံခါးတွန်းဖွင့်ပြီး နွေမွန်ဝင်လာသည်။ သူ့ကို မြင်တော့ မျက်လုံးတွေ မြင့်တက်သွားသည်။

“ဟောတော့. . .”

ပြီး. . .ဧည့်ခန်းမှာ ရှိနေသေးပုံရသော နေဦးကို လှည့်ပြောသည်။

“အခု. . .ဒီအခန်းထဲက လူက တို့သွားခေါ်လာတဲ့ ကိုမိုးလတ် မဟုတ်လား”

နေဦး၏ ငေါ့တော့တော့ ဖြေသံကိုလည်း ကြားရသည်။

“ဟုတ်ပါ့. . .ဟုတ်ပါ့ ဆံပင်တွေ၊ မုတ်ဆိတ်တွေရိတ်ပြီး အဝတ်အစားလဲထားတာ”

နွေမွန်၏မျက်နှာက သူ့ဘက်သို့ ပြန်လှည့်လာသည်။ ရယ်ကျဲကျဲဖြစ်နေသည်။

“လက်စသတ်တော့ ရှင်က ဒီလိုကိုး”

“ဗျာ. . .”

ကြောင်အမ်းအမ်းဖြစ်သွားသော သူ့ကို ကြည့်ပြီး နွေမွန်

က ရယ်၏။

"ကျွန်မ. . .မှတ်တောင် မမှတ်မိဘူး"

"ဟုတ်ကဲ့. . ."

"ဘာ. . .ဟုတ်ကဲ့လဲ"

"အဲ. . ."

သူ. . .အဖြေရ ကြပ်နေလေသည်။ အပြုံးမျက်နှာဖြင့် သူ့ကို စေ့စေ့ကြည့်နေသော နွေမွန်ကြောင့်လည်း အနေရ အထိုင်ရ ခက်နေသည်။

ဘာပြန်ပြောရမှန်း မသိသဖြင့် နွေမွန်ကိုပင် ပြန်ငေး ကြည့်နေလိုက်သည်။

နွေမွန်က ဒီနေ့တစ်မျိုးလှနေ၏။

စတူဒီယိုအခန်းထဲမှာ ပန်းချီဆွဲနေရင်းက ထွက်လာပုံ ရသည်။ ပန်းချီဆရာများ ပန်းချီဆွဲလျှင် ဝတ်လေ့ရှိသည့် ဝတ်ရုံ ဖြူကြီးနှင့် ဖြစ်သည်။ ဆေးတွေကလည်း ဟိုတစ်ကွက်၊ ဒီတစ် ကွက် စွန်းထင်းလျက်။

ဘာပဲဖြစ်ဖြစ်. . .လှတာကတော့ လှသည်။ ဖားလျားကျ နေသော ဆံနွယ်မျှင်များနှင့်အတူ သူမ ကပိုကရို လှနေလေ သည်။





"ခုလိုကျတော့လည်း ရှင်က ကြည့်ကောင်းသားပဲ"

"ဟုတ်မှာပေါ့. . .အခုမှ လူနဲ့တူသွားမှာပေါ့"

"ဟင့်အင်း. . .ကျွန်မ အဲလို မဆိုလိုဘူးနော်. . . ကျွန်မက ရှင် ပုံပြောင်းသွားတာကို. . .သဘောကျလို့ နောက်တာပါ"

သူ ခပ်တိုးတိုးရယ်နေလိုက်သည်။

"ကျွန်မ အံ့သြနေတာ။ ရှင်က ရုပ်သန့်ပါတယ်။ ဒီရုပ် ဒီရည်နဲ့ ဒီလိုဖြစ်သွားရတာ အံ့သြစရာပဲ"

ခေါင်းငုံ့ထားလိုက်၏။ ငုံ့ထားသော ခေါင်းကိုလည်း ဘယ်ပြန်ညာပြန် ခါနေမိသည်။ သူမက အခန်းထဲသို့ လျှောက် ဝင်လာကာ မေးသည်။

"ဘာ ခေါင်းခါတာလဲ"

"ဘာမှ မဟုတ်ပါဘူး။ ကျွန်တော်နဲ့ခင်တဲ့ ဂျစ်ပဆီကြီး ဦးသော်တာကလည်း စကားတစ်ခွန်း ပြောဖူးတယ်"

သူတို့ချင်းပြောသောစကားကို သူမ စိတ်ဝင်စားပုံရလေ သည်။

"အဟင်း. . .ဆိုစမ်းပါဦး။ သူက ဘာပြောသလဲ"

"သူကလည်း. . .မနွေမွန် ပြောသလိုပါပဲ။ ကျွန်တော့်

ရုပ်ရည်က ဒီလိုဖြစ်မယ့် ရုပ်ရည်မျိုးမဟုတ်ဘူးတဲ့။ ဒါပေမယ့် ခက်တာက ရုပ်ရည်က ဘာမှ လုပ်လို့ မရဘူးတဲ့”

သူမ၏ မျက်ခုံးတို့ အဘွန့်ချီးသွားသည်။

“သူ့ အကြောင်းပြချက်က ဘာတဲ့လဲ”

* “သူက ပုံပြင်လေးတစ်ပုဒ်ပြောပြတယ်လေ”

“အင်း. . .ပြောပါဦး”

“တစ်နေ့မှာ ခွေးတစ်ကောင်က မျက်နှာဖုံးတစ်ခုကို ရလာတယ်တဲ့။ လူရှင်းတဲ့နေရာမှာ အဲဒီမျက်နှာဖုံးကို သေသေချာချာကြည့်ပြီး ခွေးက သုံးသပ်ချက်ထုတ်တယ်တဲ့”

သူမ ပြုံးပြန်သည်။ စိတ်ဝင်စားပုံရသည်။

“လှတော့. . .တော်တော်လှတဲ့ မျက်နှာပဲ၊ ဒါပေမယ့် နောက်မှာ ခေါင်းမပါလာဘူး။ အလကားပဲတဲ့။ ခွေးက အဲဒီ မျက်နှာဖုံးကို ပစ်ချပြီး သူ့လမ်း သူဆက်သွားတော့တယ်တဲ့”

ပုံပြင်အဆုံးမှာ ဆံပင်တွေကို ငဲ့ခါရင်း သူမ ရယ်သည်။

“အဲဒါလည်း ဟုတ်တော့ ဟုတ်တာပဲ။ ရှင့်ကိစ္စနဲ့တော့ ထပ်တူ မကျဘူးထင်တယ်။ ရှင်က မျက်နှာဖုံးမှ မဟုတ်တာ။ ရှင်က မျက်နှာနောက်မှာ ခေါင်းရှိတဲ့လူပဲ”

အံတင်းတင်းကြိတ်ပြီး ခေါင်းညိတ်ပြလိုက်သည်။





“ဟုတ်တယ် အဲဒါကြောင့် ကျွန်တော် ဒီဘဝက ပြန်လွတ်မြောက်အောင် ကြိုးစားနေတာပေါ့” *

သူမက ခေါင်းငုံ့ပြီး သက်ပြင်းချ၏။ သူကလည်း ဘာမှ ဆက်မပြောမိ။ အခန်းထဲမှာ ခဏတိတ်ဆိတ်သွားသည်။

အတန်ကြာမှ. . .

“ရှင့်ကြိုးစားမှု အောင်မြင်မှာပါ။ အခုတောင် အောင်မြင်နေပြီပဲ။ ဖေဖေက ရှင့်ကို ကူညီမှာပါ၊ ဘာမှ မပူနဲ့”

“ဟုတ်ကဲ့. . . ကျေးဇူးပါပဲဗျာ”

“ဒီဘဝက လွတ်ချင်တာ ဘာဖြစ်လို့လဲ။ အနေအစားဆင်းရဲတာ တစ်ခုတည်းကြောင့်လား”

“အဲလိုကြောင့်. . .သက်သက်တော့လည်း ဘယ်ဟုတ်မလဲ မနွေမွန်ရယ်၊ ဆင်းရဲတာကို ကျွန်တော် ခံနိုင်ပါတယ်။ ခုန ပုံပြင်ထဲက အတိုင်းပေါ့။ မျက်နှာရှိတဲ့လူက ဦးခေါင်းလိုမယ်၊ ဦးခေါင်းရှိတဲ့လူက ဦးနှောက်လိုမယ်။ ဦးနှောက်ရှိတဲ့လူက. . .အခွင့်အရေးလိုမယ် လိုအပ်တာတွေက အများကြီးပေါ့။ ကျွန်တော်နဲ့ လောကကြီး ကင်းကွာနေရတာတွေကို ပြန်စေ့စပ်ယူချင်လို့ပါ”

ဒီတစ်ခါ နွေမွန် သူ့ကို စိုက်ကြည့်နေသည်က အတော်

ကြာ၏။

“တစ်နေ့ကျမှ. . .ရှင်နဲ့ ကျွန်မ အေးအေးဆေးဆေး စကားပြောဦးမယ်”

“ဟုတ်ကဲ့”

“နှင်းဆီဦးနဲ့လည်း ရှင်နဲ့တွေ့ပေးရဦးမယ်။ ခုပုံအတိုင်း ဆိုရင် သူ ရှင့်ကို ခင်မှာပဲ”

“ဗျာ. . . နှင်းဆီဦး”

“ရှင့်ကို လာခေါ်တုန်းက လက်ဖက်ရည်ဆိုင်အထိ ပါ လာတဲ့ ကျွန်မသူငယ်ချင်းလေ”

“သြော် . . . ဟုတ်ကဲ့”

“သူကလည်း ကျွန်မလိုပဲ ပန်းချီဆရာမ”

“သြော်. . . အင်း. . .ကောင်းတာပေါ့”

“အခု သူ့အထင် မှန်နေတယ်ရှင့်”

သူမ၏ စကားကို သူနားမလည်ချေ။

“သူက. . .ရှင့်ကို စတွေ့ကတည်းက ပြောတယ်။ ရှင့်မှာ ထူးခြားမှု ရှိတယ်တဲ့”

“အာ. . .”

“မအာနဲ့ သူပြောတဲ့စကားလေးက သိပ်ကောင်းတယ်





နွေမွှန် မျက်လုံးတွေ အရောင်တောက်နေတာကို သူ သတိထားမိ၏။ လက်ညှိုးကလေးထောင်ပြီး ပြောသည်။

“ရှင်ဟာ သိပ်သည်းမှုရှိတဲ့ လူတစ်ယောက်တဲ့။ ရှင့်ရဲ့ သိပ်သည်းမှု အတိုင်းအဆကိုတော့ အချိန်ယူ လေ့လာမှပဲ မှန်းနိုင်မယ်တဲ့”

ထိုစကားအဆုံးမှာ သူမ လှည့်ထွက်သွားသည်။ တွေငိုင်လျက် သူကျန်ရစ်ခဲ့၏။

❊ ❊ ❊ ❊ ❊

(၈)

နောက်နေ့ မနက်မှာပဲ သူ့ကို ကားနှင့်တင်ကာ နှင်းဆီဦးတို့အိမ် ခေါ်သွား၏။ မြို့ထဲ တိုက်ခန်းတစ်ခန်း ဖြစ်သည်။ နှင်းဆီဦးတို့က တတိယထပ်မှာနေသည်။ ထို့ကြောင့်. . .သူ မတက်ချေ။

"ရှင် ကားပေါ်မှာပဲ ထိုင်နေ၊ ကျွန်မတို့ သွားစရာတွေ အများကြီး ရှိသေးတယ်။ ကားနဲ့ လျှောက်လှည့်ရမှာ"

"မွန်မွန် ဆင်းလာရင် နှင်းဆီဦး ပါလာလိမ့်မယ်၊ ခင်ဗျား ခပ်တည်တည်နေ ကြားလား"

"ဘာဖြစ်လို့လဲ"

"သူ ခင်ဗျားကို မှတ်မိမှာ မဟုတ်ဘူး။ ဇဝေဇဝါဖြစ်နေလိမ့်မယ်၊ ပျော်စရာကြီး ဟီးဟီး"

ခဏအကြာမှာ နွေမွန်နှင့် နှင်းဆီဦး ဆင်းလာကြသည်။ နှင်းဆီဦးက ကျောပိုးအိတ်တစ်လုံးကို လွယ်ထားပြီး. . .ဂျင်းဘောင်းဘီနှင့် ဖြစ်သည်။ ကျော့ကျော့မော့မော့ ရှိလှသည်။

နွေမွန်ကလည်း ကြိုပြောလာပုံ မရ။ ကားနားရောက်မှ နှင်းဆီဦးက သူ့ကို မြင်သည်။ စောမင်းဝေ ပြောသည့်အတိုင်း ပင် ကြုံ၏။ နှင်းဆီဦး ဇဝေဇဝါ ဖြစ်နေလေသည်။

သူက ဘယ်သူလဲဟူသော မျက်နှာ အမူအရာမျိုးဖြင့် နွေမွန်ကို လှည့်ကြည့်သည်။ နွေမွန်ကလည်း ညစ်ပြီး မမြင်ချင်ယောင်ဆောင်ထားသည်။

နွေမွန် ကားပေါ်တက်သဖြင့် နှင်းဆီဦးကလည်း လိုက်တက်သည်။ သူ့ရှေ့တည့်တည့်မှာ ထိုင်ရခြင်း ဖြစ်သည်။

"ကဲ . . . ဖိုးစော မောင်းတော့"

စောမင်းဝေက ကားမောင်းထွက်လိုက်သည်။ မျက်နှာ





ကို အတင်းတည်ထားရင်း ပြုံးစိစိလည်း ဖြစ်နေသည်။

ကားမောင်းထွက်လာပြီး အတော်ကြာမှ. . .

"အား. . ."

နွေမွန့်၏အော်သံ ထွက်လာသည်။ နှင်းဆီဦးက ဆိတ်ဆွဲလိုက်သောကြောင့် ဖြစ်၏

"ဘာလဲဟ. . . နာလိုက်တာ"

"သရဲမ. . .နင် ငါ့ကို မပြောဘူး။ နောက်က လူကြီးက ကိုမိုးလတ် မဟုတ်လား"

နွေမွန်နှင့် စောမင်းဝေတို့ ဝါးခနဲ ရယ်လိုက်ကြသည်။ သူကတော့ ကြောင်စီစီနှင့် ထိုင်နေသည်ပဲ ဖြစ်၏။

"ငါ့မှာ ဘယ်သူများလဲလို့ စဉ်းစားလိုက်ရတာ"

နှင်းဆီဦးက စူပွစူပွ ပြောရင်း သူ့ကိုပါ လှည့်မာန်သည်။

"ကိုမိုးလတ်. . .ရှင်ကလည်း ကျွန်မကို အရူးလုပ်တယ်ပေါ့ ဟုတ်လား"

"မလုပ်ပါဘူး ဘာလုပ်လို့တုန်း"

"ရှင်က ဘာကိစ္စ မပြောရတာတုန်း"

"ဘာကို ပြောရမှာတုန်း"

"ရှင်ဟာ ရှင်ဖြစ်တယ် ဆိုတဲ့အကြောင်းကိုပေါ့"

"ဟောဗျာ"

သူနှင့် နှင်းဆီဦးတို့ ဖြစ်နေပုံကို ကြည့်ပြီး နွေမွန်နှင့် စောမင်းဝေတို့က ရယ်ကြပြန်သည်။

ခဏအကြာမှာ. . .နှင်းဆီဦးလည်း မနေနိုင်တော့။ စူပုပ်ပုပ်မျက်နှာနှင့်ပင် လိုက်ရယ်လေသည်။ ပြီး . . .

"ကဲ. . .မရွှေမွန်"

"ဘာလဲ"

"အခု ဘယ်ကို သွားနေတာလဲ"

"မြို့ပြင်ဘက်ကိုလေ"

"ဘာလဲ. . နင်က ကိုမိုးလတ်ကို ကားတင်ပြေးတာလား၊ ငါတို့ကို အဖော်ခေါ်တာလား"

"အင်း. . . နင့်အထင် နည်းနည်းလေး လွဲသွားတယ်"

"ဘာလွဲတာလဲ"

"တကယ်တော့. . .နင့်ကို စောမင်းဝေက ကားတင်ပြေးတာဟဲ့။ သူ့ရဲ့ နှလုံးသားဝေဒနာကို မကြည့်ရက်လို့ ငါက နင့်ကို ခေါ်ထုတ်ပေးလာတာ။ မြို့ပြင် အစပ်မှာ ငါတို့နေခဲ့မှာ နင်နဲ့ စောမင်းဝေ တောထဲအထိ ဆက်မောင်းသွားကြ"

"အောင်မာ. . . ကဲကဲ"





"အားလားလား. . .နာတယ် ခွေးမရဲ့"

နှစ်ယောက်စလုံးက ပျော်ပျော်နေတတ်သော မိန်းကလေးများဖြစ်ပုံပေါ်သည်။ ခေတ်လူငယ်များပီပီ ပွင့်လင်း ရဲရင့်မှုလည်းရှိကြ၏။

ရှက်နေသည်က စောမင်းဝေဖြစ်၏။

"ဟာဗျာ. . . မွန်မွန်ကလည်း"

"အံမယ်. . . ရှင်က ကျုပ်ကို မယူနိုင်ဘူးပေါ့၊ ဟုတ်လား ကိုစောမင်းဝေ"

ထိုသို့မေးပြီး. . .နှင်းဆီဦးက ရယ်၏။ နွေမွန်ကလည်း လိုက်ရယ်သည်။ စောမင်းဝေက သွားဖြဲလေးနှင့် ပြန်ပြောသည်။

"တော်ကြာ. . .ဒေါက်တာ သန်းထိုက်က ကျွန်တော့်ကို ဆေးထိုးအပ်ကြီး ကိုင်ပြီး လိုက်လိမ့်မယ်"

ဒေါက်တာသန်းထိုက်ဆိုတာ နှင်းဆီဦး၏ 'ပတ်သက်သူ' ဖြစ်နိုင်သည်။ သူတို့၏ အနောက်အပြောင် စကားများကြားမှာ သူလန်းဆန်းလာသလို ခံစားရ၏။

သူ ပြုံးနေမိသည်။

"အဲ . . . ဟိုမှာ. . . ဟိုမှာ"

နှင်းဆီဦးက အလန့်တကြား အော်၏။ နွေမွှန်ကလည်း အလန့်တကြား ပြန်မေးသည်။

"ဘာလဲ. . .ဘာလဲ"

"ဟိုမှာ. . .ကိုမိုးလတ်ကြီး ပြုံးနေတယ်"

နှင်းဆီဦးက နောက်ကြည့်မှန်ထဲကို လက်ညှိုးထိုးပြီး ပြောပြခြင်းဖြစ်၏။ နွေမွှန်ကလည်း ကိုယ်ကို ငုံ့ကိုင်းပြီး ကြည့်သည်။

"ဟယ် . . . ဟုတ်ပါရဲ့။ ကိုမိုးလတ်ကြီး ပြုံးနေတယ် တော့ အပြုံးကြီးကလည်း အကြီးကြီးပဲ"

စောမင်းဝေကလည်း. . .အေးအေးဆေးဆေး ကား မမောင်းချေ။

"ဘယ်မှာလဲ ဘယ်မှာလဲ"

အလောတကြီး မေးပြီး သူ့ကို လှည့်ကြည့်၏။ သူ့မှာ ဆက်ပြုံးရမလို၊ မျက်နှာပြန်တည်ရမလို၊ ရှုံ့တိုးရှုံ့တန့်ဖြစ်ရ တော့၏။

စောမင်းဝေက အော်ရယ်ကာ . . .

"တော်ပြီ၊ တော်ပြီ သိပ်မနောက်ကြနဲ့တော့၊ သူ့ခမျ- ပြုံးရင်းတန်းလန်းနဲ့ မျက်နှာလေး ငယ်နေပြီ"





ဝါးခနဲ ဝိုင်းရယ်လိုက်ကြပြန်သည်။ နောက်သံ ပြောင် သံများဖြင့် တစ်ကားလုံး ဆူညံနေတော့သည်။

ထိုသို့ဖြင့်ပင် မြို့ပြင်သို့ ရောက်ခဲ့ကြသည်။

လမ်းဘေးတစ်နေရာတွင် ကားကို ရပ်၏။ လူသူ ရှင်း လင်းသည်။ တစ်ဖက်တစ်ချက်တွင် အရိပ်ကောင်းသော သစ် ပင်ကြီးများ ထူထပ်စွာ ပေါက်ရောက်နေ၏။ လေကောင်း လေ သန့်ရသည်။ အေးချမ်းသော နေရာတစ်နေရာဖြစ်၏။

"ကဲ. . . ဆင်းကြရအောင်"

စောမင်းဝေက အရင်ဆုံးဆင်းပြီး ကားကို စစ်ဆေး သည်။ ဘီးကို လေစမ်းနေသည်။

"ကဲ . . . .တို့လည်း ဆင်းကြရအောင်"

နွေမွှန်နှင့် နှင်းဆီဦးတို့လည်း ရှေ့ဆင့်နောက်ဆင့် ဆင်း ကြ၏။ လက်ထဲမှာ ကင်မရာ တစ်ယောက်တစ်လုံး ကိုင်သွား ကြသည်။

နွေမွှန်က သူ့ကိုလည်း လှည့်ပြောသည်။

"ကဲ. . . ကိုမိုးလတ်လည်း ဆင်းလေ"

"ဟင့်အင်း . . . ကျွန်တော် မဆင်းတော့ပါဘူး"

"အောင်မာ "

သူ့ကို မျက်လုံးပြူးဖြင့် ကြည့်ကြ၏။

"ဘာလို့ မဆင်းတာလဲ"

"ကျွန်တော် ကားပေါ်မှာပဲ နေမယ်။ ကားကို စောင့်နေမယ်လေ"

နှစ်ယောက်လုံးက ခါးထောက်ပြီး ကြည့်သည်။ နှင်းဆီဦးက ဟန်ပါပါဖြင့် လက်ဝါးတစ်ဖက်ဆန့်ရမ်းက ပြော၏။

"ဆင်း"

"ဟင်..."

"ဆင်း"

"ဟုတ်...ဟုတ်ကဲ့"

သူဆင်းရလေသည်။ မချောနှစ်ယောက်က ရှေ့မှ ဦးဆောင်ကာ ထွက်သွား၏။ သူကတော့ ချိုင်းထောက်ကို အသုံးပြုကာ ဖြည်းဖြည်းချင်းပဲ နောက်က လိုက်သွားသည်။

"အဆင်ပြေရဲ့လား"

သူ့နံဘေးသို့ စောမင်းဝေ ရောက်လာသည်။

"ဟုတ်ကဲ့...ပြေပါတယ်"

သိချင်တာကိုလည်း မေးလိုက်မိ၏။

"သူတို့က ပန်းချီဆွဲမလို့ လာတာလား"





"ဘယ်လိုဖြေရမှန်းတောင် မသိဘူး"

စောမင်းဝေက ခေါင်းကုတ်သည်။ ပြီး...တတ်စွမ်းသလောက် ရှင်းပြသည်။

"သူတို့က...ခု ကင်းဗတ်စပေါ်မှာ စုတ်တံနဲ့ သိပ်မဆွဲတော့ဘူးတဲ့ဗျ"

"ဟင်...ဒါဖြင့် ဘယ်လိုဆွဲတုန်း၊ ညကပဲ မနွေ့မွန်ပန်းချီ ဆွဲနေတာ ဆေးစက်တွေ ပေကျံလို့"

"အင်း... အဲလိုဆွဲတာနည်းသွားပြီ၊ ခု သူတို့က ကင်းဗတ်စမှ ပုံဆွဲပြတဲ့နည်းမသုံးဘဲ တခြားပစ္စည်းတွေနဲ့ ပုံဆောင်ပြတဲ့ နည်းကိုပဲ အသုံးများတော့တယ်"

သူနားရှုပ်သွားသည်။ သူ နားရှုပ်သွားမှန်းလည်း စောမင်းဝေက ရိပ်မိ၏။ ခပ်သဲ့သဲ့ရယ်လေသည်။

သူက...

"ဘာမှန်းလည်း မသိဘူး"

ထိုကဲ့သို့ ရိုးသားစွာ ပြန်ပြောမှ စောမင်းဝေ၏ ရယ်သံက ပိုကျယ်လောင်သွားတော့၏။

"သူတို့က ပိုစ့်မော်ဒန်နစ်တွေဗျ"

"ဪ..."

သူက ခေါင်းညိတ်လိုက်သဖြင့်

"အဲဒီစကားလုံးကို ခင်ဗျားသိတယ်ပေါ့"

"ဟုတ်ကဲ့"

စောမင်းဝေ မျက်လုံးပြူးသွားသည်။

"ခင်ဗျားက ဘယ်လိုလုပ် သိလဲ"

"ဟိုတစ်နေ့က မနွေမွန် ဗီဒီယိုအခွေတစ်ခွေ ဖွင့်ထားတာ ကျွန်တော့်အခန်းကနေ အသံ ကြားနေရတယ်။ အဲဒီပိုစ်မော်ဒန်နစ်တွေရဲ့ ပန်းချီအကြောင်းကို ရှင်းပြတဲ့အခွေပဲ။ ခုနက ကိုစောမင်းဝေ ပြောတုံးက ကျွန်တော် ကြောင်တောင်တောင် ဖြစ်နေတယ်။ ခုမှ ပြန်မှတ်မိတယ်"

"ရော်. . ."

စောမင်းဝေ၏ မျက်လုံးက စောစောကထက် ပိုပြူးသွားသည်။

"ခင်ဗျားနားလည်တယ် ဟုတ်လား"

"နည်းနည်းပါးပါးတော့ နားလည်တယ်"

"အင်း. . . ခင်ဗျားကလည်း ခေသူမဟုတ်ပဲကိုး"

သူနေခဲ့ဖူးသည့်. . .ဂျစ်ပစီ အစုလေးတစ်ခုအတွင်းမှာ တတ်ခဲ ရေဒီယိုတစ်လုံး ရှိခဲ့ဖူးလေသည်။ ထိုရေဒီယိုလေးနှင့် မြန်မာပိုင်း၊ အင်္ဂလိပ်ပိုင်း အစီအစဉ်များကို နားထောင်ပြီး သူက ကျန်သူများကို ရှင်းပြခဲ့ဖူး၏။

ဟိုတစ်နေ့က နွေမွန် ဖွင့်ထားသော ဗီဒီယိုအခွေမှလည်း **Conceptual Art, Documental Art, Narrative Art, Performing Art, Earth Art, Space Art,** စသော စကားလုံးများကို တွင်တွင်ကြားနေရသည်။

အသံက တိုးလိုက် ကျယ်လိုက်၊ နီးလိုက် ဝေးလိုက် ဖြစ်နေသဖြင့် သူ့အတွက် ရှင်းလင်းမှုတော့ မရှိခဲ့။ ရိပ်ဖမ်းသံဖမ်းတော့ သဘောပေါက်သလို ရှိသည်။ နွေမွန်နှင့် နှင်းဆီဦးကိုလည်း သူ အထင်ကြီးပါသည်။

ထိုအခိုက်. . .

"ဖိုးစော ဖိုးစော"

နွေမွန်အသံလေး ထွက်လာသည်။

"ဗျ . . . ဘာတုန်း လာပြီ"

အသံလာရာဆီသို့. . .စောမင်းက ခြေလှမ်းကျဲကျဲဖြင့် လျှောက်သွား၏။ သူလည်း ချိုင်းထောက်တကားကားဖြင့် နောက်မှ ဖြည်းဖြည်း လိုက်သွားလိုက်သည်။

"ဒီသစ်ပင်ကြီးရဲ့ အမြင့်ကို တိုင်းပေးစမ်းပါ"

"ဗုဒ္ဓေါ. . ."

စောမင်းဝေ လန့်သွား၏။ နွေမွန်တို့ ညွှန်ပြသော သစ်ပင်က အမြင့်ကြီးဖြစ်သည်။ တက်ရ ပြုရလည်း လွယ်မည့်ပုံ မပေါ်။ မော့ကြည့်ရသည်ကပင် ကြောက်စရာကြီးဖြစ်၏။

"ဒီသစ်ပင်ရဲ့ အမြင့်ကို သိရမှ ဖြစ်မယ်။ အချိုးအစား တစ်ခုကို ပုံဖမ်းချင်လို့"

စောမင်းဝေက သစ်ပင်ကြီးကို အရင်းမှ အဖျားအထိ တိုင်အောင် စုန်ချည် ဆန်ချည်ကြည့်ပြီး ပါးစပ်အဟောင်းသား ဖြစ်နေ၏။

"ဘယ့်နှယ့်လုပ် တိုင်းရမှာလဲ၊ တက်လည်း မတက်နိုင်ဘူး။ တက်ပြီး တိုင်းဦးတော့ တိကျမှာလည်း မဟုတ်ဘူး"

နှင်းဆီဦးက စိတ်ညစ်သွားသလို မျက်နှာ ရှုံ့မဲ့လျက် ပြန်ပြောသည်။

"အတိအကျ မသိလို့တော့. . .မရဘူး၊ အချိုးအစားတွေ မှားကုန်မယ်"

"ပြဿနာပဲ"

စောမင်းဝေလည်း ဒုက္ခရောက်နေတော့၏။ နွေမွန်က သူ့နှာခေါင်းလေးကို ပွတ်ကာ. . .





"အေးလေ တိုင်းဖို့ကလည်း ဘယ်လွယ်မလဲ" ဟု အားမလျော့စွာ ပြော၏။

သူက. . .

"မနွေမွန်"

"ရှင့်"

"မိတ်ကပ်ဗူး ပါတယ်မဟုတ်လား"

"အလိုတော်. . .ဘာလုပ်မလို့တုန်း"

"အဲဒီမိတ်ကပ်ဗူးက မှန်ကိုရရင် အဲဒီသစ်ပင်ရဲ့ အမြင့်ကို ကျွန်တော် တိုင်းပေးနိုင်ပါတယ်"

သူတို့ အံ့သြသွားကြ၏

"တကယ်လား"

"တကယ်ပါ"

"ဘယ်လိုတိုင်းမှာလဲ"

"မှန်ပေး"

နွေမွန်က သူ့ကို မချိမချဉ် မျက်နှာဖြင့် ကြည့်ပြီး သူ့ လင်းဘက်အိတ်လေးထဲမှ မိတ်ကပ်ဗူးကို ထုတ်ပေး၏။

"ဟော့လူ. . .လိမ်းတော့ မလိမ်းနဲ့နော်"

စောမင်းဝေက ဝင်နောက်၏။

"မလိမ်းပါဘူး"

မိတ်ကပ်ဘူးကို သူက စောမင်းဝေဆီ ကမ်းပေးလိုက်သဖြင့် စောမင်းဝေ ကြောင်သွားသည်။

"ဘာလုပ်ရမှာတုန်း"

"အဲဒီမှန်ထဲမှာ သစ်ပင်ရဲ့ ထိပ်ဖျားကို မြင်ရတဲ့အထိ နောက်ကို ဆုတ်သွား"

"ဩော်. . . ဟုတ်ကဲ့ဆရာ"

စောမင်းဝေ နောက်ကို တစ်လှမ်းချင်းဆုတ်၏။ မှန်ကို ကြည့်လိုက်၊ သစ်ပင်ကို ကြည့်လိုက်နှင့် နောက်သို့ တစ်လှမ်းချင်း ဆုတ်သွားခြင်းဖြစ်သည်။

နွေမွှန်နှင့် နှင်းဆီဦးတို့က စိတ်ဝင်တစား ကြည့်နေကြသည်။

"ရပြီ"

မှန်ထဲမှာ သစ်ပင်၏ ထိပ်ဖျားကို မြင်ရပြီ ဖြစ်ကြောင်း စောမင်းဝေက အော်ပြော၏။

"အဲဒီနေရာမှာ. . .မှန်ကိုထား၊ မှန်နဲ့ သစ်ပင်နဲ့ ဘယ်လောက် ကွာသလဲဆိုတာကို တိုင်း"

"ဟုတ်ကဲ့ . . . ဆရာ ဟုတ်ကဲ့"





ထိုအတွက်တော့ လွယ်ကူပါသည်။ သူတို့မှာ ပေကြိုးပါလာကြ၏။

"နောက်ပြီး ဘာလုပ်ရဦးမလဲ ဆရာ"

"ခုနအတိုင်း သွားပြန်ရပ်၊ မှန်ထဲမှာ သစ်ပင်အဖျား မြင်ရတဲ့အထိ ထားပြီး မှန်နဲ့ ခင်ဗျားမျက်လုံးရဲ့ အကွာအဝေးကို လိုချင်တယ်"

"ဗျာ . . .ဒါတော့ ကျွန်တော် မလုပ်တတ်ဘူး ဆရာ၊ တစ်ယောက် လာတိုင်းပေးမှ ရမယ်။ ဟုတ်တယ် မဟုတ်လား"

"ဟုတ်တယ် မနှင်းဆီ သွားတိုင်း ပေးလိုက်"

"ရှင် . . .ကျွန်မလား ဟုတ်ကဲ့ရှင့်"

နှင်းဆီဦးက သူ့ကို ကိုယ်လေးညွတ်ပြပြီး စောမင်းဝေဆီ ပြေးသွားသည်။ နွေမွှန်ကလည်း ရယ်ကျဲကျဲဖြင့် ဘေးမှ ရပ်ကြည့်နေ၏။ သူတို့ကို ကြည့်ရတာ ပျော်နေကြပုံ ရတယ်။

"အဲဒီအကွာအဝေးက ဘယ်လောက်လဲ"

"ဟုတ်ကဲ့. . . တိုင်းနေတယ်ရှင့် ရပါတော့မယ်"

"ရရင် ပြော"

မြေပေါ်မှာ သူက တုတ်နှင့်ခြစ်၍ တွက်သည်။

သူတို့ပြောသော အကွာအဝေးများကို အချိုးအစား ချ၍

တွက်သည်။ နွေမွှန်က နဘေးမှ လာကြည့်သည်။

"ဘယ်လို တွက်တာလဲ"

"သိပ္ပံနဲ့ သင်္ချာနည်းကို ရောတွက်တာပါပဲ။ ရိုက်ထောင့်နဲ့ ပြန်ထောင့်က ညီတယ်လေ၊ အဲဒါကို ဂျီဩမေတြီနည်းနဲ့ အချိုးချ တွက်တာပဲ"

ပြီး. . . ခေါင်းမော့၍ သူအော်ပြောလိုက်၏။

"အဲဒီသစ်ပင် ၆၂ ပေမြင့်တယ်"

"ဟေး. . ."

သူပင် လန့်သွားသည်။ နွေမွှန်တို့ သုံးယောက်က ဝမ်းသာအားရ ထအော်လိုက်ကြခြင်းဖြစ်၏။

စောမင်းဝေက. . .

"ဟော့လူ. . . .ခင်ဗျား ဟုတ်မှ ဟုတ်ရဲ့လားဗျ။ တမင်တကာများ အခြေအနေမဲ့ ဟန်ဆောင်တာလား။ မင်းကုသလုပ်လာတာလား။ ခင်ဗျားရဲ့ပပဝတီက ဘယ်သူတုန်း"

"စောစောကတော့ သူက ရှင့်အစ်မလို့ ပြောတာပဲ"

နှင်းဆီဦးက ဝင်ခွပ်သဖြင့် ရယ်ကြရပြန်လေသည်။ သူလည်း သူတို့နှင့်အတူ လိုက်ရယ်ရင်း စိတ်ထဲမှာ ဆွတ်ဆွတ်ပျံ့ပျံ့ ခံစားနေရတော့၏။

✲ ✲ ✲ ✲ ✲





(၉)

နှင်းတွေဝေနေသည်။ ဤသို့ ဤပုံ နှင်းတွေ ဝေမှဖြင့် သူ့စိတ်တွေ လွင့်လွင့်ပျံ့ပျံ့ဖြစ်ရ၏။

နေမထွက်သေး၊ သို့သော် ရောင်နီပျို့ပြီးနေပြီ။ အရှေ့ဘက် ကောင်းကင်တစ်ခွင်မှာ နီစင်လဲ့လဲ့ဖြစ်နေ၏။ လေပြည်က ပျိုအေးသည်။ နံနက်ခင်းမှာ ပွင့်ရန် အားယူ၍ ဖြည်းချနေသော ပန်းဖူးကလေးများက ဟိုမှာ သည်မှာ ချီချီကြွကြွ။

ခြံ့ထဲမှာ တစ်ယောက်တည်း ဆင်းထိုင်နေခြင်း ဖြစ်သည်။ တစ်အိမ်လုံး မည်သူမှ နိုးကြသေးပုံ မပေါ်။ ငှက်အချို့ ဖျတ်ခနဲ ဖျတ်ခနဲ ပျံသွားသည်ကို မြင်ရ၏။ ညဥ့်ငှက်လား၊ နေ့ငှက်လား၊ အိပ်ရာဝင်နောက်ကျသော ညဥ့်ငှက်လား၊ အိပ်ရာထစောနေသော နေ့ငှက်လား၊ ဘာရယ်ဟု ပြောရန် မသဲကွဲ။

လေကို တဝကြီး ရှူပစ်လိုက်၏။ တစ်ကိုယ်လုံး စိမ့်အေးချမ်းကြည်သွားသလို ခံစားရသည်။ အရှေ့တူရူကို အတွေးတွေ တလူလူဖြင့် ငေးကြည့်နေမိဆဲ . . .

"မောင်မိုးလတ်"

"ဗျာ. . ."

လှည့်ကြည့်လိုက်တော့ ဦးဝေမွန်ကို တွေ့ရသည်။ ဦးဝေမွန်သည် နွေမွန့်ဘကြီးဖြစ်သည်။ ဦးရည်မွန်၏ အစ်ကိုအကြီးဆုံး ဖြစ်သည်ဟုသိရ၏။ မနေ့ကမှ အိမ်ပြန်ရောက်သည်။

ဦးဝေမွန်သည် တရားရိပ်သာ တစ်ခုမှာ တရားပြရသော ဓမ္မကထိက တစ်ဦးဖြစ်၏။ အိမ်မှာထက် တရားရိပ်သာမှာသာ အနေများသည်။ ငြိမ်အေးသောမျက်နှာ၊ တည်ငြိမ်သောအမူအရာတို့ဖြင့် ခင်မင်နှစ်လိုဖွယ်ရာ ကောင်းလှသူဖြစ်သည်။





"မောင်မိုးလတ် ဘာထိုင်လုပ်နေတာလဲ"

"ဘာမှ မလုပ်ပါဘူး ခင်ဗျ"

"အစောကြီးနိုးနေတယ် ဟုတ်လား"

"ဟုတ်ကဲ့"

"မနက်တိုင်း ဒီလိုပဲ ထွက်ထိုင်လေ့ရှိလား"

"မနက်တိုင်းတော့ မထိုင်ဖြစ်ပါဘူး"

သူ့ တစ်ခွန်းမေးမှ ကိုယ်တစ်ခွန်း ပြန်ဖြေသလို ဖြစ်နေသည်။

ဦးဝေမွန်က သူထိုင်နေသော ခုံတန်းလျားတွင် ဝင်ထိုင်သည်။ ဦးဝေမွန် လွတ်လပ်ကျယ်ဝန်းမှု ရှိရန်အတွက် သူက ထောင်ထားသော ချိုင်းထောက်ကို ဆွဲဖယ်ပေး၏။

"အိုကွယ် . . . နေပါ နေပါ ရပါတယ်"

ချိုင်းထောက်ထက် ပို၍ အရေးကြီးသည်က နံဘေးမှာ သူချထားမိသော စက္ကူအရုပ်ကလေးဖြစ်၏။ ဦးဝေမွန်တက်ထိုင်မိမည်စိုး၍ သူက ဆွဲယူလိုက်သည်။

"အဲဒါ ဘာလေးလဲ"

"စက္ကူကို အရုပ်ချိုးထားတာပါ"

"မောင်မိုးလတ် ချိုးထားတာလား"

"ဟုတ်ကဲ့"

"မှန်းစမ်း"

ဦးဝေမွန်က စက္ကူရုပ်ကလေးကို ဆွဲယူကာ လက်ထဲမှာ ကိုင်တွယ် လှည့်ပတ်ကြည့်၏။

"နှင်းဆီပွင့်ပုံ ထင်တယ်နော်"

"ဟုတ်ကဲ့ ခင်ဗျ"

"အင်း... အရုပ်ကလေးက အတော် လက်ရာမြောက်တာပဲ"

ထိုအားပေးစကားအတွက် ဦးဝေမွန်ကို ကျေးဇူးတင်သွားမိသည်။ ဦးဝေမွန်က ပန်းကလေးကို သူ့ဆီ ပြန်ပေး၏။ လှမ်းယူပြီး သူ ဘာမှ ပြန်မပြောမိ။

ဦးဝေမွန်က...

"မောင်မိုးလတ်...နှင်းထဲမှာထိုင်နေရတာ မချမ်းဘူးလား"

"မချမ်းဘူး ခင်ဗျ၊ ကျွန်တော် ခံနိုင်ပါတယ်"

ဦးဝေမွန်က ခေါင်းညိတ်၏။

"အေးပါ မေးသာ မေးရတာပါ။ မောင်မိုးလတ် တစ်စက်မှ ချမ်းပုံမရတာ ဘဘ မြင်သားပဲ"





သူ့စိတ်တွေ အဝေးကြီးကို ရောက်သွားသည်။

အောက်ပိုင်းသေတာ ပျောက်နိုင်သည်ဟု အကြံပေးလာသူတစ်ယောက်ကြောင့်...ယယ်ယယ်ကတည်းက သူ နှင်းတောထဲမှာ ထိုင်နေခဲ့ရဖူးသည်။ ဖေဖေက ခပ်လှမ်းလှမ်းမှာ လမ်းလျှောက်နေ၏။

နှင်းတွေ.. နှင်းတွေ။ သူ့ဘဝမှာ ကြောက်မက်ဖွယ်ရာကောင်းအောင် ဝေခဲ့သည်။ သူ့နှင်းတောထဲမှာ စိမ့်အေးခိုက်တုန်စွာ မလှုပ်မယှက် ထိုင်နေခဲ့ရ၊ နေ့ပေါင်းများစွာ၊ ညပေါင်းများစွာ။

သို့သော်.. သူ့ရောဂါ မပျောက်ခဲ့ပါချေ။ သူ့ဖုန်းစားဘဝဖြင့် လမ်းပေါ်မှာ ကြယ်တွေကို ကြည့်ပြီး အိပ်ခဲ့ရသည့် ညတို့၌လည်း နှင်းတွေက သူ့ကိုယ်ပေါ် ခုန်ချ ပြန့်ကျဲနေခဲ့၏။

နှင်းတွေထဲမှာ. . .တစ်ယောက်တည်း နေရတာ သူ့အတွက် အဆန်းမဟုတ်ခဲ့ပါချေ။ အသက်နှင့်အမျှ၊ ဘဝနှင့်အညီ။

အင်း... ကြာခဲ့ပြီ။

"ဘဘက မနက်ဖြန်ခါ ပြန်ရဦးမယ်"

"ရိပ်သာကိုပဲလား"

"အေးကွယ့်. . .ဘဘက အိမ်မှာ တစ်လကို သုံးရက်လောက်ပဲ နေလို့ရတယ်။ တရားပတ်တွေက ဆက်နေတော့ ရိပ်သာမှာချည်း အချိန်ကုန်နေတော့တာပါပဲ"

"ကုသိုလ်ရတာပေါ့ ဘဘရယ်"

ဦးဝေမွန်က ပြုံးသည် ဆိုရုံပြုံးသည်။

"လူ့စိတ်ဆိုတာ. . .အင်မတန် ဆန်းကြယ်တယ်ကွယ့်။ ထိန်းချုပ်ရလည်း အင်မတန် ခက်တယ်။ လူတွေကို ကိုယ့်စိတ်ကိုယ်ထိန်းနိုင် လေ့ကျင့်ခိုင်းရတာလွယ်တော့ မလွယ်လှဘူး"

"ဟုတ်ကဲ့"

"တစ်ခါတစ်ခါကျတော့လည်း ကပ်သီးကပ်သပ်တွေ ကြုံရတယ်"

"ဟုတ်ကဲ့"

"ယောဂီမ တစ်ယောက်က သူ့ကလေးကိုခေါ်လာဖူးတယ်။ သူ စိုက်ထားတဲ့ ပန်းတွေကို နှုတ်ပစ်ပြီး ဆော့လို့တဲ့။ အဲဒီကလေးကို ယဉ်ကျေးတဲ့စိတ်ရှိအောင် လုပ်ပေးပါတဲ့"

ပြောပြီး ဦးဝေမွန်က ရယ်သည်။

"ကလေးတွေက လူကြီးတွေထက် ပိုပြီး တရားမှဝလွယ်တာ။ ဟုတ်တော့. . .ဟုတ်ပါတယ်။ ဒါပေမယ့် တရား





သဘောကို ကလေးနားလည်အောင် ပြောဖို့ဆိုတာက အခက်သား မဟုတ်လား"

"ဪ. . . အင်း. . . ဟုတ်တာပေါ့ ဘဘ"

"ဘဘမှာကွယ် အဲဒီကလေးကို ကြည့်ပြီး ဘယ့်နှယ့်လုပ်ရမှန်းမသိ ဖြစ်ရသေးတယ်"

သူပြုံးနေလိုက်မိ၏။ ဦးဝေမွန်က ဘာမှ ဆက်မပြောတော့။ အဝေးသို့ လှမ်းကြည့်နေသည်။ ဦးဝေမွန်၏ မျက်နှာကို တစ်ချက်ကြည့်ပြီး သူက

"ဘဘ"

လှည့်ကြည့်၏။

"ပြောကွယ့်"

"တစ်ခါတစ်ခါ. . .ကလေးတွေကို ထိန်းကျောင်းရတာလည်း အနုပညာတစ်ရပ်ပဲလို့ ကျွန်တော် မြင်မိတယ်"

"ဟေ. . . ပြောစမ်းပါဦးကွ"

သူ့စကားကို ဦးဝေမွန် စိတ်ဝင်စားသွားပုံ ရသည်။ သူ့မျက်နှာကို သေသေချာချာ ကြည့်၏။

"တစ်ခါက သားအဖနှစ်ယောက်ကို ကျွန်တော် တွေ့ဖူးတယ်"

"အင်း"

"ကလေးကို ဆံပင်ညှပ်ခိုင်းလို့ မရဘူး။ ဆံပင်ညှပ်သမားရှေ့က ခုံမှာ တင်လိုက်ရင်ပဲ ကလေးက လူးလိမ့်ငိုပါလေရော။ အဖေက သူ့ဘေးမှာ ရှိတယ်လို့ ဘယ်လိုပြောပြော မရဘူး"

"အင်း . . . အဲဒီတော့"

"အဖေကလည်း ခုံတစ်ခုံမှာ ဝင်ပြီး ဆံပင် ညှပ်လိုက်ရတယ်။ အဖေတစ်ခုံ သားတစ်ခုံ ထိုင်ပြီး ဆံပင်ညှပ်နေရတော့လည်း ကလေးက ပျော်လို့"

"ဪ . . . အေး ဟုတ်တာပေါ့"

ဦးဝေမွန်သဘောကျသွားသည်။

"ကလေးတွေကို ကိုင်တွယ်တတ်ဖို့ လိုတာပေါ့ ဘဘရာ"

"ဒါပေါ့ . . . ဒါပေါ့ . . . ဟုတ်တာပေါ့"

"ဘဘပြောတဲ့ကလေးကိစ္စမှာလည်း. . .အမေက သူ့ကလေးကို သူကိုင်တွယ်တတ်ဖို့ လိုတာပေါ့"

"အင်း. . . . ဆိုပါဦး ဘယ်လိုကိုင်တွယ်သင့်လဲ"

"အဲဒီပန်းတွေကို သူစိုက်တဲ့နေရာမှာ အဲဒီကလေးကို





လည်း ဘေးကနေ ပါဝင် ခွင့်ပြုထားသင့်တယ်"

"သဘောက. . . ."

"ကလေးကလည်း ပန်းစိုက်ရတာကို ပျော်လာအောင်ပေါ့။ ပန်းကလေးတွေ ပွင့်လာရင် ပိုပျော်ဦးမယ်။ အဲဒီလို အပြုဘက်ကနေပြီး သူ့ရပ်တည်လာရင် အဖျက်ဘက်ကနေ မရပ်တည်တော့ဘူးပေါ့။ သူ့ပန်းကို သူများဆွဲနုတ်မှာလည်း မကြိုက်တော့ဘူး။ သူများရဲ့ ပန်းကိုလည်း သူဆွဲမနုတ်တော့ဘူးပေါ့"

"အင်း. . ."

ဦးဝေမွန်က နဖူးကြောကြီးရှုံ့ကာ စဉ်းစားသည်။ လိုလိုလားလား ထောက်ခံသည်။

"ဟုတ်တယ်"

ပြီးမှ. . .လေးနက်သော မျက်နှာအမူအရာဖြင့် သူ့ကိုတစ်ခွန်းမေး၏။

"မောင်မိုးလတ်"

"ဗျာ. . ."

"မောင်မိုးလတ် ဝိပဿနာကို ကျင့်ဖူးလား"

သူ ရုက်ရယ်တစ်ချက် ရယ်လိုက်၏။

"ဟင့်အင်း. . .မကျင့်ဖူးပါဘူး ဘဘ"

"မောင်မိုးလတ်က တည်တည်ငြိမ်ငြိမ်ရှိတယ်"

"ဟုတ်ကဲ့"

"မျက်နှာလည်း ကြည်တယ်"

"ဟုတ်"

"ဘဘက မောင်မိုးလတ် တရားတွေများ. . .ထိုင်ဖူး သလားလို့"

"ဟင့်အင်း. . .မထိုင်ဘူးပါဘူး၊ ဘဘ"

သူ့လက်ထဲမှာ ကိုင်ထားဆဲဖြစ်သည့် စက္ကူရုပ်ကလေး ကို လက်ညှိုးညွှန်ကာ ထပ်မေးသည်။

"အဲဒီ စက္ကူရုပ်ကလေးတွေကိုရော အမြဲတမ်းချိုးနေ လေ့ရှိလား"

သွက်သွက်လက်လက် ခေါင်းညိတ်ပြလိုက်၏။

"ဟုတ်ကဲ့. .ကျွန်တော့်ဘဝမှာ သူတို့ကိုပဲ အဖော်လုပ် နေရတာ"

"အင်း. . ."

ဦးဝေမွန်က အကြာကြီး ခေါင်း တဆတ်ဆတ်ညိတ်နေ သည်။ ပြီးမှ. . .

"အဲဒါကြောင့် ဖြစ်မယ်"





"ခင်ဗျာ. . ."

ဦးဝေမွန်၏ စကားကို သူနားမလည်ချေ။

"အဲဒီစက္ကူတွေကို အရုပ်ချိုးနေတော့ စိတ်က အဲဒီထဲ မှာပဲ ရောက်နေတယ်။ စိတ်တည်ငြိမ်တယ်လေ"

"ဩော်. . .ဟုတ်ကဲ့"

ထို့နောက်မှာ နှစ်ယောက်သား ဘာစကားကိုမှ ဆက် မပြောဖြစ်ကြတော့။ နှင်းတွေထဲမှာ ဤအတိုင်း ဆက်ကာ [illegible] နေ လိုက်ကြသည်။ အိမ်ခန်းထဲမှ မြင်နေရသော နွေ့မွှန်က သူတို့ ကို ပန်းချီဆွဲလိုက်သည် တဲ့။ ကျူပစ်ဇင်နည်းဖြင့် ဆွဲထားပြီး ပန်းချီကား၏ အမည်ကို 'နှင်းနှင့် သူ၏ အဖော်များ' ဟု ပေး ထားလိုက်သည်တဲ့။

❊ ❊ ❊ ❊ ❊

(၁၀)

ပန်းချီကားထဲမှာ နှင်းတွေ. . .

အုံ့ပျပြီး ပိန်းပိတ်အောင် ဝေလျက်. . .

နှင်းတွေကြားက ခုံတန်းလျားတစ်ခုမှာ. . .

လူနှစ်ယောက်. . .(ဘာကိုမှ သဲကွဲစွာမမြင်ရ)

လူငယ်တစ်ယောက်နှင့် အဘိုးအိုတစ်ယောက် ဖြစ်ကြောင်းကိုတော့ မျဉ်းကြောင်းများဖြင့် သိသာစေသည်။

လူငယ်ကို မျဉ်းကြောင်းအမာများဖြင့် ရေးဆွဲထားပြီး အဘိုးအိုကိုတော့. . .မျဉ်းကြောင်းအပျော့များဖြင့် ရေးဆွဲထားသည်။

"အဘိုးအိုက ပစ္စုပ္ပန်၊ လူငယ်က အနာဂတ်ပေါ့"

သူမက. . .ပြုံးယောင်ယောင်ဖြင့် ပြော၏။ အဘိုးအိုက ပစ္စုပ္ပန်မှာ နေပြီး လူငယ်က အနာဂတ်မှာ နေသည်ဟု သူမ ဆိုလိုထားခြင်း ဖြစ်သည်။

"အတိတ်ကရော. . ."

"နှင်းတွေထဲမှာ အတိတ်တွေ ရှိတယ်လေ"

အိုး. . .ဟုတ်ပါရဲ့။ နှင်းတွေထဲမှာ အတိတ်ရှိသည်။ အတိတ်ထဲမှာ ဒဏ်ရာတွေ၊ နာကြည်းဖွယ်ရာတွေ၊ ပူဆွေးသောကတွေ၊ အိုး. .နှင်းတွေ။ ကြည့်ရင်းနှင့်ပင် ရင်ခွင်တစ်ခုရဲ့ သွေးစိမ်းရနံ့တို့ စွန်းပေလာသလို ခံစားရပြန်ရဲ့။

✲ ✲ ✲ ✲ ✲





(၁၁)

"ကိုမိုးလတ်. . .ရလား"

"ဟုတ်ကဲ့. . .ရပါတယ်"

"ဖြည်းဖြည်းလျှောက်"

"ဟုတ်ကဲ့"

"လာ. . .ဒီဘက်က စကြည့်"

နှင်းဆီဦး စောင့်ခေါ်ရာဘက်သို့. . .လိုက်သွားလိုက်

သည်။ ပန်းချီခန်းမထဲမှာက လူသူပရိသတ် သိပ်မများလှ။ ထို့ကြောင့် သူ့အတွက် သွားရ လာရ လွယ်ကူပါသည်။

နှင်းဆီဦး လာခေါ်သဖြင့်. . .သူမနှင့် အခြား ပန်းချီဆရာများ တွဲပြသည့် ပန်းချီပြပွဲတစ်ခုသို့ ရောက်နေရခြင်း ဖြစ်သည်။

နွေမွှန်က မနက်ကတည်းက အိမ်မှာ မရှိ။ ဒီပန်းချီပြပွဲမှာ ရှိနေမည် ထင်မိသော်လည်း မတွေ့ပြန်။

"မနွေမွှန်က ဒီမှာလည်း မရှိပါလား"

"တစ်ချိန်လုံး ရှိပါတယ်။ ကျွန်မ ရှင့်ကို လာခေါ်ခါနီးကျမှ သူ အပြင်ထွက်သွားတာ"

"ပြန်လာဦးမှာလား"

"အဲ. . .မလာတော့ဘူးထင်တယ်"

ပန်းချီကားတွေကို တစ်ချပ်ပြီး တစ်ချပ် လိုက်ကြည့်နေလိုက်သည်။ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော ဟူသည့် ပန်းချီကား လေးချပ်တွဲကြီးကို သူ သဘောကျနေမိသည်။

"ဒီပန်းချီကားတွေ ကောင်းတယ်နော်"

"ကိုမိုးလတ်. . .ခံစားလို့ရလား"

"အင်း. . .ရတယ်"





"အဲဒါ. . .မော်ဒန်စတိုင်နဲ့ ဆွဲထားတာ"

"ကောင်းတယ်"

ထိုအခိုက်. . .မျက်လုံးပြူးပြူးနှင့် လူတစ်ယောက်က သူတို့ရှေ့မှ ပျာယီးပျာယာ ဖြတ်လျှောက်သွား၏။ ဘာတွေ အရေးကြီးနေသည် မသိ။

"အဲဒါ. . .ဒီပန်းချီကားတွေကို ဆွဲတဲ့လူပေါ့။ ထိန်လင်းတဲ့"

"ဩော်. . .အင်း. . .လူငယ်ပဲကိုး"

"ပန်းချီကားတွေကို ပြူးပြဲဆွဲရင်းနဲ့. . .မျက်လုံးပါ ပြူးသွားတာ"

"အင်း. . .ဒီဘက် ပန်းချီကားတွေလည်း ကောင်းတယ်နော်။ စုတ်ချက်တွေ အရမ်းကောင်းတယ်"

ပန်းချီဆရာ၏ လက်မှတ်ကို သူ လိုက်ကြည့်နေမှန်း သိသဖြင့် နှင်းဆီဦးက. . .

"အဲဒီပန်းချီကားတွေက ငြိမ်းချမ်းဆု ဆွဲတာ"

အခန်းထောင့်က စားပွဲမှာ ထိုင်နေသော လူငယ်တစ်ယောက်ကို မသိမသာ ညွှန်ပြ၏။ အကျီအနက်၊ ဘောင်းဘီအနက်၊ ဖိနပ်အနက်ကို ဝတ်ဆင်ထားပြီး မျက်မှန်အနက်ကြီး

တပ်ထားသည့် ခေါင်းတုံးပြောင်ပြောင်နှင့်. . .လူငယ်တစ်ယောက် ဖြစ်သည်။

"အဲဒါ. . .ငြိမ်းချမ်းဆုပေါ့"

"ဩော်. . .အင်း. . .ကြောက်စရာကြီးနော်"

"ဟုတ်ပ"

ပန်းချီကားအချို့ ရှေ့အရောက်မှာ. . .သူတော်တော်နှင့် မခွာနိုင်ချေ။ နှင်းဆီဦးက. . .

"ကိုမိုးလတ် ဘာထူးခြားတာ တွေ့နေလို့လဲ"

"ဒီကားတွေကို ဆွဲတာ အမျိုးသမီးမဟုတ်လား"

"ဟုတ်တယ် ဘာလဲ နွေမွန်ဆွဲတာ ထင်လို့လား"

"ဟင့်အင်း. . .အဲလိုတော့ မထင်ပါဘူး။ မနွေမွန် လက်ရာနဲ့ မတူဘူး"

"ဟုတ်တယ် . . .ဒီကားတွေကို ဆွဲတာက ဟိုဆရာမလေ"

ခင်မင်နှစ်လိုဖွယ်ရာ မျက်နှာနှင့် သွက်လက်ပုံရသော အမျိုးသမီးငယ်တစ်ယောက်ကို ညွှန်ပြသည်။ ပန်းချီကား လာကြည့်သည့် နိုင်ငံခြားသားတစ်ဦးကို အင်္ဂလိပ်လို ရှင်းပြနေသည်။





"ချောအိသိမ်း. . .တဲ့"

ပန်းချီခန်းမကိုလည်း အတော်အသင့် ပတ်ပြီးပြီ။ ပန်းချီကားအတော်များများကိုလည်း ကြည့်ပြီးပြီ။ နှင်းဆီဦး၏ ပန်းချီကားများကို မတွေ့ရသေး။

"မနှင်းဆီ"

"ရှင့်. . ."

"မနှင်းဆီရဲ့ ပန်းချီကားတွေကရော"

သူမက ရယ်သည်။ ရယ်ရင်း ပြန်ပြောသည်။

"ဟိုဘက် ချောင်ထဲမှာ"

"သွားကြည့်ရအောင်လေ"

"ဝေဖန်တော့မယ်ပေါ့"

"ဟင့်အင်း. . .မဝေဖန်ပါဘူး"

"လာ. . .အဲဒါဆို သွားမယ်"

နှင်းဆီဦး၏ ပန်းချီလက်ရာများ ရှေ့သို့အရောက်မှာ သူ တစ်ချက် ကြောင်အမ်းသွားရသေးသည်။ နှင်းဆီဦး မျက်နှာကို တစ်ချက်လှည့်ကြည့်တော့ သူမက ပြုံးစိစိလုပ်နေသည်။

"ပန်းချီကားက ဘယ်မှာလဲ"

"ကိုယ့်ဟာကိုယ် ရှာပေါ့"

နည်းနည်း အကြပ်ရိုက်သွားသည်။ ချိုင်းထောက်ကို ပြင်ထောက်သလိုလိုနှင့် ကိုယ်ဟန်ပြောင်းရင်း (အမှန်တကယ်ပင်) သူမ၏ ပန်းချီကားကို မသိမသာ ရှာမိ၏။

နောက်မှ. . .

ပြကွက်နာမည် က 'အတ္တနှင့် အနတ္တ' တဲ့။

ဖြူစင်သော ပိတ်စတစ်စပေါ်မှာ ဓားတစ်လက်ကို ကပ်ကြေးတစ်လက်က သူ၏အသွားနှစ်ဘက်နှင့်ညှပ်ထားခြင်း ဖြစ်၏။ ဓားသည် လည်းကောင်း၊ ကပ်ကြေးသည် လည်းကောင်း၊ ဝင်းတောက် ထက်မြက်လျက်။

ချွန်မြနေသော ဓားသွားကို ချွန်မြနေသော ကပ်ကြေးတစ်လက်က ခလယ်ခေါင်မှဖြတ်၍ အသွားနှစ်ဖက်ဖြင့် ကိုက်ထားပုံမှာ ကြောက်စရာကောင်းနေသည်။ သူတို့ကို ခင်းကျင်းပေးထားသည့် ပိတ်စကလေးမှာတော့ ဖြူဆွတ်စင်ကြယ်လျက်။

"ကောင်းတယ်. . .ဒီပြကွက် ကောင်းတယ်"

သူမက ပြုံးနုနုဖြင့် ပြန်ပြောသည်။

"ကျေးဇူးပါပဲရှင်"

ပြီးမှ. . .ထောင့်ကပ်နေရသော လက်ရာတစ်ကွက်ကို





ငုံ့ကိုင်းကြည့်ရသည်။

"ရလား. . .ကြည့်လို့ရရဲ့လား"

"ရပါတယ်"

"ကျွန်မက ရှင့်ကို တွဲပေးရမှာလား။ ချိုင်းထောက်ကို ထိန်းပေးရမလား"

"ကိစ္စမရှိပါဘူး၊ မနှင်းဆီဘာသာ ရပ်နေပါ"

ထိုစကားအဆုံးမှာ နှစ်ယောက်လုံး ရယ်ဖြစ်ကြ၏။

သူ့မှာ. . .အခြားပြောစရာ မရှိ၊ ဘာစကားမှ မရှိ။ ထို့ကြောင့်. . .

"ကောင်းတယ်၊ ပန်းချီပြကွက်တွေက ကောင်းတယ်"

"ကိုမိုးလတ် ခံစားရတယ်ပေါ့"

"အင်း. . .ခံစားရပါတယ်"

"သဘောကျတယ်ပေါ့"

"အင်း. . .ကျတယ်"

"အဲဒါဆို ဝယ်သွားလေ"

"ဗျာ. . ."

သူမက. . .တခစ်ခစ်ရယ်သည်။ သူ့စိတ်ထဲမှာ မကျေမချမ်း ဖြစ်နေမိ၏။ သူ့မှာ ပိုက်ဆံမှ မရှိဘဲ၊ နောက်ပြီး ဝယ်

သွားရအောင်ကလည်း ကပ်ကြေးရယ်၊ ပိတ်စရယ်. . .။

ဟင်း. . .အိမ်မှာပဲ ကိုယ်ဘာသာကိုယ် ဆင်လိုက်တော့မှာပေါ့။

သူ ဘာတွေတွေးနေသလဲဆိုတာကို ရိပ်မိပုံ ပေါ်သည်။ သူမက ရယ်ရင်း ပြော၏။

"နောက်တာပါရှင့်"

"အင်း"

"ကျွန်မတို့ ပြကွက်တွေက ရောင်းစားလို့ရတဲ့ ပြကွက်တွေ မဟုတ်ပါဘူးရှင်"

"အင်း. . ."

သူ့ခေါင်းထဲမှာ စဉ်းစားစရာတွေ ဖြစ်နေသည်။ ဒါဆို ဒီပန်းချီဆရာတွေက ဘာအခွင့်အရေးတွေကို ပြန်ရကြသလဲ။ သူတို့ကချည်း ပေးဆပ်နေရခြင်း သက်သက်လား။ ယူသူတွေရှိကြတယ် ဆိုပါစို့။ တကယ်ကော ရရဲ့လား။

ထိုအချိန်မှာ. . .

"ဟေ့. . .နှင်းဆီဦး"

လူတစ်ယောက်. . .သူတို့အနားသို့ ရောက်လာ၏။ နှင်းဆီဦးက လှည့်ကြည့်ပြီး မျက်နှာတစ်မျိုးဖြစ်သွားသည်။





"ဩော်. . .ကိုကောင်းမြတ်"

"နှင်းဆီဦးတို့ ပြပွဲလုပ်တယ်ဆိုလို့ လာကြည့်တာ"

"ဟုတ်ကဲ့. . .ကြည့်ပြီးပြီလား"

"ခုမှရောက်တာ နှင်းဆီဦးကို တွေ့လို့ လာနှုတ်ဆက်တာ"

"ဩော်. . .ဟုတ်ကဲ့"

ရှိုးမိုးအပြည့်နှင့် လူတစ်ယောက်ဖြစ်သည်။ မျက်မှန်နှင့်ဖြစ်၏။ ဘူဇွာ ရုပ်ပေါက်နေသည်ဟု ခံစားရသည်။ ထိုလူက လည်း သူ့ကို တစ်ချက်စွေစောင်းကြည့်၏။

"မွန်မွန်ရော. . .မတွေ့ပါလား"

"အင်း . . .မရှိဘူး"

"မလာဘူးလား၊ ဟုတ်လား"

"မဟုတ်ဘူး ပြန်သွားတာ"

"ဟာ. . .ဘယ်အချိန်ကတည်းက ပြန်သွားတာလဲ"

"စောစောကပဲ"

"ဟာကွာ"

ထိုလူ မကျေမနပ် ဖြစ်သွားသည်။ ပေါင်ကို လက်နှင့် ဖြန်းခနဲ ပုတ်ပြီး. . .

"ကဲ. . .ဒါဖြင့် နှင်းဆီဦးရေ သူ့ကို လိုက်ရှာလိုက်ဦးမယ်"

"ဟုတ်ကဲ့. . .ဟုတ်ကဲ့. . ."

ပန်းချီပြခန်းထဲမှ ခပ်သုတ်သုတ် ပြန်ထွက်သွား၏။ ထိုလူနောက်ကျောကို သူ လှမ်းကြည့်နေမိသည်။ နှင်းဆီဦးဘက် ပြန်လှည့်တော့ သူမမျက်နှာက သရော်တော်တော် ဖြစ်နေ၏။

"ကိုမိုးလတ် မြင်တဲ့အတိုင်းပဲ"

"ခင်ဗျား. . .ဘာလဲ မသိဘူး"

"ဩော်. . .သူပြောတော့ ပန်းချီပြပွဲလာကြည့်တာတဲ့"

"အင်း. . .ပြောတယ်လေ"

"တစ်ကားမှတောင် ကြည့်ဖော် မရဘူး။ မွန်မွန် မရှိဘူးဆိုတာနဲ့ ပြန်ထွက်သွားတော့တာပဲ"

သူက ရယ်ပြီး ပြန်ပြောလိုက်၏။

"သူ့အတွက်က ကြည့်ရမယ့် ပန်းချီကားဆိုတာ မွန်မွန် တစ်ယောက်တည်း ရှိနေလို့ နေမှာပေါ့"

"အောင်မယ်"

သူမက ခါးထောက်ပြီး သူ့ကို စေ့စေ့ကြည့်ပြန်သည်။

"ရှင်ဟာလေ. . ."





"ဘာလဲ"

"နည်းနည်းမှ လျှော့တွက်လို့ မရဘူး"

ထိုအခိုက်မှာပင်. . .

"ဘာတွေဖြစ်နေကြတာလဲ"

"ဟင်. . .မိန်းမ ရှင့်လူကြီးနဲ့ ရှင်မတွေ့လိုက်ဘူးလား"

နွေမွန် ရောက်လာခြင်းဖြစ်သည်။

"ကိုကောင်းမြတ် အခုပဲ ပြန်သွားတာ"

"အံမယ်လေး. . ."

နွေမွန်က သူ့ရင်ဘတ်ကို လက်ကလေးနှင့် ဖိ၏။

"တော်ပါသေးရဲ့. . .တော်ပါသေးရဲ့. . ."

"ခုလေးတင် ပြန်ထွက်သွားတာ"

"ကံကြီးပေလို့ပဲနော်"

နွေမွန်က ကိုကောင်းမြတ်ဆိုသူကို လုံးဝတွေ့ချင်ပုံ မရ။ ခင်မင်ပုံလည်း မပေါ်။ ဟိုလူကလည်း နွေမွန်နှင့် လိုက်ဖက်ခြင်း မရှိတာတော့ အမှန်ပဲ ဖြစ်၏။

နွေမွန်က သူ့ကို လှည့်ကြည့်ကာ. . .

"ရော့. .ရှင့်အတွက် ကျွန်မ သွားဝယ်လာတဲ့ဆေးတွေ။ အားနာမနေနဲ့။ ကျွန်မ ပိုက်ဆံမဟုတ်ဘူး။ ဒါ. . .ဘဘက ရှင့်

အတွက် လှုသွားတာ”

သူ့ရင်ထဲမှာ လှုပ်ခတ် ကြည်နူးသွားရ၏။

“ပြီးတော့လည်း မှာသွားသေးတယ်”

“ဘာလဲ. . .”

“အဲဒါကို ခု မပြောသေးဘူး။ ရှင့်ကို ကျွန်မ အရင်မေးစရာ တစ်ခုရှိသေးတယ်”

“ဘာမေးမှာလဲ”

“အဲဒါကိုလည်း ခု မမေးသေးဘူး”

“ဟမ်. . .”

နှင်းဆီဦးကလည်း နွေမွှန်ကို မျက်စောင်းထိုး၏။

“မိန်းမက ဖြစ်နေလိုက်တာ”

“နှင့်ကို လျှိုနေတာ မဟုတ်ဘူး။ နှင်စိတ်ဝင်စားမယ့် ကိစ္စတစ်ခု သူ့ဆီမှာ ရှိတယ်။ သူ့ကို ဘာမှမပြောခင် ငါက နှင်နဲ့ အရင်တိုင်ပင်ရဦးမှာ”

“ဩော်. . .ဒီလိုလား”

“အေး. . .အဲဒီလိုပဲ အဲဒါနဲ့ ကိုမိုးလတ်”

“ဗျာ”

“ရှင့်လက်ချောင်းတွေ ပြစမ်း”





အူကြောင်ကြောင်ဖြင့်ပင် လက်ချောင်းတွေကို ဖြန့်ပြလိုက်၏။ နွေမွှန်က သေချာကြည့်သည်။ နှင်းဆီဦးကပါ လိုက်ကြည့်သည်။

“မှောက်ပြ”

မှောက်ပြလိုက်သည်။ နွေမွှန်က နှင်းဆီဦးကို ဘယ်လိုလဲ ဟူသော အဓိပ္ပာယ်မျိုးဖြင့် ပြုံးစေ့စေ့ကြည့်သည်။ နှင်းဆီဦးကလည်း နွေမွှန်ကို မျက်နှာကလေး ရှုံ့ပြသည်။ သူက. . .

“ဘာဖြစ်လို့လဲ”

“ဘာဖြစ်ဖြစ်ပေါ့”

“ဟင်. . .”

သူ့ကို ကြည့်ပြီး ဝိုင်းရယ်လိုက်ကြလေသည်။ ဘာမှန်းမသိပါဘဲနှင့် သူလည်း လိုက်ရယ်မိတော့၏။

✻ ✻ ✻ ✻ ✻

(၁၂)

“ကျွန်မတို့ အံ့ဩတာက တစ်ခုရှိတယ်”

“ဟုတ်ကဲ့”

“ရှင်က ဆွေးနွေးဖော်၊ ဆွေးနွေးဖက်လည်း မရှိဘဲ ဒီလောက်ကြမ်းတမ်းတဲ့ ဘဝကြီးနဲ့ လမ်းပေါ်မှာ နေရတာ”

‘အခြေအနေမဲ့’ ဟူသော စကားလုံးကို ရှောင်ပြောပေးသဖြင့် နွေမွန်ကို သူ ကျေးဇူးတင်မိသည်။ သူမ,စကား၏ ဆိုလို

ရင်းကိုလည်း လေးလေးစားစား နားထောင်လိုက်သည်။

"ဘယ်လိုဖြစ်ပြီး အနုပညာအမြင်တွေ ရှင်သန်နေရတာလဲ ဆိုတာကိုပါ"

"သိပ်တော့ မဆိုင်ဘူးထင်တယ်"

နဖူးကြောရှုံ့ပြီး သူပြောမိ၏။

"ဘာဖြစ်လို့လဲ"

"ဘဝက. . .နုနုကြမ်းကြမ်း၊ ဘယ်လိုဖြစ်ဖြစ်ပေါ့ဗျာ။ ကြည့်တတ် မြင်တတ်သူအတွက်တော့ အနုပညာဟာ ရှိတာပါပဲ"

"ဟဲ. . .ဟဲ. . .ဆိုစမ်းပါဦး"

နှင်းဆီဦးက ဝင်ထောက်ပေးသည်။ ဒေါ်ဝါးကတော့ နဘေးမှ မတ်တပ်ရပ်ပြီး သူ့ကို အူကြောင်ကြောင်ကြည့်နေသည်။

နွေမွန်၏ ပန်းချီစတူဒီယိုခန်းထဲသို့ သူတို့ရောက်နေကြခြင်း ဖြစ်သည်။ သူမတို့ နှစ်ယောက်စောင့်နေသည်ဟု ပြောပြီး ဒေါ်ဝါးက လာခေါ်ခြင်း ဖြစ်သည်။

ဒေါ်ဝါးက နွေမွန်တို့အိမ်မှာ ထမင်း၊ ဟင်း ချက်ပြုတ်ပေးရသူ ဖြစ်သည်။ အသက်ငါးဆယ်ခန့်ရှိပြီး ကျန်းမာ ကြံ့ခိုင်





သော မိန်းမကြီး ဖြစ်သည်။ သားသမီးများက ဂရုမစိုက်သဖြင့် ဆင်းရဲဒုက္ခရောက်နေသောကြောင့် ဦးရည်မွန်က ခေါ်ယူကြည့်ရှုထားခြင်းဟုလည်း သိရသည်။

ဒေါ်ဝါးက စကား သိပ်ပြောလေ့ မရှိ။ ကြမ်းတမ်းပြီး ရိုးအပုံလည်း ပေါ်သည်။ အခုလည်း. . .သူတို့တွေ အနုပညာအကြောင်း ဆွေးနွေးနေကြတာကို ကြည့်ပြီး နဝေတိမ်တောင်ဖြစ်နေသည်။ လိုက်လည်း နားထောင်နေသည်။

"တစ်ခုရှိတယ်ဗျ။ အနုပညာပစ္စည်းဆိုတာ လူတွေက ဖန်တီးမှ ရတယ်ဆိုပြီး ပြောကြတယ် မဟုတ်လား"

သူမတို့နှစ်ယောက်လုံးက ခေါင်းညိတ်ပြ၏။

"ဟုတ်တယ်လေ. . .အဲလိုပဲ သတ်မှတ်ထားကြတာပဲ"

"တဖြည်းဖြည်းနဲ့ လူတွေ မေ့သွားကြတာဗျ။ အဲဒီ အနုပညာဆိုတဲ့ အရာကို လူတွေဟာ သဘာဝတရားကြီးရဲ့ အလှအပကို ခံစားမိရာက သိလာ၊ ရှာတွေ့လာကြတယ် ဆိုတာကို ကြာတော့ လူတွေ မေ့သွားကြတာ"

နှစ်ယောက်လုံး စိတ်ဝင်တစားရှိကြသည်။

"အင်း. . .အဲဒီတော့"

"သဘာဝလောကကြီးမှာ အနုပညာတွေ အများကြီး ရှိ

တယ်ဗျ။ ကျွန်တော်က စကားပြောဖော်မရှိဘဲ လမ်းမပေါ် တစ်ယောက်တည်းနေရသူမို့လို့ လောကကြီးရဲ့ အလှအပတွေကို ပိုကြည့်ဖြစ်တယ်။ ပိုပြီး မြင်ဖြစ် တွေ့ဖြစ်တယ်”

“ဥပမာ. . .ပြောပြပါဦး”

“ဒီလိုဗျာ”

တစ်ချက်စဉ်းစားလိုက်ပြီးမှ. . .

“ကျွန်တော့်ကို ရေခဲတုံးတစ်တုံးလောက် ရှာပေးနိုင်မလား။ ငယ်လည်း မငယ်၊ ကြီးလည်း မကြီးပေါ့”

နွေမွန်က ဒေါ်ဝါးကို လှည့်ကြည့်သည်။ ပြီးမှ. . .

“အင်း. . .ရေခဲတုံး သွားယူခိုင်းတာတော့ ရမယ်။ ငယ်လည်းမငယ်၊ ကြီးလည်း မကြီးဆိုတာကတော့ ဒေါ်ဝါးကို ခိုင်းလို့ မဖြစ်တော့ဘူး”

ထိုသို့ ရေရွတ်ပြီး သူမ ကိုယ်တိုင် ထထွက်သွားတော့၏။

သူက နှင်းဆီဦးကို. . .

“မနွေမွန်လာမှ ဆက်ပြောပြမယ်နော်”

နှင်းဆီဦးက နှုတ်ခမ်းကို တွန့်ပြီး ခေါင်းညိတ်ပြသည်။

“ဟုတ်ကဲ့ရှင့်. . .ဟုတ်ကဲ့”





“ဟိုနေ့က ပန်းချီပြခန်းမှာ ကျွန်တော့်ကို ဘာလုပ်တာလဲ”

“ဘယ်သူက လုပ်တာလဲ”

“မနွေမွန်နဲ့ မနှင်းဆီလေ”

သူမ မျက်လုံးပြူးသွား၏။

“အလိုတော်. . .ရှင့်ကို ကျွန်မတို့က ဘာလုပ်လို့တုန်း”

“ကျွန်တော့်လက်ကို ကြည့်ကြတယ်လေ”

“သြော်. . .ဒါလား”

သူမက ခပ်မိန့်မိန့်ပြုံး၏။

“ရှင့်လက်က အနုပညာလက်လေ၊ ကျွန်မတို့က အဲဒါကို ကြည့်တာ”

ထိုအခိုက်မှာပင် နွေမွန် ပြန်ဝင်လာ၏။ ရေခဲတုံး ခပ်လတ်လတ်တစ်တုံး ပါလာသည်။

“ပေး. . .ကျွန်တော့်ကိုပေး”

မပြောမဆို ရေခဲတုံးကို နံရံနှင့် ကိုင်ရိုက်လိုက်၏။

“ခွမ်း”

ရေခဲတုံး နှစ်ခြမ်းပဲ့သွားသည်။ သူမတို့က မျက်တောင်မခတ် လိုက်ကြည့်နေကြ၏။ ဒေါ်ဝါးကလည်း သူ့ကို ကြည့်

လိုက်၊ ရေခဲတုံးကိုကြည့်လိုက်ဖြင့် အံ့သြနေပုံရသည်။

"ဒီမှာ. . .ကြည့်"

ရေခဲတုံးအကွဲ၏ မျက်နှာပြင်တစ်ဘက်မှာ အူကြောင်းများကို သူက ပြ၏။ အူကြောင်းများက ကြယ်ပုံသဏ္ဍာန် ဖြာထွက်နေပြီး အလွန်လှသည်။

"ဟယ်. . .လှတယ်တော့"

သူမတို့ သဘောကျနေကြသည်။

"အဲဒါမျိုးကို အရင်က အသေအချာကြည့်ဖူးလား"

နှစ်ယောက်လုံး. . . .တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ရှက်ရယ်ရယ်၏။

"ကြည့်တော့ ကြည့်ဖူးပါတယ်။ ဒါပေမယ့် အမှတ်တမဲ့ပဲ ကြည့်ဖြစ်တာ။ ဒီလောက် ဘယ်သတိထားမိမလဲ"

သူက တည်ကြည်စွာ ခေါင်းညိတ်ပြလိုက်၏။

"အင်း. . .ကျွန်တော်က သတိထားမိတယ်လေ"

"အင်း. . .အင်း"

အလေးအနက် နားထောင်နေကြလေသည်။

"တစ်ခါ တစ်ခါ ပူပြင်းတဲ့နေ့လည်ခင်းတွေမှာ သစ်ပင်ကြီးတစ်ပင်အောက် ဝင်ထိုင်ရင်း. . .ကျွန်တော် စဉ်းစားနေမိ





တယ်"

"ဟုတ်ကဲ့. . .ပြောပါဦး"

"လေတိုက်တိုင်း. . .သစ်ကိုင်း သစ်ရွက်တွေက ယိမ်းယိမ်းသွားကြတယ်။ အဲဒါက သိပ်မဆန်းသေးဘူး"

"ဟုတ်ကဲ့"

"သူတို့အယိမ်းမှာ မြေပေါ်က သူတို့အရိပ်တွေက ပုံစံအမျိုးမျိုး ပြောင်းပြီး ရွေ့လျားသွားကြတယ်။ အရမ်းလှတယ်"

နှင်းဆီဦးက ဖျောက်ခနဲ လက်ဖျစ်တီးသည်။ လွှတ်ခနဲအော်သည်။

"ကိုင်နက်တစ်အတ်ပဲ"

"အင်း. . .ဟုတ်တယ်"

နွေမွှန်ကလည်း ထောက်ခံသည်။ သူကိုလည်း မမြင်ဖူးသလို အသေအချာပြန်ကြည့်ကြသည်။ သူတို့ချင်း ပျော်ပျော်ရွှင်ရွှင် ပြောကြ၏။

"လတ်စသတ်တော့. . .သူက ဒီလိုကိုး"

"အေးလေ. . .သူက ခွင်တည့်နေတာဟ"

ပြီး. . .ရယ်ကြ၏။ သူ လိုက်မရယ်မိ။ ဒေါ်ဝါးကလည်း လိုက်မရယ်ချေ။ ထုံပေပေနှင့်ပဲ ထိုင်ကြည့်နေသည်။

"တစ်ခါတစ်ခါ ကျွန်တော်က လမ်းဘေးအုတ်နံရံကြီးတွေကို မှီပြီး အိပ်ရတယ်"

"ဟုတ်ကဲ့. . .အဲဒီတော့"

"အဲဒီအုတ်နံရံတွေမှာ စာတွေလျှောက်ခြစ်ထားတာ ရှိတယ်။ တေလေတွေ ၊ အမူးသမားတွေ၊ ဂျစ်ပဆီတွေကပေါ့"

"ဟုတ်ကဲ့"

"အဲဒီ. . .မညီမညာ လက်ရေးတွေကို ကျွန်တော်က အမျိုးမျိုး ဘောင်ခတ်ကြည့်တယ်။ စတုဂံပုံ၊ စတုရန်းပုံ ဘောင် အကျဉ်းအကျယ် အမျိုးမျိုးပေါ့"

နွေမွန်က စကားထောက်ပေး၏။

"ဟုတ်တယ်. . အလှကို မြင်တတ်ဖို့ဆိုတာ ဘောင်ခတ်ကြည့်တတ်မှုအပေါ် အများကြီး တည်တယ်။ ဘောင်ခတ်တဲ့ နည်းပညာကလည်း လွယ်လွယ်လေးနဲ့ ခက်တယ်"

"ဟုတ်တယ်. . .ကျွန်တော်က သင်္ချာရူး ရူးခဲ့တဲ့ ကောင်ဆိုတော့ ဘောင်မျိုးစုံခတ်ပြီး လျှောက်ကြည့်မိတယ်။ ကမ္ဘာဦး လူတွေ ဂူနံရံမှာ ရေးခဲ့တဲ့ အရုပ်စာတွေလိုပဲ အများကြီးလှသွားတယ်"

"အင်း"





သူ့စကားတွေ နားထောင်ရင်း. . .သူမတို့ နှစ်ယောက် အဝေးကို ငေးနေကြတော့သည်။ သူမတို့၏ စိတ်ထဲမှာ ဘာတွေကို တွေးနေမလဲ။ အဲဒါကိုတော့ သူလည်း မသိချေ။

"ခင်ဗျားတို့ သည်းခံနားထောင်မယ်ဆိုရင် ကျွန်တော် ပြောပြချင်တာ တစ်ခုရှိသေးတယ်"

သူမတို့၏ မျက်လုံးများ သူ့မျက်နှာပေါ် ပြန်စိုက်ကျလာသည်။

"ပြောလေ. . .နားထောင်မှာပေါ့"

"ပြောပါ ပညာရပါတယ်။ စိတ်ဝင်စားတယ်"

"ဒီလိုဗျာ"

စိတ်တွေက ကြမ်းတမ်းခဲ့သော အတိတ်ဘဝဆီ အူဝေဝေ မျောလွင့်နေသည်။ မျက်လုံးထဲမှာ သူဖြတ်သန်းခဲ့ရသည့် အထီးကျန်ညတွေကို မြင်ယောင်နေမိသည်။

"ညညကျရင်. . .ကြယ်တွေကို ကျွန်တော် ကြည့်နေမိတယ်။ ကြယ်ကလေးတွေက လင်းလိုက် မှိန်လိုက်နဲ့ ကျွန်တော့်ဆီကတော့ မကြားရဘူး။ ဒါပေမယ့် သူတို့တွေလည်း သီချင်းဆိုနေကြတာလို့ ကျွန်တော် ခံစားရတယ်။ သံစဉ်က နိမ့်လိုက်မြင့်လိုက်၊ ဆိုသံက တိုးလိုက် ကျယ်လိုက်နဲ့ပေါ့"

သူစကားထဲမှာ ဆွေးမြည့်သံတွေများ ပါဝင်နေသလား မသိ။ နှစ်ယောက်လုံးက. . .သူ့မျက်လုံးထဲကို စိုက်ကြည့်ပြီး ငြိမ်သက်နားထောင်နေကြသည်။

“သူတို့ဆိုရမယ့် သီချင်းသံစဉ်ကိုတော့. . .လမင်းက ချမှတ်ပေးတယ်လို့ ကျွန်တော် ယူဆတယ်”

“ဘာဖြစ်လို့လဲ”

နှင်းဆီဦးက မေးခြင်းဖြစ်သည်။

“ကြယ်တွေက လမင်းနဲ့အတူ အလင်းဝန်ကို ဝင်ထမ်းကြတာမဟုတ်လား။ လသာရင် တစ်မျိုး။ လမသာရင် တစ်မျိုး သူတို့မှိန်ကြ လင်းကြရတာ။ နားရှုပ်သွားကြလား. . မသိဘူး”

“မရှုပ်ဘူး. . .ဆက်ပြော”

“အဲဒါကြောင့် သူတို့ဆိုကြတဲ့ သီချင်းရဲ့ သံစဉ် အနိမ့်အမြင့်ကို လမင်းက ချမှတ်ပေးရတာလို့ ကျွန်တော် ယူဆတာ”

“အင်း. . .အဲဒီ အယူအဆလေး လှတယ်”

“အဲဒီ. . .ကြယ်သီချင်းနဲ့ လမင်းသံစဉ်ကို ညတိုင်းမှာ ကျွန်တော် ရှာကြည့်မိသည်”

“အင်း. . .အဲဒီစကားလုံးလေးလည်း လှတာပဲ”

ခပ်ဟဟ သူရယ်လိုက်သည်။





“မလှတာ လှုပဲ ရှိတော့တယ်ထင်တယ်။ ကဲ. . .ထားပါတော့ ကျွန်တော်က သင်္ချာသမားဆိုတာ မမေ့နဲ့နော်၊ ထပ်ပြောရဦးမယ်”

“အင်း. . .ပြောလေ”

“ပိုက်သာဂိုရီရမ်သင်္ချာဂိုဏ်းသားတွေက စကြဝဠာရဲ့ ဂီတသံကို သင်္ချာနည်းနဲ့ရှာဖို့ ကြိုးစားခဲ့ကြဖူးသည်။ **The music of spheres** လို့ သုံးတယ်”

“အင်း. . . မြင့်လာပြီ”

“မွန်မွန်ရေ. . .ကြာရင် တို့လိုက်မီပါဦးမလားမသိဘူး”

“မဟုတ်ဘူး အဲဒါတွေကို အကျယ်ပြောမလို့ မဟုတ်ပါဘူး။ ကျွန်တော်လည်း. . .ကြယ်သီချင်းနဲ့ လမင်းသံစဉ်ကို အနုပညာနည်းနဲ့ ရှာဖို့ ကြိုးစားခဲ့ဖူးတယ်လို့ ပြောချင်တာပါ။ သင်္ချာနည်းနဲ့မှ ရှာလို့မရဘဲလေ”

“အင်း”

“အဲဒါပါပဲဗျာ။ အဲလိုညတွေမှာ ကျွန်တော့်အနုပညာနဲ့ ပတ်သက်တဲ့ အတွေးတွေ အမြင်တွေ တပြန်တပြောကြီး စီးကျနေတတ်တယ်။ တခြားထွေထွေထူးထူးလည်း ပြောစရာမရှိတော့ပါဘူး။ လိုရင်းကို ခြုံမိပြီထင်ပါတယ် ”

"ဟုတ်ကဲ့. . .ကျေးဇူးပဲ ကိုမိုးလတ်ရယ်"

နှင်းဆီဦး၏စကားအဆုံးမှာ. . . .တိတ်ဆိတ် ငြိမ်သက်သွားကြသည်။ ခဏကြာမှ နွေမွန်က. . .

"ဒီမှာကြည့်စမ်း ကိုမိုးလတ်"

ပြားချပ်နေသော စက္ကူရုပ်ကလေးတစ်ရုပ်ကို ထုတ်ပြ၏။ သူချိုးထားသော စက္ကူရုပ်ကလေး ဖြစ်သည်။

"ဟိုတစ်နေ့က ကျွန်မ ရှင့်အခန်းဝက ကောက်ရတာ ရှင်ချိုးထားတာလားလို့ မေးဖို့ပဲ"

ပြားချပ်နေသော အရုပ်ကလေးကို ကြည့်ပြီး သူနှမျော နေမိသည်။

"အဲဒါ နေဦး ဆိုတဲ့လူ တက်နင်းသွားတာပဲ ဖြစ်မယ်"

သူ မကျေမချမ်းပြောတော့ သူမတို့ ဝိုင်းရယ်ကြ၏။

"ဘာဖြစ်လို့လဲ. . .ကျော်ဝင်း နင်းတာရော မဖြစ်နိုင်ဘူးလား"

"ဟင့်အင်း. .. မဖြစ်နိုင်ဘူး"

ခေါင်းတခါခါနှင့် ဆက်ပြောလေသည်။

"ဒီလောက်ပြားသွားမှတော့ နေဦးဆိုတဲ့လူ နင်းတာပဲ ဖြစ်လိမ့်မယ်။ ကျော်ဝင်းဆိုတဲ့ လူက ပိန်ပိန်လေး၊ နေဦးက





ဝဝကြီး"

သူမတို့ ရယ်ကြပြန်သည်။

"ရှင်က တစ်ခါတစ်ခါကျရင် ကလေးလေးလိုပဲ"

သူ ဘာမှ ပြန်မပြောလိုက်၊ နွေမွန်က. . .

"နေပါဦး ကိုမိုးလတ်"

"ဗျာ"

"ရှင့်အသက်က ဘယ်နှစ်နှစ်ရှိပြီလဲ"

"နှစ်ဆယ့်ရှစ်နှစ်"

ဘာမှ မပြောတော့ဘဲ. . .နှုတ်ဆိတ်သွားကြပြန်သည်။ အတန်ကြာမှ. . .

"ကိုမိုးလတ် အခန်းပြန်ရင် ပြန်တော့လေ"

"ချိုင်းထောက်မှ ပါမလာတာ ဘယ်လိုပြန်မတုန်း"

"ဟင်. . .ခုနက ဘယ်လိုလာတာတုန်း"

အောင့်သက်သက်ဖြင့် ပြောလိုက်သည်။

"ဒေါ်ဝါး ချီလာတာပေါ့"

တစ်လျှောက်လုံး ဘာစကားမှ မပြောဘဲ ငြိမ်နေသော ဒေါ်ဝါးက "ဟုတ်တယ်"ဟု ဝင်ပြော၏။ သူမတို့ ဝါးခနဲ ရယ်လိုက်ကြတာ တော်တော်နှင့် မဆုံး။ ပြီးမှ. . . နွေမွန်က ဒေါ်ဝါး

ကို. . .

"ဒါဖြင့်. . .အခု ပြန်ချီပို့လိုက်"

"ဟာ. . .ဟင့်အင်း. . ဟင့်အင်း ချိုင်းထောက်ပဲ သွားပြန်ယူပေး"

ခါးခါးသီးသီး ငြင်းရင်း. . .ရှက်ကိုးရှက်ကန်းဟန်လည်း ပေါက်နေသော သူ့ကို ကြည့်ကာ သူမတို့ ရယ်လိုက်ကြတာ သောသောကို ညံနေတော့၏။

သူ၏ အထီးကျန်ဘဝကို တစ်စတစ်စ ပါးလျလာပြီဟု တော့ မျှော်ယောင်ခံစားမိလေသည်။

✲ ✲ ✲ ✲ ✲





(၁၃)

"ဖေဖေ"

နွေမွန်ခေါ်သံကြောင့်. . .အိပ်ရာထက်မှာ မှိန်းနေသော ဦးရည်မွန်က မျက်လုံးဖွင့်ကြည့်သည်။

"ဒီမှာ. . .ကိုမိုးလတ်ကို ခေါ်လာပြီ"

"ဩော်. . . အေး. .အေး ထိုင်ခိုင်းလေ"

"ကိုမိုးလတ် ဒီရှေ့မှာ ထိုင်"

"ဟုတ်ကဲ့"

ဦးရည်မွန်၏ ခုတင်နံဘေးမှာ အသီးသီး ဝင်ထိုင်လိုက်ကြသည်။ ဦးရည်မွန်က လှဲနေရာမှ ထ၏။

"ဖေဖေ ရရဲ့လား"

"ရတယ်. . .ရတယ် သမီး"

ဥပဓိရုပ်ကောင်းသော ပုဂ္ဂိုလ်ကြီးတစ်ဦးပင် ဖြစ်၏။ ကျန်းမာရေးမကောင်းသဖြင့် ပိန်လှီပြီး အသားအရည် အနည်းငယ်ဖြူဖျော့နေသည်မှလွဲ၍ ကြည့်ကောင်းသူတစ်ဦးပင် ဖြစ်သည်။

မျက်လုံး ထူထူအောက်မှ မျက်လုံးများက သူ့ကို စိုက်ကြည့်၏။ ပြီး. . .သူ့ကို ဘာမှ မပြောသေးဘဲ နွေမွန်ဘက်လှည့်ကာ . . .

"အိမ်က ကားနဲ့ပဲ လာကြတာလား"

"ဟုတ်ကဲ့"

"ဘယ်သူမောင်းတာလဲ"

"ဖိုးစောပဲလေ"

"သူကရော ဘယ်ကျန်ခဲ့လို့လဲ"

"အပြင်မှာ ရှိတယ် ဟော . . .ဝင်လာပြီ"





ပြောရင်းဆိုရင်း. . .စောမင်းဝေ ဝင်လာသည်။ ကိုယ်ကို ရှို့ပြီး ခပ်ကျုံ့ကျုံ့ ဝင်ထိုင်သည်။ ပြီးမှ. .နှင်းဆီဦးနှင့် ကပ်လွန်းနေသဖြင့် ခုံကို အနည်းငယ် ပြန်ခွာသည်။ နှင်းဆီဦးက ပြုံးလေသည်။

နွေမွန်က. . .

"ကိုမိုးလတ်"

"ခင်ဗျာ"

"ဒါ. . .ရှင်တွေ့ချင်တဲ့ ကျွန်မဖေဖေ ဦးရည်မွန်ပဲ"

သူက ဦးညွှတ်ပြီး နှုတ်ဆက်လိုက်သည်။

"ဟုတ်ကဲ့ခင်ဗျ. .ကျွန်တော့်နာမည် မောင်မိုးလတ်ပါ"

ဦးရည်မွန်က ခေါင်းညိတ်ပြသည်။

"အေး. . .အေး မောင်မိုးလတ်အကြောင်းတော့ ဦးသိသင့်သလောက် သိပြီးပါပြီ"

"ဟုတ်ကဲ့"

"သမီးက ဖုန်းဆက်ပြီး ပြောပြောပြတယ်"

သူနှင့် နွေမွန် မျက်လုံးချင်း ဆုံမိကြသည်။ ဦးရည်မွန်က ဆက်ပြောသည်။

"မောင်မိုးလတ်အကြောင်းကြားရတာ. .ဦးလည်း စိတ်

ဝင်စားပါတယ်”

“ဟုတ်”

“ဦး သိချင်တာလေးတွေ နည်းနည်း ထပ်ပြောပြပါဦး”

“ဟုတ်ကဲ့ခင်ဗျ မေးပါ ကျွန်တော် ပြောပြပါ့မယ်”

“ဦး အားမနာတမ်း မေးမယ်နော်”

“ဟုတ်ကဲ့ခင်ဗျ မေးသာမေးပါ”

ဦးရည်မွန်က နှာခေါင်းကို လက်နှင့် တစ်ချက် ကုတ်ပြီး

“မောင်မိုးလတ် ဘယ်လိုဖြစ်လို့ အဲဒီဘဝကို ရောက်ရတာလဲ”

“အဲဒါက. . .”

စကားစကို ချက်ချင်းရှေ့မဆက်ဖြစ်။ အားလုံးက သူ့ကို ငေးကြည့်နေကြသည်။

“ဒီလိုပါ. . .ဦး”

“အေး. . .ပြောကွယ်”

“မိဘတွေက. . .ကျွန်တော့်ကိုယ်အောက်ပိုင်း သေတဲ့ ရောဂါပျောက်အောင်ဆိုပြီး နည်းပေါင်းစုံနဲ့ ကုပေးကြပါတယ်။ ရှိသမျှ စည်းစိမ်တွေ ကုန်လုလုပါပဲ။ နောက်ဆုံးမှာ ရန်ကုန်ကို ခေါ်လာခဲ့ကြပါတယ်”





“အင်း. . .”

“ဖြစ်ချင်တော့. .ရန်ကုန်အဝင်မှာ ကားမှောက်ပါတယ်။ မိုးကြီးလေကြီး ကျတဲ့ ညသန်းခေါင်ဖြစ်နေလို့ ဒီဖြစ်ရပ်ကို သတိထားမိသူတောင်. . .သိပ်မရှိလိုက်ပါဘူး။ ကားမောင်းသူရော၊ ကျွန်တော့်မိဘနှစ်ပါးရော ပွဲချင်းပြီး ဆုံးသွားတယ်လို့ ပြန်သိရပါတယ်”

“သြော်. . . ဖြစ်ရလေကွယ်”

နွေမွန်က သက်ပြင်းချ၏။

“ကျွန်တော်လည်း သတိလစ်သွားတယ်။ လေးရက်လောက် သတိလစ်နေတယ်၊ သတိပြန်ရတဲ့အချိန်မှာ ကျွန်တော် ဟာ ဂျစ်ပဆီ မိသားစုတစ်ခုရဲ့ တဲစုတ်ကလေးထဲ ရောက်နေပါတယ်”

“အင်း. . .”

“ကျန်းမာရေးက. . .တော်တော်နဲ့ ပြန်မကောင်းတဲ့အတွက် ကျွန်တော်ဟာ အဲဒီ အိမ်မှာပဲ သူတို့ကို ကူညီလုပ်ကိုင်ပေးရင်း ခြောက်လလောက်နေရပါတယ်”

“အင်း. . .ဆက်ပါဦး”

“နောက်တော့ သူတို့ရှာဖွေတာတွေကို ထိုင်မစားချင်

တာနဲ့ ကျွန်တော်ကိုယ်တိုင် ပိုက်ဆံထွက်ရှာဖို့ စီစဉ်ရပါတယ်။ ဒါပေမယ့် သူတို့လို တောင်းစားဖို့တော့ စိတ်ကူးမရှိပါဘူး”

“အင်း. . .ဘယ်လိုအစီအစဉ်ရှိထားလို့လဲ”

“ဒီလိုပါ ဦး. . . ကျွန်တော်က စက္ကူတွေကို အရုပ်ချိုးတဲ့နေရာမှာ ကျွမ်းကျင်ပါတယ်။ သူများတကာ မချိုးတတ်တဲ့ အရုပ်မျိုးတွေကိုတောင် ကျွန်တော်က ကိုယ့်ဘာသာကိုယ် ချိုးတတ်ပါတယ်”

“အင်း. . .ဟုတ်ပြီ”

“အဲလိုနဲ့. . .မူလတန်းကျောင်းလေးတစ်ခုမှာ ကျွန်တော်က စက္ကူတွေကို အရုပ်ချိုးပြီး ကလေးတွေကို ရောင်းပါတယ်။ ကလေးတွေကလည်း ဝမ်းသာအားရ ဝယ်ကြပါတယ်။ ဒါပေမယ့် အဆင်မပြေပါဘူး။ ပြဿနာ တက်ပါတော့တယ်”

“ဘာပြဿနာများလဲကွယ့်”

“ကျွန်တော် အဲဒီအိမ်မှာ နေတာကို သိတဲ့လူတွေ ရှိတယ်။ သူတို့ကလည်း ကျွန်တော့်ကို လက်ဖြန့်တောင်းသူလို့ပဲ သတ်မှတ်ထားကြတယ်။ ကျွန်တော် အဲလို လာရောင်းတာကို ဆရာ၊ ဆရာမတွေက မကြိုက်ဘူး။ ကလေးမိဘတွေကလည်း မကြိုက်ဘူး။ ကျွန်တော့်ကို မောင်းထုတ်လိုက်ကြတယ်”





“သြော်. . .”

“ကျွန်တော် အရမ်းဝမ်းနည်းသွားတယ်။ တခြားလည်း ဘာမှ လုပ်ကိုင်မစားသောက်တတ်ဘူး။ ကိုယ့်အောက်ပိုင်း သေနေတဲ့အတွက်ကြောင့် အခြား ဘာအလုပ်မှလည်း လုပ်ဖို့ မလွယ်ဘူး။ တခြား ဖြစ်နိုင်မယ်ထင်တဲ့နေရာတွေမှာ အလုပ်လိုက်တောင်းပါသေးတယ်။ မရဘူး။ ကျွန်တော့်ကို လက်မခံကြဘူး။ ကျွန်တော့်ကို အလုပ်မပေးဘဲ ကျွန်တော့်ရှေ့က မြေကြီးပေါ်ကို ငွေတိုငွေစလေးတွေ ပစ်ချပေးပြီး မောင်းထုတ်လိုက်ကြတယ်။ ကျွန်တော့်ကို ဒီအလုပ်ပဲ လုပ်ခိုင်းကြတယ်”

ပြောရင်း. . .သက်ပြင်းချမိ၏။ သက်ပြင်းငွေ့က ပူရှိန်လွန်းလှလေသည်။ ဖြစ်နိုင်မည်ဆိုလျှင် ပြန်မတွေးချင်ပါ။ မည်သူ့ကိုမှလည်း ပြန်မပြောပြချင်ပါ။

“ဒါနဲ့ပဲ ကျွန်တော် အဲဒီလိုဖြစ်သွားတယ် ဆိုပါတော့ဦးရယ်။ ဒါပေမယ့် ပြောစရာတစ်ခုတော့ ရှိတယ်”

“အင်း. . .ပြောပါဦးကွယ့်”

“သူတစ်ပါး ပိုက်ဆံကို ကျွန်တော် အလကားမယူပါဘူး။ ကျွန်တော်တောင်းစားတဲ့နေရာတိုင်းမှာ အဲဒီပတ်ဝန်းကျင်ကို ကျွန်တော် တတ်နိုင်သလောက် သန့်ရှင်းရေး လုပ်ပေး

တယ်။ ချိုင့်ကလေးတွေကို ဖို့ပေးတယ်။ ရေညှိတွေကို တိုက်ပေးတယ်။ ငှက်ပျောခွံတွေကို ဖယ်ပေးတယ်။ ကျွန်တော်တတ်နိုင်တဲ့ လုပ်အားလေးနဲ့ လူတွေကို ပြန်ပေးဆပ်ပါတယ်”

စောမင်းဝေ၏ ပင့်သက်ရှိုက်သံကို ကြားရသည်။ နှင်းဆီဦး၏ မျက်နှာမှာလည်း စိတ်မကောင်းဟန်ကို အထင်းသားမြင်ရ၏။ နွေမွန်က ခေါင်းငုံ့ထား၏။

ဦးရည်မွန်က မျက်နှာကျက်ကို မော့ကြည့်ရင်း နားထောင်နေသည်။

“နောက်တော့ ကျွန်တော်နေတဲ့ ဂျစ်ပဆီ အစုကလေးထဲမှာ ဝမ်းရောဂါတွေ ဖြစ်လာတယ်။ တစ်ယောက်ပြီး တစ်ယောက် ရှေ့ဆင့် နောက်ဆင့် သေကြတယ်။ ကျွန်တော် တစ်ယောက်တည်း ကျန်ရစ်ခဲ့ပြန်တယ်။ အဲဒီလိုနဲ့ လမ်းပေါ်မှာ လှည့်လည် တောင်းစားရတဲ့အဖြစ်. . .သုံးနှစ်လောက် ကြာခဲ့တယ်”

ဦးရည်မွန်က တစ်ခုဖြတ်မေး၏။

“အဲဒီကာလတွေထဲမှာ ဒီဘဝက လွတ်မြောက်အောင် မောင်မိုးလတ် ကြိုးစားသေးသလား”

နှုတ်ခမ်းကို ကိုက်ထားလိုက်မိ၏။ အချိန်အတော်ကြာ





သည်အထိ မဖြေဖြစ်။

“ကျွန်တော် မှန်ရာကို ဝန်ခံပါ့မယ် ဦး”

“အေး. . .ပြောကွယ်”

“အဲဒီကာလတွေမှာ ကျွန်တော် စိတ်ဓာတ်အရမ်းကျနေတယ်။ ကျွန်တော့်စိတ်ကို. . .လျှော့ထားလိုက်တယ်။ ကျွန်တော့်ဘဝကိုလည်း ဒီလိုနဲ့ ပြီးသွားပါပြီလို့ သဘောထားလိုက်တယ်။ ဒါပေမယ့်. . .တစ်နေ့မှာ ခံစားချက်တစ်ခုကို ကျွန်တော် ရလိုက်တယ်”

“ပြောစမ်းပါဦးကွယ်”

“ဒီလိုပါ. .ဒဏ်ရာရထားတဲ့ ငှက်ပေါက်စလေး တစ်ကောင်ကို ကျွန်တော်က စောင့်ရှောက်ပြီး မွေးထားခဲ့ဖူးတယ်။ ငှက်ကလေးက ကျွန်တော်နဲ့လည်း ခင်နေပြီ။ ဒါပေမယ့် ဒဏ်ရာတွေ လုံးဝပျောက်သွားတဲ့တစ်နေ့မှာ သူ့ဟာသူ အသိုက်ကို ပျံသွားတယ်။ ကျွန်တော် ဝမ်းနည်းပမ်းနည်း ကျန်ရစ်ခဲ့ရတယ်။ တစ်ဆက်တည်း ကျွန်တော့်မှာလည်း အတွေး တစ်ခုဝင်လာတယ်”

“အင်း. . .”

“ကျွန်တော်”

စကားကို ခဏရပ်လိုက်၏။ ပြီးမှ . . .

"ကျွန်တော်လည်း ကျွန်တော့်အိမ်ကို ပြန်ချင်မိတယ်။ အဖေတို့၊ အမေတို့ မရှိကြတော့ပေမယ့် ကျွန်တော့်မှာ အိမ်ရှိသေးတယ်။ ကိုယ့်အိမ်ကို ပြန်ချင်တယ်။ ညညတွေမှာ ကြယ်တွေကို ကြည့်ပြီး ကျွန်တော့်စိတ်တွေကတော့ အိမ်ကိုပဲ ပြန်နေမိတယ်။ ညနေစောင်းတွေမှာ အိပ်တန်းပြန်ကြတဲ့ ငှက်တွေကို မြင်ရင်တောင် ကျွန်တော့်အတွက် ကျွန်တော် ကြေကွဲမိတယ်။ အားလည်း ငယ်တယ်"

နွေမွန် ခေါင်းပြန်မော့လာသည်။ သူ့ကို ငေးကြည့်နေ၏။ သူမ မျက်လုံးထဲမှာ အကြင်နာတရားတွေ ယှက်ဖြာပါဝင်နေ၏။

"အဲဒီလိုနဲ့. . . တစ်နေ့မှာ ကျွန်တော် ကြည့်နေကျ ကောင်းကင်ကြီးထဲကို မီးပုံးပျံလေး တက်လာတယ်။ သီတင်းကျွတ် ရောက်ပြီလေ။ အိမ်ရှိသူတွေက ကိုယ့်အိမ်မှာ ကိုယ် မီးထွန်းကြတယ်။ ဖယောင်းတိုင်လေးတွေကို ကျွန်တော် စုထားပါရဲ့။ ဒါပေမယ့် မီးထွန်းစရာ အိမ်မရှိဘူး။ အဲဒီလို ကျွန်တော် ခံစားနေရတုန်းမှာပဲ ဦးလွှတ်တင်လိုက်တဲ့ မီးပုံးပျံက ကျွန်တော့် အနားကို လာကျတယ်"





ဦးရည်မွန်က ခေါင်းညိတ်ပြ၏။

"အဲဒီ မီးပုံးပျံမှာ ဦးရေးလိုက်တဲ့ စာပါတယ်"

"ဟုတ်ကဲ့. . .အဲဒီစာကို ဖတ်ပြီး ကျွန်တော် အရမ်းအားတက်သွားတယ်။ ဒီမီးပုံးပျံကို ရတဲ့လူ ကြိုက်တဲ့အကူအညီ တစ်ခုတောင်းပါ။ ပေးမယ်ဆိုပြီး ဦးက နာမည်နဲ့ လိပ်စာထည့် ပေးလိုက်တာကိုး။ အဲဒါနဲ့. .ကျွန်တော်လည်း လမ်းဘေး စာတိုက်ပုံးတစ်ခုကနေ ဦးဆီကို ဆက်သွယ်လိုက်တာပဲ"

"အေး. . .အဲဒီစာကို ဦးရတယ်။ အဲဒီစာမှာ ရေးထားတာ မောင်မိုးလတ်ရဲ့ လက်ရေးပဲလား"

"ဟုတ်ကဲ့"

"လက်ရေးလက်သား အကောင်းသားကွယ့် ဦးက. ."

အားနာဟန်နှင့် ပြုံးပြီး ဆက်ပြောသည်။

"လမ်းတေလေတစ်ယောက်လို့ ဘယ်ထင်မိပါ့မလဲ"

မောင်မိုးလတ်စာထဲမှာ. . .ရေးထားတဲ့ လိပ်စာက ဘုန်းကြီးကျောင်းလိပ်စာနော်"

"ဟုတ်ကဲ့ ကျွန်တော်က အဲဒီမှာ နေတာတော့ မဟုတ်ပါဘူး။ အဲဒီကျောင်းဝင်းကြီး နောက်ဖက်မှာ အဖော် ဂျစ်ပဆီကြီး တစ်ယောက်နဲ့အတူ နေကြရတာပါ။ ဆရာတော်ကိုတော့

လျှောက်ထားပါတယ်။ ဦးဆီက. . .ပြန်ဆက်သွယ်လာရင် ကျွန်တော့်ကို ပြောပါလို့”

“အေး. . ဦးကလည်း မောင်မိုးလတ်ကို သာမန်အရပ်သားတစ်ယောက်ထင်ပြီး စားသောက်ဆိုင်ကို အရင်လာခိုင်းလိုက်တာ။ သမီးကို လွှတ်ခေါ်ခိုင်းလိုက်တာ”

“ဟုတ်ကဲ့”

“ပြီး. . .မောင်မိုးလတ် မြင်တဲ့အတိုင်းကွယ်။ ဦးကလည်း ကျန်းမာရေးမကောင်းဘူး။ နှလုံးရော၊ သွေးတိုးရော၊ ဆီးချိုရော၊ အို. . . စုံလို့ပါပဲကွယ်”

“ဟုတ်ကဲ့”

ဦးရည်မွန်က ကိုယ်ကို ပြင်ထိုင်ရင်း. . .

“ကဲ. . . မောင်မိုးလတ်. . .ဦး ပြောမယ်”

“ဟုတ်ကဲ့ခင်ဗျ”

“အဲဒီဘဝကနေ လွှတ်မြောက်ခဲ့ပြီလို့. .မောင်မိုးလတ် သဘောထားလိုက်တော့”

“ဟုတ်ကဲ့ ခင်ဗျ”

“ဦးမှာ ကူညီနိုင်တဲ့ အင်အားရှိပါတယ်”

“ဟုတ်. . . ဟုတ်ကဲ့ ကျေးဇူးပါပဲ ဦးရယ်”





“ဆယ်နှစ်လောက် ရှိပြီ။ ဦးက သီတင်းကျွတ်တိုင်းမှာ အဲဒီလို မီးပုံးပျံနဲ့ စာလွှတ်တင်လေ့ရှိတယ်”

“ဟုတ်ကဲ့”

“ပထမနှစ်မှာတော့ ဘာမှ မထူးခြားဘူး။ ဒုတိယနှစ်မှာ. .တစ်ယောက် ရောက်လာတယ်။ ဦး ကူညီထားလိုက်ပါတယ်။ ဒေါ်ဝါးပေါ့”

“ဪ. . .ဟုတ်ကဲ့”

“နောက်နှစ်တွေမှာလည်း ဘာမှ မထူးခြားဘူး။ ဒီနှစ်မှ မောင်မိုးလတ် ဆက်သွယ်လာတယ်”

“ဟုတ်ကဲ့”

“စိတ်ချ. . .ဦး ကူညီမယ်။ မင်းအိမ်ကိုရောက်အောင် ဦးပြန်ပို့ပေးမယ်။ တစ်ခုတော့ ရှိတယ်။ မင်းအိမ်နဲ့ ပတ်သက်လို့ကတော့ ကြိုတင်စုံစမ်းရဦးမယ်။ ရှိသေးရဲ့လား။ ကောင်းကော ကောင်းသေးရဲ့လား၊ ဘယ်သူများ တက်နေနေလဲ၊ မင်းပြန်သွားလို့ကော အဆင်ပြေမှာလား အားလုံးကို စုံစမ်းရဦးမယ်”

“ဟုတ်ကဲ့ ဦး. . .ဟုတ်ပါတယ်”

“အဲဒီကြားထဲမှာတော့ မင်း ဦးအိမ်မှာပဲ နေလေ။ အား

နာစရာ မရှိပါဘူး။ မင်းကို ဦး စိတ်ချပါတယ်။ အစ်ကိုကြီးက လည်း မင်းကို အာမခံသွားတယ်”

ဦးဝေမွန်ကို ဆိုလိုပုံရသည်။ သူ့စိတ်ထဲမှာ ဤမိသားစု၏ ကျေးဇူးတွေကို ဘယ်လိုပြန်ဆပ်ရပါ့မလဲဟုပင် ဝေခွဲမရ ဖြစ်သွား၏။

ထိုအချိန်မှာပင် ဦးရည်မွန်ကို ကုသပေးနေသည့် ဆရာဝန်ရောက်လာသဖြင့် စကားစဖြတ်ပြီး လူစုခွဲလိုက်ကြသည်။

စောမင်းဝေက သူ့အပါးသို့ တိုးတိုးလာပြော၏။

“ခင်ဗျားဗျာ. . .ဘာကိစ္စအိမ်ပြန်ဖို့ အကူအညီတောင်းရတာလဲ။ သူ့သမီးကို တစ်ခါတည်း တောင်းလိုက်ရင် ပြီးရော”

သူ နည်းနည်း ရှက်သွားလေသည်။

✲ ✲ ✲ ✲ ✲





(၁၄)

သူမတို့ အလုပ်ရှုပ်နေကြသည်။ သူလည်း အေးအေးမနေရ။ အခေါ်တော်ရှိသဖြင့်. . .သူမတို့နဘေးမှာ ထိုင်နေရသည်။

“ကိုမိုးလတ် ဒါတွေ ကြည့်စမ်းပါ”

နှင်းဆီဦးက နိုင်ငံခြားစာအုပ်တွေ ထုတ်ပေးသည်။ ပန်းချီကကတလောက်များ ဖြစ်၏။ နိုင်ငံတကာမှ မော်ဒန်

ပန်းချီဆရာများ၏ ပန်းချီပြကွက်အမျိုးမျိုး ပါဝင်သည်။

သူ စိတ်ဝင်တစား လေ့လာနေမိသည်။

“ကိုမိုးလတ်”

နွေမွန်က ခေါ်ခြင်း ဖြစ်သည်။

“ဗျာ. . .”

“အဲဒီစာအုပ်ကိုဖတ်တာ ဘယ်လိုသဘောရလဲ”

“ကောင်းတယ်ဗျ၊ ကျွန်တော် သဘောကျတယ်”

“ကျွန်မတို့လည်း အဲဒါမျိုး အပြတ်ကြဲမလို့”

“လုပ် . . လုပ် . . ကောင်းတယ်”

သူမတို့ ရိုက်ထားသော ဓာတ်ပုံများကို ထုတ်သည်။ အမှတ်တမဲ့ မြင်ရသော အနေအထားများထဲမှ. . .အနုပညာ မြောက်သည်ဟု ယူဆရသော အကွက်အကွင်းများကို ရိုက်ကူး ထားခြင်းဖြစ်သည်။

သူမတို့ခေါင်းချင်း ဆိုင်ပြီး ကြည့်နေကြ၏။ ကောင်း ကင်ကို ရိုက်ထားသော ပုံများ၊ ရေပြင်ကို ရိုက်ထားသော ပုံများ၊ အဖြစ်အပျက် အမျိုးမျိုးကို ရိုက်ထားသောပုံများ အကုန်ပါ သည်။

“ဒီမှာကြည့်စမ်း လှတယ်နော်”





နှင်းဆီဦးက. . .သူရိုက်ထားသော ဓာတ်ပုံတစ်ပုံကို ပြ သည်။ နွေမွန်က

“အင်း. . . လှတယ်။ ဒီဇိုင်းတစ်ခု ဖြစ်နေတာပဲ”

သူ့ကိုလည်း ပြသဖြင့် ကြည့်ရ၏။

“အင်း. . .လှပါတယ်။ ပေပါတွေ စီထားတာ မဟုတ် လား”

“ဟုတ်တယ်”

နွေမွန်က ထိုအစီအစဉ်ကို စိတ်ဝင်စားနေသည်။


“အဲဒီပေပါတွေ ဘယ်နှစ်လုံးရှိသလဲ”

“အဲဒါတော့ ငါလည်း မသိဘူးဟ”

“ရေကြည့်စမ်းပါဟာ ငါတို့ တွက်ဆလို့ရအောင် ”

“အေး . . . ကောင်းသားပဲ”

နှင်းဆီဦးက ခဲတံလေးတစ်ချောင်းနှင့် ထောက်၍ ပေပါ များကို ရေတွက်ရန် ပြင်သည်။



"အောက်ဆုံးတန်းကတော့. . .ပေပါအလုံးနှစ်ဆယ် ရှိတယ်"

"ဒေါင်လိုက်အတန်းကရော"

"အင်း . . . နေဦး ရေလိုက်ဦးမယ်"

နှင်းဆီဦးက နှုတ်မှ တစ်၊ နှစ်၊ သုံး၊ လေး အော်ရေပြီး

"ဒေါင်လိုက်သွားတာလည်း အလုံးနှစ်ဆယ်ပဲဟ"

သူက ဝင်ပြောလိုက်သည်။





"အဲဒါဆိုရင်. . .ပေပါအလုံးပေါင်း နှစ်ရာ့တစ်ဆယ် ရှိလိမ့်မယ်"

"အံမယ်"

သူ့ကို ဖျတ်ခနဲ လှည့်ကြည့်ကြ၏။

"ကိုမိုးလတ်က အမြင်နဲ့ ရေကြည့်နေတာပေါ့ ဟုတ်လား. . .ဘေးက နေပြီး"

"မဟုတ်ပါဘူး"

"ဒါဖြင့်. . .နှစ်ရာ့တစ်ဆယ်လို့ ဘာလို့ ပြောတာလဲ"

"မယုံရင် ရေကြည့်ပေါ့"

နွေမွန်က နှုတ်ခမ်းစူသည်။

"ဟုတ်ရင်တော့ ဟုတ်ပေါ့"

ပြောပြောဆိုဆို. . .တတ်ပုံကို ဆွဲယူပြီး ပေပါများကို တစ်လုံးချင်း သူ ရေတွက်လေသည်။

"နှစ်ရာ့တစ် နှစ်ရာ့နှစ်၊ နှစ်ရာ့သုံး ဟာ. . ဟုတ်တယ်မတော့. . .နှစ်ရာ့တစ်ဆယ်"

သူ့ကို လှည့်ကြည့်ကြ၏။ သူပြုံးပြုံးကြီး လုပ်နေလိုက်သည်။ နှင်းဆီဦးက. . .

"ကိုမိုးလတ်"

"ဗျာ. . ."

"ရှင်က. . .ဒါ ဘာအချိုးလဲ"

"ဟင်. . .ဘာဖြစ်လို့လဲ"

"ရှင်က. . .ဘယ်လိုလုပ် သိနေရတာလဲ"

"သင်္ချာနည်းနဲ့ တွက်ကြည့်တာလေ"

နှစ်ယောက်လုံးက သူ့ကို မျက်လုံးပြူးပြကြသည်။

"ဘယ်လိုတွက်တာတုန်း"

ပြိုင်တူမေးကြ၏။

"အောက်ဆုံးတန်းက အလုံးအရေအတွက်ရယ်၊ အပေါ်ဆုံးက တစ်လုံးရယ်ကို ပေါင်း"

"အင်း. . ."

"ပေါင်းလိုက် ဆင်းလာတဲ့ အလုံးအရေအတွက်နဲ့. . . မြှောက်"

"အင်း. . .ပြီးတော့"

"အဲဒါကို နှစ်နဲ့ပြန်စား"

"အဲဒီတော့ ဘာဖြစ်သလဲ"

"အဲဒီတော့ နှစ်ရာ့တစ်ဆယ်ရတာပေါ့"

သူမတို့ မကျေမနပ်မျက်နှာနှင့် ရယ်ကြသည်။





နွေမွန်က သူပြောသည့်အတိုင်း တကယ်ချတွက်၏။

$$\frac{(၂၀+၁) \times ၂၀}{၂} = ၂၁၀$$

"ဒီလိုကျတော့လည်း လွယ်သားပဲ"

"အဲဒါက ဒီလိုရှိတယ်"

ထိုစကားကို နှင်းဆီဦးက ပြောခြင်းဖြစ်၏။ ပြီး သူ့ဘက်လှည့်ကာ. . .

"ဘယ်လိုရှိလဲဆိုတာ ဆက်ရှင်းပြလိုက်လေ"

သူမ ရှင်းပြမလိုလိုလုပ်ပြီးမှ သူ့ဆီ လှည့်ပေးလိုက်ခြင်းဖြစ်၏။ အဟဲ. . .ခနဲ ခေါင်းကိုကုပ်ပြီး ရယ်နေလိုက်သည်။

နွေမွန်က ရှင်းဦးလေဟူသော အကြည့်ဖြင့် ကြည့်၏။

"အဲဒါက. . .စီကတည်းက ရေရလွယ်အောင် စီထားတာ၊ အလှစီထားတာ မဟုတ်ဘူး။ အဲဒီလို စီထားရင် အဲဒီပုံသေနည်းနဲ့တွက် အလုံးအရေအတွက်ကို ရမယ် ဒါပဲ။ ဘာမှ ရှင်းနေစရာ မလိုဘူး"

"သြော်. . .ဒီလိုလား"

"အင်း. . .ဒီလို"

နွေမွန်က ခါးထောက်လိုက်သည်။

"ကိုမိုးလတ်. . ."

ခပ်ပြတ်ပြတ်ခေါ်၏။

"ဗျာ. . ."

"ရှင်. . .နားလည်လား"

"ဗျာ. . ."

"ကျွန်မ ရှင့်ကို သိပ်မနာလိုတော့ဘူး"

ပြီး. . .သူမဘာသာ ရယ်သည်။ နှင်းဆီဦးနှင့် သူလည်း လိုက်ရယ်မိတော့၏။ ရယ်သံများအဆုံးမှာ နှင်းဆီဦးက မျက်နှာထား တည်တည်ဖြင့် မေးလာသည်။

"ကိုမိုးလတ်. . .ကျွန်မ မေးချင်လို့"

"ဘာမေးမှာလဲ. . ."

"အဲဒါဆိုရင် ဒီဇိုင်းသဘောတရားတွေနဲ့ သင်္ချာသဘောတရားက အဆက်အစပ်ရှိတာပေါ့"

ခေါင်းညိတ်ပြလိုက်သည်။

"အင်း. . .ရှိတာပေါ့"

"နည်းနည်းပြောပြစမ်းပါဦး"

"ဥပမာဗျာ"

"ဟုတ်ကဲ့. . ."





"ဂရိ ပန်းချီ၊ ပန်းပုပညာရှင်တွေကဆိုရင် သူတို့အနုပညာပစ္စည်းတွေမှာ လှပတဲ့အနေအထားရှိဖို့အတွက် သုံးတဲ့အချိုးအစားတစ်ရပ်ရှိတယ်။ ရွှေအချိုးလို့ ခေါ်တယ်။ **Golden Ratio** တဲ့"

"ဟင်. . .ဟုတ်လား. . .ကျွန်မတို့ မသိဘူး။ ကျွန်မတို့လည်း ဝိဇ္ဇာနဲ့ ကျောင်းပြီးတာဆိုတော့. . .အဲဒါတွေနဲ့ ကင်းကွာတယ်၊ ထားပါတော့. . .ဆက်ပြောပါဦး"

"အဲဒီရွှေအချိုးက **1 : 0.62** လေ"

"ဟုတ်လား. . ."

"ဟုတ်တယ် အေသင်မြို့က ပါသီနွန်ဆိုတဲ့ အဆောက်အဦကြီးဟာ အဲဒီအချိုးအတိုင်း ဆောက်ထားတာပေါ့၊ နာမည်ကြီးပဲ"

"ဩော်. . .အင်း. . .အင်း"

နှစ်ယောက်သား မျက်လုံးလေးများ ဝိုင်းနေကြ၏။

"ဥပမာ ထပ်ပြောရရင်ဗျာ"

"အင်း. . . ပြောပါဦး"

"ခုနက. . .ပန်းချီကတ်တလောက်ထဲမှာပါတဲ့ ပြကွက်အများစုဟာ. . ."

"အင်း. . .အင်း. . .ဆိုပါဦး"

သူမတို့ ပိုစိတ်ဝင်စားသွားကြ၏။

"အလျားလိုက် ဖြန့်ပြတာတွေ ရှိတယ်။ ဒေါင်လိုက်ထောင်ပြတာတွေ ရှိတယ်။ ယိမ်းညွတ်မှုသဘောတွေ နည်းတယ်။ ယိမ်းညွတ်မှုဒီဂရီ နည်းတယ်။ အဲဒီဘက်မှာ အားနည်းချက်ဖြစ်နေတယ်။ အဲဒါကို ဖြည့်ပေးနိုင်ရင် ပိုကောင်းမယ်"

"အိုကေ. . ."

နှင်းဆီဦးက အရင်တစ်ခါလိုပဲ လက်ဖျစ်တီး၏။ ပြီးမှ

"ဟဲဟဲ. . .ခက်တာက အဲဒီယိမ်းညွတ်မှုဒီဂရီကို ကိုယ်လည်း ဘယ်လိုဖြည့်ရမှန်းမသိဘူး"

သူ. . .ပေါ့ပါးစွာ ရယ်လိုက်မိ၏။ သူမတို့နှင့် ဆက်ဆံရတာက လွတ်လပ်ပြီး ပျော်စရာကောင်းသည်ဟု ထင်မိသည်။

"ကိုမိုးလတ်. . ."

"ခင်ဗျာ. . ."

"ရှေ့အပတ်ထဲမှာ ကျွန်မတို့တစ်တွေ စုပေါင်းပြမယ့် ပန်းချီပြပွဲတစ်ခုရှိတယ်။ အဲဒီအထဲမှာ နှင်းဆီမပါဘူး၊ ကျွန်မပါတယ်"

"ဟုတ်ကဲ့. . ."





"အဲဒီမှာ. . .ကျွန်မ ထူးထူးခြားခြား ပြကွက်ကလေးတွေ ပြနိုင်ဖို့အတွက် အကြံဉာဏ်တစ်ခုခု ပေးပါလား"

တစ်ချက် စဉ်းစားရသည်။ ပြီးမှ ခေါင်းကို ဖြည်းညင်းစွာ ညိတ်လိုက်၏။

"ဟုတ်. . .ဟုတ်ကဲ့. . .ရ ရပါတယ်"

"တကယ်လား. . ."

"တကယ်ပါ. . ."

"အိုကေ. . ."

နွေမွှန်က နှင်းဆီဦး၏ လက်ဖဝါးနှစ်ဖက် ဆွဲယူပြီး တစ်ခုနှင့် တစ်ခုရိုက်ကာ လက်ခုပ်တီးလိုက်၏။ နှစ်ယောက်လုံးက သူ့ကို ပြုံးကြည့်နေကြသည်။ ဘာကြောင့်မှန်းမသိဘဲ သူရှက်နေပြန်လေသည်။

✲ ✲ ✲ ✲ ✲

(၁၅)

"ကျွန်တော့်မွေးရပ်မြေရှိ ကျွန်တော်တို့ အိမ်အိုကြီးနောက်တွင် ကန်ကလေးတစ်ကန် ရှိပါသည်။ ကန်အလယ်တွင် ကျွန်းကလေးတစ်ကျွန်းရှိရာ. . .ထိုကျွန်းကလေးသည် ကျွန်တော် လူမမယ်ဘဝ၏ နတ်သမီးတိုင်းပြည်တစ်ခုဖြစ်ခဲ့ပါသည်။ တစ်ခါတစ်ရံတွင် ကျွန်တော်သည် ကန်စပ်တွင်ရပ်ကာ ကန်ထဲမှာ ငါးကလေးများ၊ ကျူပင်များကို ငေးကြည့်နေတတ်

ပါသည်။

တစ်ခါသော် ရေပြင်ပေါ်သို့ ထိုးဆင်းလာသော ပိန်ညင်းခေါ် ရေညှောင့်ကောင်နှစ်ကောင်ကို မြင်လိုက်ရရာ လက်ခနဲမြင်လိုက်ရသော သူတို့တောင်ပံမှ အရောင်ကိုကြည့်၍ ကျွန်တော် ကြည်နူးသွားသည်။

စစ်ပြီးသည့်နောက်တွင် ကျွန်တော်သည် မွေးရပ်မြေသို့ တစ်ခေါက်ပြန်ရောက်ခဲ့ပါသည်။ တစ်ခါက နတ်သမီးတိုင်းပြည်ဟု ကျွန်တော်ခေါ်ခဲ့သော ရေကန်ကလေးမှာ ကျွန်တော်ငယ်စဉ်ကလောက် သာယာခြင်းမရှိတော့ပါ။ သို့တိုင်အောင် ကန်စပ်တွင်ရပ်၍ ကန်ရေပြင်ကို မျှော်ကြည့်လိုက်တိုင်း ကျွန်တော်ငယ်စဉ်က မြင်ခဲ့ရသော ပိန်ညင်းငှက်မောင်နှံတို့၏ လှပသည့် ရှုခင်းကလေးကိုလည်းကောင်း၊ ရေပြင်တွင် ရှပ်တိုက် ပျံသန်းသွားကြသော ပိန်ညင်းငှက်မောင်နှံတို့၏အလှကိုလည်းကောင်း၊ ကျွန်တော့်မျက်စိထဲတွင် မြင်ယောင်နေဆဲပင် ဖြစ်ပါသည်။

ယခုဇာတိမြေရောက်၍ ဥသြတွန်သံကိုကြားလိုက်သည့်အခါတွင်မူကား ကျွန်တော်ငယ်စဉ်ကရခဲ့သည့် ကြည်နူးမှုမျိုးကို ပြန်၍ရလိုက်ပါသည်။





ကျွန်တော့်ဇာတိသည် မြို့ငယ်ကလေးတစ်မြို့ဖြစ်သည့်တိုင် ကျေးရွာများမှ ကြက်တွန်သံများနှင့် ခွေးဟောင်သံများကို ကြားရတတ်ပါသည်။ ကြက်တွန်သံနှင့် ခွေးဟောင်သံတို့ကို ကြား၍ လွမ်းသည်ဟုဆိုလျှင် တချို့က အံ့အားသင့်ကြပါလိမ့်မည်။ သို့ရာတွင် ကျွန်တော့်မှာမူ ထိုအတိုင်းပင် ဖြစ်နေပါသည်။

\- - - - - - - - - - - - - - - - - - - - - - - -

\- - - - - - - - - - - - - - - - - - - - - - - - - - -

တော်ပါပြီ။ ဖတ်၍မဆုံးသေးခင်မှာဘဲ စာအုပ်ကို လက်မှပြန်ချလိုက်သည်။ ဆက်ဖတ်နိုင်စွမ်းမရှိတော့။ ရင်ထဲမှာ လွမ်းသလိုလို ခံစားလာရသည်။

ဘာသာပြန်အက်ဆေးစာအုပ်တစ်အုပ်ကို ဖတ်နေခြင်းဖြစ်သည်။ 'ဆရာထက်အောင်' ၏ 'မြန်မာပြန်ရသစာတမ်းများ' အမည်ရှိ စာအုပ်ဖြစ်၏။ နှင်းဆီဦးက 'ဖတ်ချင့်ရင်ယူထား' ဟု ဆိုကာ ပေးသွားခြင်းဖြစ်သည်။

အဝေးကို ငေးနေမိသည်။ ပြတင်းပေါက်နားမှာ ငြိမ်ငြိမ်သက်သက်ထိုင်ပြီး အပြင်ကိုငေးကြည့်နေရသော နေ့ရက်များသည် ငယ်ဘဝမှစ၍ ယနေ့တိုင်အောင် များလွန်းလှချေပြီ။

လွမ်းသည်။

အိမ်ကို လွမ်းသည်။

ကိုယ့်မြို့ကလေးကို လွမ်းသည်။

စိတ်တွေ ကသီကရိဖြစ်နေသည်။ ပင့်သက်ရှိုက်လိုက်မိ၏။ နေမရထိုင်မရဖြစ်နေသလို ခံစားရသော်လည်း သူများတကာတွေလို ထိုင်လိုက်ထလိုက် လုပ်နိုင်စွမ်းလည်း မရှိ။

ခေါင်းအုံးအောက်မှ ဗလာစာအုပ်ကလေးကို ဆွဲယူလိုက်သည်။ ဤအိမ်ကြီးထဲသို့ ရောက်စနေ့က နွေမွန်က ဖတ်ရန်တောင်းကြည့်သော စာအုပ်ကလေးဖြစ်သည်။ သူ ပေးမဖတ်ခဲ့သောစာအုပ်ကလေးလည်း ဖြစ်သည်။

စာအုပ်ကလေးကို ဖွင့်၏။ တစ်ရွက်ချင်း လှန်ကြည့်နေမိသည်။ စာရွက်တိုင်းမှာ ရေးသားထားသည်များက သူ၏ ဆေးကုသမှုမှတ်တမ်း။

မြို့နှင်းတို့ အုံ့ပြိုကျနေသော ဆောင်းညတစ်ညမှာ ဖြစ်သည်။ လမ်းဘေးမျက်လှည့်ဆရာကြီးတစ်ဦးက သူ့ရောဂါအတွက် ဆေးနည်းတစ်ခု ပေးသွားခဲ့၏။

ထိုမျက်လှည့်ဆရာကြီးသည် ဂျစ်ပဆီအမျိုးအနွယ်မှ ဆင်းသက်လာသူ ဖြစ်သည်။ သူပေးသောဆေးနည်းမှာ. . .





သောက်ရန်၊ လိမ်းရန်မဟုတ် ကျင့်ရန်ဖြစ်သည်။

သူ့ခန္ဓာကိုယ်အောက်ပိုင်းကို ပြန်လည် သန်စွမ်းလာစေမည့် ယောဂီကျင့်စဉ်တစ်ခုကို သင်ကြားပေးသွားခြင်း ဖြစ်သည်။

"မင်း. . .ဒီနည်းအတိုင်းသာ သေသေချာချာကျင့် ကြားလား"

"ဟုတ်ကဲ့. . ."

"စိတ်တော့ ရှည်ရလိမ့်မယ်"

"ဟုတ်ကဲ့ပါ. . ."

"တော်တော်နဲ့တော့ သိသာမှာ မဟုတ်ဘူး။ စကျင့်ကာစ ရက်နည်းနည်းပါးပါးမှာတော့ ဘာမှထူးခြားတဲ့လက္ခဏာ ပြမှာ မဟုတ်ဘူး"

"ဟုတ်. . ."

"ဇွဲကောင်းကောင်းနဲ့ ရက်ရှည်ကျင့်သွားရင်တော့. . . အများကြီး ထူးခြားလာလိမ့်မယ်။ မင်းခြေထောက်တွေ ပြန်ကောင်းလာလိမ့်မယ်။ ဒါနဲ့ မင်းစာတတ်လား"

"ဟုတ်ကဲ့ဆရာကြီး တတ်ပါတယ်"

"အေး. . .အဲဒါဆိုရင် ဗလာစာအုပ်ကလေးတစ်အုပ်

ဝယ်။ မင်းရဲ့လေ့ကျင့်မှုကို မှတ်တမ်းလုပ်ထား။ အဲဒါ လိုအပ်တယ်။ ပြန်ပြန်ကြည့်ပေးရမယ်။ ဘယ်လိုမှတ်တမ်းလုပ်ထားရမယ်ဆိုတာ ငါပြောပြမယ်။ နားထောင်”

“ဟုတ်. . .ဟုတ်ကဲ့ ဆရာကြီး”

ထိုသို့ဖြင့်. . .ထိုမျက်လှည့်ဆရာကြီး သင်ကြားပေးသွားသော ယောဂီကျင့်စဉ်ကို တစိုက်မတ်မတ် သူ လေ့ကျင့်ခဲ့၏။ သတိဝီရိယကြီးစွာ သူလေ့ကျင့်ခဲ့၏။ ထိုဆရာကြီးပြောသည့်အတိုင်းပင်ဖြစ်လာသည်။

လေ့ကျင့်ကာစ အစောပိုင်းကာလများမှာ စိတ်ပျက်ဖွယ်ရာကောင်းလောက်အောင်ပင် မည်သို့မျှ ထူးခြားခြင်း မရှိ။ ဆရာကြီး၏ ပြောစကားအတိုင်း စိတ်ရှည်ရှည်ထားပြီး ဆက်လက်လေ့ကျင့်သောအခါ ကာလကြာသည်နှင့်အမျှ ထူးခြားတိုးတက်မှုများကို ရလာသည်။

တစ်နေ့မှာ သူခြေထောက်များ ပကတိ “ပြန်ကောင်းလာလိမ့်မည်” ဟု သူယုံသည်။ ထို့အပြင် ထို “တစ်နေ့” သည် သိပ်မဝေးလှတော့ဟုလည်း ထပ်ယုံသည်။

ထိုကျင့်စဉ်ကို ကျင့်ရန်ပြင်လိုက်သည်။ နှာခေါင်းနှစ်ပေါက်ကို စမ်းသပ်ပြီး မည်သည့်နှာခေါင်းပေါက်မှ လေကို





အဓိကရှူနေသနည်းဟု ဆန်းစစ်လိုက်သည်။

ထို့နောက်. .ခြေထောက်ထိုင်ပုံထိုင်နည်းကို စနစ်တကျဖြစ်အောင် ကိုယ်နေဟန်ထားပြင်လိုက်၏။ ကျောရိုးကို မတ်မတ်ထားလိုက်သည်။မျက်လုံးအစုံမှိတ်၍ လေကို ရှူသွင်းလိုက်သည်။ ထိုသို့ဖြင့်. . .။

✲ ✲ ✲ ✲ ✲

အချို့လူများသည် . . .

အမှောင်ထဲမှာ မားမားရပ်ကြသည်။

သူတို့ကိုယ် သူတို့ ပြန်မမြင်ကြ။

လူသည် ကိုယ့်ကိုယ်ကို ပြန်မြင်ရန်လိုသည်။

ငါကား. . .အလင်းထဲမှာပဲ ရပ်တည်မည်။





အချို့လူများသည် . . .

ကောင်းမြတ်ခြင်းတရားကို သိကြသော်လည်း

မလိုက်နာကြ။

ဆေးလွယ်အိတ်ကို လွယ်ပြီး သူတို့ သေကြသည်။

ငါကား သူတို့ကို မတုပ။

ငါ့ဘဝ၏ အနာရောဂါများကို ထိုဆေးဝါးတို့ဖြင့် ကုမည်။

အချို့လူများသည် . . .

ကောင်းမြတ်ခြင်းတရားကို ဟောပြောသော်လည်း

ညီညွတ်သောလုပ်ရပ်ကို မပြသနိုင်။

ဘုရား စာရွတ်နေသော ကြက်တူရွေးများ သဏ္ဍာန်ရှိ၏။

သူတို့၏ ဆုံးရှုံးမှုကို ငါ ဥပမာယူမည်။





အချို့လူများသည် . . .

ကောင်းမြတ်သောလုပ်ရပ်များကို

မရိုးမသားသော အကြံဉာဏ်ဖြင့် ပြုမူကြ၏။

သူတို့၏လုပ်ရပ် သည်

ရေပြင်ကို ပစ်ခတ်သော မိုးကြိုးပမာရှိသည်။

ငါ. . .မချစ်ခင်။

အချို့လူများသည် . . .

ကိုယ်တိုင်နားမလည်သော ဒဿနတရားတို့ဖြင့်

အခြားသူကို ဦးဆောင်သည်။

အကန်းကိုလမ်းပြသော အကန်းနှင့်တူသည်။

သူနောက်သို့ ငါမလိုက်။





အချို့လူများသည် . . .

ကောင်းမြတ်သောတေးသွားကို တီးခတ်ရန်

မိမိကိုယ်ကို စောင်းကြိုးညှိခြင်း မပြုကြ။

ငါကား ထို ဂီတကို ကြားလိုလှသည်။

ညှိယူပြီးဖြစ်သော ငါ့စောင်းကြိုးတို့ကို

စင်ကြယ်စွာ တီးခတ်မည်။

"ဤမှန်ကန်သောသစ္စာစကားတို့ကြောင့်. . .
ငါ၏ခြေထောက်တို့သည်
အကောင်းပကတိပြန်ဖြစ်ရပါစေသား. . ."

✲ ✲ ✲ ✲ ✲





(၁၆)

"ညည့်သည်လာတယ်"
"ဗျာ. ."
ဒေါ်ဝါးက ထိုသို့လာပြောသဖြင့်. . .သူ အံ့ဩသွားမိသည်။
"ကျွန်တော့်ဆီလာတဲ့ ညည့်သည်လား"
"ဟုတ်တယ်လို့ ပြောတယ်"

ပို၍အံ့သြနေမိ၏။

"ဘယ်သူလဲ. . ."

ထိုအချိန်မှာပင် ဧည့်သည်ဆိုသူက အခန်းဝမှာ ရပ်နေသော ဒေါ်ဝါးကို ကျော်ပြီး အခန်းထဲသို့ ဝင်ရောက်လာသည်။

"သြော်. . ."

ထင်မထားမိချေ။ ဘာကိစ္စလာမှန်းလည်း မသိ။ ကိုကောင်းမြတ်ဆိုသူ ဖြစ်သည်။

"ဘာ. . .ဘာကိစ္စများလဲ ခင်ဗျာ"

သူ့စကားကို ထိုသူက ပြန်မဖြေချေ။ သူ့ကိုသာ ခြေဆုံးခေါင်းဆုံး ကြည့်၏။ မခိုးမခန့်ပြုံး၏။ လူမှုရေးထောင့်မှကြည့်လျှင် ရိုင်းသည်ဟုပင် ပြောရနိုင်သည်။

"ခင်ဗျားက. . .ဒီအိမ်မှာ ဘယ်လောက်ကြာကြာ နေမှာလဲ"

"အဲ. . ."

သူ. . .အဖြေရကျပ်သွားသည်။ ပြီးမှ. . .

"သိပ်ကြာမှာ မဟုတ်ပါဘူး၊ ဘာဖြစ်လို့လဲ"

"ခင်ဗျား. . .ကျုပ်ကို ပြန်မမေးနဲ့"

"ဗျာ. . ."





"ကျုပ်မေးတာကိုသာဖြေ"

"ဗျာ. . .ဟုတ်. . ."

ထိုသူက ဒေါ်ဝါးကို တစ်ချက်လှည့်ကြည့်သည်။ ဒေါ်ဝါးက ထွက်မသွားသေး။ အခန်းဝမှာ ရပ်နေဆဲ ဖြစ်၏။ ထိုလူက ဒေါ်ဝါးမျက်နှာကို တစ်ချက်ကြည့်ကာ. . .

"ဒေါ်ဝါး. . ."

"အင်း. . ."

ဒေါ်ဝါး၏ တုံ့ပြန်မှုက ထူးသံနှင့်မတူ။ ဒေါ်ဝါးဆိုသည်မှာ သူမဖြစ်ကြောင်း အကြောင်းပြန်သကဲ့သို့ ဖြစ်နေ၏။ ထို့ကြောင့် ကိုကောင်းမြတ်က သူ့ကို "ဘု" ကြည့်ကြည့်သည်။

"သွားတော့လေ"

"ဘယ်ကို သွားရမှာလဲ"

"ဘယ်ကိုသွားသွား. . .သွားတော့ ကိုယ်လုပ်စရာရှိတာ သွားလုပ်"

ကိုကောင်းမြတ်က ထိုသို့ပြောသော်လည်း ဒေါ်ဝါးက တုတ်တုတ်မျှ မလှုပ်ချေ။ ထိုနေရာမှာပင် ထုံပေပေ ဆက်ရပ်နေ၏။ ကိုကောင်းမြတ်က စိတ်မရှည်သံနှင့် ထပ်ပြောသည်။

"ကိုယ့်အလုပ် ကိုယ်သွားလုပ်. . .ဆို"

"လုပ်နေတာပဲ"

"ဘာလုပ်တာလဲ"

"မွှန်မွှန်က မှာသွားတယ်"

"ဘာမှာသွားလဲ"

ဒေါ်ဝါးက သူ့ကို မေးငေါ့ပြ၏။

"ဒီကောင်လေးနားမှာ နေတဲ့"

"ကျွတ်. . ."

ကိုကောင်းမြတ်က စိတ်ပျက်လက်ပျက် ခေါင်းခါရမ်းရင်း စုပ်သပ်၏။

"မသွားရင်လည်း နေဗျာ"

ထိုသို့ပြောပြီး သူ့ဘက် ပြန်လှည့်လာသည်။

"ခင်ဗျားကို. . .ကျုပ်တစ်ခွန်း၊ နှစ်ခွန်းမေးမလို့"

"ဟုတ်ကဲ့ မေးပါ"

သချာမေးခွန်းများဆိုလျှင်တော့ ဖြေပစ်လိုက်မည်ဟု စိတ်ကူးထားသည်။ သို့သော် မဟုတ်ချေ။ သူ့ကိုယ်ရေးကိုယ်တာနှင့် ပတ်သက်သော မေးခွန်းများ ဖြစ်နေသည်။

"ခင်ဗျားနာမည်. . .မိုးလတ် ဟုတ်လား"

"ဟုတ်ပါတယ်"





"ခင်ဗျားအဖေက ဦးတင်လတ်"

သူ. . .မျက်လုံးပြူးသွားရ၏။

"အဲ. . .အင်း. . .ဟုတ်ပါတယ် ဘာဖြစ်လို့လဲ။ ခင်ဗျားက ဘယ်လိုလုပ်သိတာလဲ"

သူမေးသည်ကိုတော့ ကိုကောင်းမြတ်က ပြန်မဖြေချေ။

"လောလောဆယ် ခင်ဗျားရဲ့ အလုပ်အကိုင်က ဘာလဲ"

သူ ပြန်မဖြေမိချေ။

ကိုကောင်းမြတ်က သူ့မျက်လုံးထဲသို့ တည့်တည့်စိုက်ကြည့်နေသည်။ မေးဆတ်ပြ၏။ ထပ်မေးသည်။

"ဖြေလေ. . ."

"ဘာဖြစ်လို့လဲ"

"ခင်ဗျားမဖြေဘူးလား. . .ကျုပ်ဘာသာ ကျုပ်ပြောရမလား"

ကိုကောင်းမြတ်ကို သူ နားမလည်နိုင် ဖြစ်နေမိသည်။ ဤစကားတွေကို ဘာအဓိပ္ပာယ်နှင့်ပြောနေမှန်း မသိ။ ဘာ ရည်ရွယ်ချက်ရှိမှန်းလည်း မသိ။

ကိုကောင်းမြတ်က သူ့ဆံပင်ကို ဟန်ပါပါသပ်တင်လိုက်ရင်း. . .။

"ကဲ. . .ခင်ဗျားမပြောရင် ကျုပ်ပြောမယ်၊ ခင်ဗျားက အခြေအနေမဲ့ ဟုတ်တယ်မဟုတ်လား။ မင်းက လမ်းဘေးအိပ် လမ်းဘေးစား"

ကောင်းမြတ်၏စကားမှာ ဒေါသသံ ပါနေသည်။ ဘာကြောင့်မှန်းလည်းမသိ။ သူ့ကို ထိုသို့ လာစွပ်စွဲနေခြင်းအတွက်တော့ မည်သို့မှ မခံစားရချေ။ ဟုတ်သည်ပဲ. . .။

ဒီလူ ဘာဖြစ်နေတာပါလိမ့်ဟုသာ စိတ်ထဲမှာ ဝေခွဲမရဖြစ်နေသည်။ ဒေါ်ဝါးကိုလှည့်ကြည့်မိတော့ ဒေါ်ဝါးနှင့် မျက်လုံးချင်းဆုံသည်။ သူမက သူ့အကြည့်ကို သဘောပေါက်ပုံရသည်။

"အဲဒါ. . .ကိုကောင်းမြတ်"

"ဟုတ်ကဲ့. . .သိပါတယ်"

"သူ. . .ဒေါသထွက်နေတာ"

ဒေါ်ဝါးက တစ်ချက်ချင်း ရှင်းပြ၏။

"အင်း. . .ဟုတ်ပြီ သူ ဘာလို့ဒေါသထွက်ရတာတုန်း၊ ကျွန်တော်နဲ့ ဘာပတ်သက်လို့လဲ"

ဒေါ်ဝါးက ခံစားချက်မပါသောလေသံဖြင့် တုံးတိတိပြန်ဖြေ၏။





"မနေ့က. . .သူ မွန်မွန်ကို ရည်းစားစကားထပ်ပြောတယ်"

သူက သံယောင်လိုက်ရွတ်မိ၏။

"ထပ်ပြောတယ်. . ."

"အင်း. . .ဟုတ်တယ်။ သူ မွန်မွန်ကို ရည်းစားစကားပြောတာ ခဏခဏရှိပြီ။ မနေ့က ထပ်ပြောတယ်"

"ဟာ. . .ဒေါ်ဝါး ခင်ဗျားဘာတွေ လျှောက်ပြောနေတာလဲ"

ကောင်းမြတ်က ဒေါကြီးမောကြီး ဝင်အော်၏။ သို့သော်. . .ဒေါ်ဝါးက ဂရုမစိုက်လှ။

"အဲဒါကို မွန်မွန်က ပြန်ငြင်းလိုက်တယ်။ ရှင့်ကိုယူမယ့်အစား သူတောင်းစားပဲ ယူမယ်တဲ့။ အဲဒါကြောင့် မင်းကို လာမဲနေတာ"

"ဪ. . ."

သူသဘောပေါက်သွားသည်။ စိတ်ထဲမှာ တစ်မျိုးလည်းဖြစ်သွားသည်။

ကောင်းမြတ်က ဒေါ်ဝါးကို စားတော့ ဝါးတော့မတတ်ကြည့်၏။

"ဒေါ်ဝါး ခင်ဗျားဟာ လူ့အလိုက်ကန်းဆိုးကို မသိတဲ့
မိန်းမကြီးပါလား"

ဒေါ်ဝါးက အေးအေးဆေးဆေး ဝန်ခံသည်။

"မသိဘူး. . ."

"တောက်. . .ငါကွာ"

ကောင်းမြတ်က ဒေါ်ဝါးကို တစ်စုံတစ်ခု လုပ်တော့မလို
ရှေ့တိုး၏။ ဒေါ်ဝါးက ပထမတော့ အိုးတိုးအတ ပြန်ကြည့်နေ
သည်။ ပြီးမှ ကောင်းမြတ်၏ လှုပ်ရှားဟန်ကို သူသဘောပေါက်
သွားပုံရ၏။

သူမကလည်း ကောင်းမြတ်၏စိမ်ခေါ်ချက်ကို လက်ခံ
လိုက်သည်။

"ဘာလဲ. . .ချမလို့လား လာလေ"

"အောင်မာ. . ."

လူက ဆွေ့ဆွေ့မခုန်သေးသော်လည်း ကောင်းမြတ်၏
ဒေါသတို့ကတော့ ဆွေ့ဆွေ့ခုန်နေပုံရသည်။ တကယ်တမ်း
တော့လည်း ဒေါ်ဝါးကို မလုပ်ရဲ။ လုပ်လျှင်လည်း ခံရမည့်ကိန်း
ပဲရှိသည်။ နိုင်လမ်း မမြင်။

ဒေါ်ဝါးက. . .သန်မာထွားကျိုင်း၏။ လက်သွက်





အကြမ်းပတမ်းရမည့် အသွင်သဏ္ဍာန်က ထင်းထင်းကြီး ပေါ်
နေသည်။

ကောင်းမြတ်က သူ့မာန်ကို တစ်ဆင့်လျှော့ချလိုက်၏။

"ဩော်. . .ဩော် အကျိုးသက်ရောက်မှုက တော်တော်
ကြီးတာပဲ"

"ဘာပြောတယ်"

ကောင်းမြတ်၏စကားကို ဒေါ်ဝါးတင်မက သူလည်း
နားမလည်ချေ။

"အကျိုးသက်ရောက်မှုလေ. . .အကျိုးသက်ရောက်မှု"

"ဘာအကျိုးသက်ရောက်မှုလဲ"

ထိုအခိုက်မှာပင် အခန်းအပြင်မှ နွေမွှန်အသံ ထွက်ပေါ်
လာသည်။

"ကိုကောင်းမြတ်. . .ရှင် အဲလိုမပြောသင့်ဘူး"

ပြောပြောဆိုဆို. . .အခန်းတွင်းသို့ နွေမွှန် ဝင်လာသည်။
သူမနှင့်အတူ စောမင်းဝေလည်း ပါလာသည်။

ကောင်းမြတ် "အမ်း" သွား၏။ အတန်ငယ် တုံ့ဆိုင်း
မွဲ့အသွားသည်။ ပြီးမှ. . .ဟန်မပျက် ဆက်ပြောသည်။

"ကိုယ်ဘာပြောလို့လဲ နွေမွှန်ရဲ့"

"ရှင့်စကားအဓိပ္ပါယ်ကို ကျွန်မသိပါတယ်။ ကိုမိုးလတ်ကို "အကျိုး" လို့ ရှင်ပြောနေတာ မဟုတ်လား။ ကျွန်မတို့အိမ်မှာ အကျိုးသက်ရောက်မှုရှိတယ်ဆိုပြီး ရှင် လျှောက်ပြောနေတာလေ။ အကုန် ပြန်ကြားသားပဲ။ ဒုက္ခရောက်နေသူကို ကယ်ကောင်းပါတယ်ရှင်၊ အဲလို လျှောက်မပြောသင့်ပါဘူး"

ထိုအခါကျမှ ကောင်းမြတ်၏ ဆိုလိုရင်းအဓိပ္ပါယ်ကို သူနားလည်သွားရသည်။ အမှတ်တမဲ့ ဝင်ရောက်ဖြေရှင်းလိုက်မိ၏။

"ကျွန်တော်က. . .အကျိုးမှမဟုတ်ဘဲ"

ဒေါ်ဝါးကလည်း သူ့ဘက်မှ ဝင်ရောက်ထောက်ခံပေးသည်။

"အေးလေ. . .ဒီကောင်လေးက ဘယ်မှာ ကျိုးလို့လဲ၊ သူ့ဘာသာ အောက်ပိုင်းမြဲနေတာ"

စောမင်းဝေက ဒေါ်ဝါးပခုံးကို လှမ်းပုတ်၏။

"အောက်ပိုင်းမြဲတာလည်း မဟုတ်ပါဘူး ဒေါ်ဝါးရယ်၊ အောက်ပိုင်းသေတာပါ"

"အေးလေ. . .ဘာပဲဖြစ်ဖြစ် အကျိုးမှ မဟုတ်ဘဲ"

စောမင်းဝေက ဒေါ်ဝါးကို "ရှူး" ခနဲ နှုတ်ခမ်းရှေ့မှာ





လက်ညှိုးထောင်ပြ၏။ ဆက်မပြောနှင့်တော့ဆိုသည့်သဘော။

နွေမွန်နှင့် ကောင်းမြတ်ကို အားလုံးက ဝိုင်းကြည့်နေကြသည်။ နွေမွန်၏မျက်နှာက တင်းနေသည်။

"ကိုကောင်းမြတ် ရှင်ဒီလိုလုပ်တာတော့ မကောင်းဘူးနော်"

ခုတော့လည်း ကောင်းမြတ်၏မျက်နှာက ပျော့ကျနေသည်။ ဟတ်ခနဲတစ်ချက် ဟန်လုပ်ရင်း နွေမွန်ကို လေချိုသွေး၏။

"ဆောရီး. . .မွန်မွန် ကိုယ် ဟိုဒင်း. . ."

ဘာဆက်ပြောရမည်မှန်း သိပုံမပေါ်။ နွေမွန်ကို ကြည့်လိုက်၊ နံရံကို ကြည့်လိုက်နှင့် ယောင်လည်လည်လုပ်နေသည်။

နွေမွန်က ကောင်းမြတ်ကို မကြည့်တော့။ မျက်နှာလွှဲပစ်လိုက်သည်။ မကြည်လင်မှန်းတော့ သိသာလွန်းလှသည်။

ကောင်းမြတ်ဘဝတော့. . သွားပြီ။ ဒီဘဝမှာ. . "ငတ" လက်လျှော့နေလေတော့။

စောမင်းဝေက လက်ကလေးနှစ်ဖက် နောက်ပစ်ပြီး ခါးလေးကို ရှိထား၏။ ကောင်းမြတ်ကို အထူးအဆန်းလို လိုက်ကြည့်နေသည်။

ကောင်းမြတ်က ဘယ်သူနှင့်မှ မျက်လုံးချင်းမဆုံအောင် ရှောင်၏။ လေပူကြီး မှုတ်ထုတ်လိုက်ပြီး. . .

"မွန်မွန်. . .ကိုယ်သွားမယ်"

နွေမွန်က ဘာမှ ပြန်မပြော။ ဒေါ်ဝါးနှင့် စောမင်းဝေက လည်း ဘာမှ ဝင်မပြော။ သွားသင့်တာ ကြာပြီဟုသောအကြည့် မျိုးဖြင့် ဝိုင်းကြည့်နေကြသည်။ သူကသာ ကပျာကယာ ဝင် ပြောမိ၏။

"အဲ. . .ကိုကောင်းမြတ် နေဦး"

သူ့ကိုကျတော့ ခပ်ထန်ထန် လှည့်ကြည့်လေသည်။

"ဘာလဲ"

"ခင်ဗျားက ကျွန်တော့်အဖေနဲ့သိလို့လား"

"ဟာ. . .အရေးထဲမှ ထားစမ်းပါကွာ"

စကားဆုံးသည်နှင့် အခန်းထဲမှ ထွက်သွားတော့၏။

အခန်းထဲမှာ. . .ခဏတော့ တိတ်ဆိတ်ပြီး ကျန်ရစ်ကြ သည်။ ပြီးမှ. . .စောမင်းဝေက သူ့ပခုံးကို သိုင်းဖက်ပြီး. . .

"ကိုမိုးလတ်. . ."

"ဗျာ. . ."

"စိတ်မကောင်းဖြစ်မနေနဲ့"





"မဖြစ်ပါဘူး"

"အခု. . .ခင်ဗျားကို ကျွန်တော် ဝမ်းသာစရာ ပြောရဦး မယ်"

"ဟင်. . .ဘာများလဲ"

စောမင်းဝေက နွေမွန့်ကို လှည့်ကြည့်၏။ နွေမွန်၏ မျက်လုံးအစုံက သူ့မျက်နှာပေါ် စိုက်ကျလာသည်။

တင်းမာသောမျက်နှာက နွေးထွေး နူးညံ့လာသည်။ စောမင်းဝေပြောမည်ဆိုသောစကားကို သူမကပဲ ဆက်ပြော လိုက်၏။

"ကိုမိုးလတ်"

"ဟုတ်ကဲ့. . ."

"ရှင့်အတွက် ကျွန်မတို့ အစစအရာရာ စီစဉ်ပေးပြီးပြီ။ အကုန်လုံး အဆင်ပြေပါတယ်။ ရှင့်အိမ်ကို ရှင်ပြန်ရတော့မယ်"

❊ ❊ ❊ ❊ ❊

(၁၇)

“ကိုမိုးလတ်”

“ဗျာ. . .”

“ခင်ဗျား တော်တော်ပျော်နေလား”

“အင်း. . .ပျော်တာပေါ့”

“ဒါပေါ့ဗျာ. . .ပျော်ရမှာပေါ့”

စကားအဆုံးမှာ စောမင်းဝေက ရယ်သည်။

“ခင်ဗျားကို ကျွန်တော်ပဲ ကားမောင်းပြီး လိုက်ပို့ပေးရမှာ”

“ဟုတ်ကဲ့ မနွေမွန် ပြောတယ်”

“ခင်ဗျား ပြင်စရာရှိတာတွေ ပြင်ထားပြီးပြီလား”

“ဟင်. . .ကျွန်တော်ကဖြင့် အမြဲတမ်းအဆင်သင့်ပဲ”

ဟုတ်သည်ပဲ။ သူက ဘာမှပြင်စရာလိုသူ မဟုတ်။ ဘာပစ္စည်းမှလည်း ယူစရာမရှိ။ ဘယ်သူ့ကိုမှလည်း နှုတ်ဆက် မှာကြားနေစရာ မလို။ အမြဲ အဆင်သင့် ရှိနေသည်ပဲ။

“မွန်မွန်တို့ကတော့ မိန်းကလေးတွေမို့ ခင်ဗျားကို လိုက်ပို့နိုင်မှာ မဟုတ်ဘူး။ ကားက တစ်ညလုံးမောင်းရမှာ”

“ဟုတ်ကဲ့. . .ကျွန်တော် နားလည်ပါတယ်”

“ဟိုနှစ်ယောက်တော့ ဒုက္ခတွေ့နေလေရဲ့”

စောမင်းဝေ၏ ထိုစကားကို သူနားမလည်ချေ။

“ဘယ်နှစ်ယောက်လဲ”

“နေဦးနဲ့ ကျော်ဝင်းလေ”

“ဟင်. . .သူတို့ဘာဖြစ်လို့လဲ”

မျက်မှောင်ကြုတ်ပြီး ပြန်မေးလိုက်မိ၏။

စောမင်းဝေက ချက်ချင်း ပြန်မဖြေ။ မျက်နှာကလည်း





စပ်ဖြဲဖြဲဖြစ်နေသည်။ ပြီးမှ. . .။

“ဒီကောင်တွေ ခံရတာပဲ ကောင်းတယ်”

“ဘာခံရတာလဲဆို”

“ဩော်. . .ညတုန်းက ဒီဘက်ရပ်ကွက်ထဲမှာ သူတို့ ဗီဒီယိုသွားကြည့်တယ်။ ရုံးရုံမှာ သွားကြည့်တာ”

“ဟုတ်ကဲ့. . .”

“အဲဒီရုံးရုံက အပြာကားတွေပြတဲ့ရုံ၊ ရပ်ကွက်လူကြီးတွေ ဝင်ဖမ်းတာ မိသွားတယ်။ ပိုင်ရှင်ရော၊ သူတို့တွေရော ရဲစခန်းမှာ”

“ဟောဗျာ. . .”

စောမင်းဝေက မျှော်လင့်ချက်ကြီးစွာ ဆက်ပြော၏။

“သတင်းစာထဲတောင် ပါရင်ပါလာဦးမှာ”

သူတစ်ပါးဒုက္ခရောက်တာကို ဝမ်းမြောက်ဝမ်းသာဖြစ်၍တော့ မဟုတ်ချေ။ သူရယ်မိ၏။ စောမင်းဝေကလည်း လိုက်ရယ်သည်။ အရယ်တစ်ဝက်နှင့် ဆက်ပြောသည်။

“သူတို့ကိုက ကံဆိုးတာပါဗျာ၊ ဖြစ်ချင်လို့ပါ”

“အေးဗျာ ဟုတ်ပါရဲ့”

“အဲဒီရုံးရုံက အဲဒီရပ်ကွက်ထဲမှာ အဲဒီကားတွေ ပြစား

နေတာကြာလှပြီ။ သူတို့သွားကြည့်မှပဲ ဝင်ဖမ်းတယ်"

"ဘယ်လိုဖြစ်ပြီး ဝင်ဖမ်းသလဲ"

"ရပ်ကွက်လူကြီး သိသွားလို့ပေါ့ဗျာ"

စောမင်းဝေက ခပ်ပြတ်ပြတ်ပြန်ဖြေသည်။

"ဩော်. . .ဩော်"

"ဩော်မနေနဲ့. . .ဟိုမှာ ခင်ဗျားလေဒီတွေ လာပြီ"

လှည့်ကြည့်လိုက်တော့. . .နွေမွှန်နှင့် နှင်းဆီဦး အိမ်ထဲ ဝင်လာသည်ကို တွေ့ရသည်။ နှင်းဆီဦးက. . .

"ကိုမိုးလတ်"

"ဗျ. . ."

"ရှင်ကတော့ ပျော်နေတယ်ပေါ့လေ"

"ဟုတ်ကဲ့. . .အဲ"

စကားကြီးက ဘာကြီးမှန်းလည်း မသိချေ။ ကိုယ်က ပျော်နေသည်ဆိုတော့ ဘယ်သူက ဝမ်းနည်းနေလို့လဲ။ ပြီးမှ. . သတိရသည်။ နေဦးနှင့် ကျော်ဝင်းကို ဆိုလိုတာများလား။

သို့သော်. . .မဟုတ်နိုင်ပြန်။

ဤကိစ္စကြီးကို မိန်းကလေးများက ဤသို့ရည်ရွယ်ပြော လိမ့်မည် မဟုတ်။





ဖြစ်နိုင်သည်ကတော့. . .။

နွေမွှန်ကိုကြည့်တော့ နွေမွှန်ကလည်း သူ့ကို ကြည့်နေ သည်။ နှုတ်ခမ်းနှစ်လွှာကို တင်းတင်းစေ့ပြီး. . .

"ကိုမိုးလတ်"

"ဟုတ်ကဲ့"

"မသွားခင်. . .ရှင် ကျွန်မကို ပြောစရာရှိတာ ပြောသွား ဦးလေ"

"ဗျာ. . ."

သူသာ လန့်သွားသည်မဟုတ်။ နံဘေးမှ နှင်းဆီဦးနှင့် စောမင်းဝေတို့လည်း လန့်သွားကြ၏။ နှင်းဆီဦးက. . .

"ဟဲ့. . .လူကြားထဲမှာ ပြောခိုင်းနေရလား"

စောမင်းဝေကလည်း. . .

"နေဦး. . .နေဦး. . .ကျွန်တော်တို့ ရှောင်ပေးပါ့မယ် မနှင်းဆီ လာ. . .လာ"

နွေမွှန့်မျက်နှာ ရဲခနဲဖြစ်သွားသည်။

"ဘာလဲ ဘာတွေလျှောက်ပြောနေကြတာလဲ"

နှင်းဆီဦးက နဝေတိမ်တောင် မျက်နှာပေးလေးဖြင့်. .

"သိဖူးလေ. . ."

"နင်တို့ တွေးတာကတခြား၊ ငါပြောတာက တခြား"

"နင်က ဘာပြောတာလဲ"

နွေမွန်က ခါးကိုလက်နှစ်ဖက်ထောက်ပြီး နှင်းဆီဦးကို "ရန်" ပါပါကြည့်၏။

"နင့်ရှေ့မှာပဲ ကိုမိုးလတ်ကို ငါပြောထားတာ မေ့သွားပြီလား"

မျက်လုံးကို ပေကလပ်လုပ်သည်မှလွဲပြီး နှင်းဆီဦး ပြန်စဉ်းစား၍ ရပုံမပေါ်။

"ဘာလဲ. . .ငါမသိတော့ဘူး"

"ငါ့ပန်းချီပြပွဲအတွက်. . . .ကိုမိုးလတ်ကို အကြံဉာဏ်တောင်းထားတာလေ"

ထိုအခါကျမှ. . .နှင်းဆီဦး လျှာလေးတစ်လစ် ဖြစ်သွားသည်။

"ဪ. . .အေး. . .ဟုတ်သားပဲ"

နွေမွန်မြားဦးက သူ့ဘက်သို့လှည့်လာသည်။

"ကိုမိုးလတ် ရှင်ကရော. . .မှတ်မိရဲ့လား"

"မှတ်မိပါတယ်ဗျ"

ထိုသို့ တုံးတိတိပြန်ပြောလိုက်သည်ကို သူမက လိုလား





ဟန်မရှိ။ နှာခေါင်းလေးရှုံ့ပြီး ဆက်မေးသည်။

"စဉ်းစားထားပြီးပြီလား"

"ဟုတ်ကဲ့. . ."

"စဉ်းစားပြီးရင်လည်း အဖြေပေးလိုက်လေဗျာ။ ဟိုမှာ မိန်းကလေးက မျှော်လင့်နေရတာ"

ပြောပြီးပြီးချင်း စောမင်းဝေ ထွက်သွား၏။ နွေမွန်၏ ကောင်းချီးသြဘာပေးသံက သူ့နောက်မှ. . .တစ်ဟုန်ထိုး လိုက်သွားသည်။

"မသာ. . .သေနာ. . ."

သူအနေရ ကြပ်နေမိသည်။ အဟီး ခင်ဗျားတို့ကလည်း ဗျာဟု ပြောမည်လုပ်ပြီးမှ အချိန်မီ ထိန်းချုပ်နိုင်လိုက်၏။

နှင်းဆီဦးက သူ့ကို ပြုံးစိစိနှင့် ကြည့်သည်။ နွေမွန့်မျက်နှာ သူ့ဘက်သို့ ပြန်အလှည့်မှာ သူက. . .

"ကျွန်တော် စဉ်းစားထားတာတွေ အများကြီးပဲ"

"အင်း. . .ဟုတ်ပြီ ပြောပါဦး"

နှင်းဆီဦးလည်း နားရွက်ထောင်သွားသည်။

"မြေဖြူခဲတစ်ခဲလောက်. . . .ဒါမှမဟုတ်ရင်လည်း ဘောလ်ပင်တစ်ချောင်းလောက်ပေး"

ဘောလ်ပင်ကို ရ၏။ သို့ဖြင့်. . .

"ဒီမှာကြည့်ဗျာ"

သူက. . .ပုံတစ်ပုံ ဆွဲပြ၏။ ကပ်ကြေးတစ်လက်ပုံဖြစ်သည်။ သူမတို့က သူ့ကို နားမလည်သလို ပြန်ကြည့်ကြသည်။

"ဒီပုံကို သေသေချာချာကြည့်"

"အင်း. . .ကြည့်ပါတယ်။ အဲဒါ ဘာဖြစ်လို့လဲ၊ ကပ်ကြေးပဲ"

"သေချာကြည့်ပါဦး၊ ဘာထူးခြားလို့လဲ"



သူမတို့နှစ်ယောက် သူဆွဲပြသော ကပ်ကြေးရုပ်ပုံကို မျက်မှောင်ကိုယ်စီကြုတ်ပြီး သေသေချာချာကြည့်ကြ၏။

အတန်ကြာသည့်တိုင် သူမတို့ဘာမှ ပြန်မဖြေနိုင်။

"ထူးခြားချက်ကို သတိမထားမိဘူးလား"

နှစ်ယောက်လုံး ခေါင်းခါပြ၏။

"မသိပါဘူး၊ ဘာထူးခြားချက်ကိုမှ မမြင်ပါဘူး"





သူရယ်လိုက်မိသည်။

"ဒီလိုဗျ. . ."

"အင်း. . .ပြော"

"ဒီကပ်ကြေးကြီးကိုသာ ခင်ဗျားတို့ ယူညှပ်ရင် ဘာကိုမှ ညှပ်လို့ရမှာမဟုတ်ဘူး။ သူ့ရဲ့အသွားနှစ်ဖက်က တစ်ခုနဲ့ တစ်ခုထိမှာ မဟုတ်ဘူး"

"ဩော်. . ."

"အဲ. . ."

သူမတို့ သဘောပေါက်သလို ဖြစ်သွားသည်။

"အဲဒီ ကပ်ကြေးသွားနှစ်ဖက်ရဲ့ အကွာအဝေးနဲ့ လက်ကိုင်နှစ်ဖက်အကွာအဝေးက ညီရမယ်။ အခု ဒီမှာ မညီဘူး"

"အင်း. . .ဟုတ်တယ်"

"ခင်ဗျားတို့ ဒီကပ်ကြေးကြီးကို ယူညှပ်ရင် လက်ကိုင်နှစ်ဖက်သာ ထိရင်ထိမယ်၊ အသွားနှစ်ဖက်ကတော့ ထိမှာမဟုတ်ဘူး။ ဘာကိုမှ ညှပ်လို့မရဘူး"

"ဟုတ်သားပဲ"

သူမတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ကြည့်ပြီး ရယ်ကြသည်။

"ကဲ. . .ဒီမှာ ထပ်ကြည့်"

နောက်ထပ်တစ်ပုံဆွဲပြလေသည်။ ရေနွေးကရားပုံဖြစ်၏။



"ကဲ. . .ကြည့် ဒီပုံကရော ဘာထူးခြားလဲ"

သူမတို့ ရယ်ဖြဲရယ်ဖြဲ ဖြစ်နေကြ၏။ ရေနွေးကရားကို စေ့စေ့စပ်စပ် ကြည့်သည်။ ထို့နောက် နှင်းဆီဦးက. . .

"ဟို. . .နှုတ်သီးက တိုနေတယ်"

နွေမွန်ကလည်း. . .

"အဲဒီရေနွေးကရားကိုငှဲ့ရင် ရေနွေးတွေ အဖုံးကနေ ပွင့်ကျနိုင်တယ်"

သူရယ်လိုက်မိ၏။

"အင်း. . .ခင်ဗျားတို့ သဘောပေါက်သွားပြီ"





"ဒီပုံတွေရဲ့ ချို့ယွင်းချက်ကိုသာ သဘောပေါက်တာ၊ ရှင့်ဆိုလိုရင်းကို သဘောမပေါက်သေးဘူး"

"ဟုတ်တယ်. . .ကိုမိုးလတ်ကြီး ဘာကိုပြောတယ်ဆိုတာကို ကျွန်မတို့ မသိသေးဘူး"

သူပြည်းညှင်းစွာ ပြုံးနေမိ၏။ သူမတို့က သူ့မျက်နှာကို မျက်တောင်မခတ်တမ်း ငေးကြည့်နေကြသည်။

"ဒီလိုဗျာ. . .လောကကြီးက အဆီအငေါ်မတည့်လှဘူး မဟုတ်လား။ ဒီလိုမျိုး အဆီအငေါ်မတည့်တဲ့ပစ္စည်းတွေနဲ့ သရုပ်ဖော် တင်ပြနိုင်မယ် ထင်တယ်။ ခင်ဗျားတို့ရဲ့ အနုပညာ ပြကွက်တွေမှာ ဒီလိုမျိုးလေးတွေ ထည့်သုံးရင် အဓိပ္ပါယ်အများကြီး ရှိလာလိမ့်မယ်ထင်တယ်"

"ဟုတ်ပြီ. . ."

"အိုကေ. . .ကျွန်မတို့ သဘောပေါက်ပြီ"

ပြီး. . .သူတို့ ဝမ်းသာအားရ ရယ်မောကြ၏။ သူကတော့ လိုက်မရယ်မိချေ။ သူမတို့ကိုသာ ပြုံးကြည့်နေလိုက်သည်။

ရယ်၍မော၍ အားရသောအခါကျမှ နှင်းဆီဦးက. . .

"နေပါဦး ဒီလိုပစ္စည်းမျိုးတွေကို ကိုယ့်ဘာသာ ကိုယ်လုပ်ရမှာပေါ့"

"အင်း. . .အဲဒါတော့ လုပ်ရမှာပေါ့"

နွေမွန်က ဝင်ပြောသည်။

"လုပ်မယ်. . .ဘာဖြစ်လဲ ပျော်စရာတောင်ကောင်းသေးတယ်. . .ဟဲ. . .ဟဲ"

"နင်ကတော့ လုပ်ရင် လုပ်တတ်မှာပေါ့၊ ငါကတော့ လုပ်တတ်မှာ မဟုတ်ဘူး မိမွန်ရဲ့"

"ကိုယ်မလုပ်တတ်တာကျတော့လည်း လူများကို မှာပေါ့ဟာ။ နင်လည်း ဒေါက်တာသန်းထိုက်ကို လုပ်ခိုင်းပေါ့။ တစ်ခါလာပိုးရင် တစ်ခု လုပ်လာခဲ့ခိုင်း၊ ဟီးဟီး. .အတော်စိတ်ညစ်သွားမှာပဲ"

နှင်းဆီဦးက မွန်မွန့်ကို ဆိတ်ဆွဲ၏။ ရယ်နေကြပြန်သည်။ သူတို့အရယ်ကို စောင့်နေ၍ ပြီးမည်မဟုတ်။ ကိုယ်ပြောချင်တာကို ဖြတ်ပြောလိုက်ရသည်။ ကိုယ့်မှာက အချိန်ရှိတော့တာမဟုတ်။ အိမ်. . .ပြန်. . .ရ. . .တော့. . .မည်။

"ကျွန်တော်. . .စဉ်းစားထားတာက အံများကြီးပဲ။ ကျွန်တော့် အိမ်ကနေ စာလှမ်းလှမ်းရေးပြီးတော့ ကျန်တဲ့ အချက်တွေကို ဆွေးနွေးမယ်"

ထိုအခါကျမှ သူတို့နှစ်ယောက် သတိပြန်ဝင်လာကြ





သည်။ "ဟုတ်ကဲ့. . .ဟုတ်ကဲ့" ဟု ခေါင်းလေးတွေ ညိတ်ပြကြ၏။

ထိုအခိုက်မှာပင်. . .စောမင်းဝေ ပြန်ဝင်လာသည်။

"ကဲ. . .ကိုမိုးလတ်ရေ ကျွန်တော်တို့သွားကြရအောင်"

ရင်ထဲမှာ အိုး. . .ကြည်နူး. . .ဝမ်းသာ။

❊ ❊ ❊ ❊ ❊

(၁၈)

မျော်ဆရာရေ. . .

စက်ရုပ်တစ်ရုပ်ရဲ့ရင်ဘတ်မှာ

ဝိညာဉ်ကို ကော်နဲ့ကပ်ပြီး

လူဖြစ်အောင်. . .ငါ အသက်သွင်းဖူးတယ်။

မီးခြစ်ကျောက်ကို

လက်သည်းနဲ့ ပွင့်ထွက်အောင်တောက်

မီးတောက်ကို ခါးကလိမ်ချိုး

စီးကရက်သောက်ရင်း သူ. . .ချောင်းဆိုးဖူးတယ်။





သူ့ခြေထောက်အတွက်

သူ့ဖိနပ်အတွက်

မြေပြင် သက်သက်ခင်းပေးစရာမလို။

“ကြယ်ကိုကြယ်နဲ့ရုံမတဲ့”

သံအိပ်မက်ကြီးနဲ့

ပင်လယ်ရေပွက်ထဲက. . .ည. . .

အားလုံးကို သူ. . .အပိုင်ရတယ်. . .။





ပထမတော့. . .

“လ” ကို ခိုစီး

ကောင်းကင်ကြီးနဲ့ တွဲက

စက္ကူဂစ်တာတစ်လက်ပိုက်ပြီး

ပျော်လိုက်ရတာ. . .။

နောက်မှ. . .

စကြဝဠာရဲ့

မဟာတွင်းနက်ထဲကို

လက်ခနဲခုန်ချ

သူ. . .ဘယ်ဆီကျသွားသလဲ။





ကဲ. . .မော်ဆရာ. . .

အပိုင်းပိုင်းအတစ်တစ်

သင်္ကေတဇ်တို့ မပြိုခင်မှာ. . .

“သုည” တစ်လုံးထဲရှိတဲ့

သူ့ရဲ့ တယ်လီဖုန်းနံပါတ်ဆီ. . .ဆက်ပေးပါ. . .။

ဘာပဲဖြစ်ဖြစ်. . .

ပဆစ်အိမ် ဝင်းပါပျက်၊ နက္ခတ်ပျံရာည. . .

ငါ. . .သူ့ကို "သတိရကြောင်း" ပြောပြပေးပါ. . .။





ငါ့အိမ်ကို ငါပြန်လာပြီ

ငါ့အိမ်ကို ငါပြန်လာပြီ

ငါ့အိမ်ကို ငါပြန်လာပြီ

## တစ်နှစ်ခန့် ကြာပြီးသောအခါ

(၁၉)

"နှလုံးသားထဲမှာ. . .

အချစ်ရှိနေသူဟာ. . .

ဖနောင့်မှာ. . .သံချွန်တွေ ရှိတယ်"

လန့်သွားမိ၏။ အားပါးပါး မလွယ်ပါလားဟုလည်း တွေးမိသည်။ ခြေထောက်တွေ ပြန်ကောင်းလုနီးပြီဖြစ်၍ ဝမ်းမြောက်ဝမ်းသာ ရှိနေဆဲ။ ခြေထောက်တွေ ကောင်းလာလျှင် မည်သို့မည်ပုံလမ်းလျှောက်လိုက်မည်ဟု စိတ်ထဲမှာ မြင်ယောင်ပီတိဖြစ်နေဆဲ။

ထိုစကားပုံလေးကိုဖတ်ပြီး လန့်သွားလေသည်။

အင်္ဂလိပ်စကားပုံဖြစ်သည်။ အင်္ဂလိပ်လိုတော့. . .**He who has love in his heart has spurs in his heels** ဟု ရေးထားသည်။ နွေမွှန့်မျက်နှာလှလှကလေးက အာရုံထဲမှာ ဖျတ်ခနဲပေါ်လာ၏။

သတိရသည်။ အရမ်းသတိရသည်။ အရမ်းကိုသတိရနေမိသည်။ နွေမွှန်သို့မဟုတ် ကိုယ့်ဖနောင့်မှာ လာစိုက်နေတဲ့ သံဆူးချွန်ကလေး။ တွေးရင်းနှင့်ပင် ပြုံးမိသေး၏။

ထိုစကားကို နွေမွှန်ကြားလျှင် ဒေါကန်လိမ့်မည်။ သူမကို နှိမ်သည်ဟုလည်း ထင်မည်။ ဝမ်းနည်းမည်။ သို့မဟုတ် ကက်ကက်လန်အောင် ရန်တွေ့မည်။ ဘာပဲဖြစ်ဖြစ်လေ. . .။

သူ ပြုံးနေမိသည်။

စားပွဲပေါ်မှာ နွေမွှန့်ရဲ့စာကလေး။ တစ်လ တစ်စောင်





သို့မဟုတ် တစ်လ နှစ်စောင် ပုံမှန်ရောက်လာတတ်သော စာတွေ။ အခေါက်ခေါက်အခါခါ ဖတ်ခဲ့ပြီးသည့်တိုင်အောင် သူ့အတွက် ငြီးငွေ့စရာ မဖြစ်သေးချေ။

နွေမွှန့်ရဲ့စာတွေထဲမှာ သူ့ကိုသတိရကြောင်း၊ ဦးရည်မွှန်နှင့် ဦးဝေမွှန်တို့ကလည်း ခဏခဏ စကားထဲထည့်ပြောလေ့ရှိကြောင်း၊ သူ့အကြံပေးချက်များ၏ ကျေးဇူးကြောင့် သူမ၏ အနုပညာပြကွက်များ အလွန်အောင်မြင်နေကြောင်း၊ အေးအေးဆေးဆေး တွေ့ချင် ဆုံချင်သေးကြောင်း။

စောမင်းဝေကိုလွတ်တာ သုံးခါရှိပြီ ဖြစ်ကြောင်း၊ အိမ်ရှေ့ခါးပိတ်ထားပြီး သူ့ကို တစ်ခါမှ ရှာမတွေ့ကြောင်း. . . . ကိုကောင်းမြတ်လည်း သူမကို ချဉ်းကပ်မရ၍ စိတ်ပျက်လက်ပျက်ဖြင့် ဩစတြေးလျ ထွက်သွားပြီ ဖြစ်ကြောင်း. . .။

ထို့ပြင်. . .။

သူ့ခြေထောက်တွေ ပြန်ကောင်းတော့မည်ဟု. . .သိရသဖြင့် အတိုင်းမသိ ဝမ်းသာကြောင်း၊ ခြေထောက်များ ကောင်းလာပြီးလျှင်. . .ရန်ကုန်သို့ အမြန်ဆုံး ဆင်းခဲ့စေချင်ကြောင်း၊ သူမ လှိုက်လှိုက်လှဲလှဲ ကြိုဆိုနေပါကြောင်း။

ပြတင်းပေါက်မှ အပြင်ကို လှမ်းကြည့်လိုက်တော့ ငှက်

ကလေးနှစ်ကောင် ပျံသွားတာကို မြင်ရသည်။ သစ်ကိုင်းတစ်ကိုင်းမှာ အတူနားကြသည်။ သူတို့ကို အားကျနေမိ၏။ သူလည်း နွေမွန်နှင့် ထိုသို့ပင် ဆုံချင်သည်။ ရောက်အောင်တော့ဖြင့် ဆက်ဆက်သွားပါဦးမည်။ မပြန်နှင့်တော့ဟု တားလျှင်လည်း မပြန်ဘဲ အတူနေလိုက်မည်။

တားပါစေ။

ခုတော့ဖြင့် ရာဇဝင်ကြွေးတစ်ခုကို ဆပ်ရန် သူမှာကျန်နေသေးသည်။ မကြေသော အကြွေးကို ဆပ်ရဦးမည်။ သူမြေထောက်များကို သူပြန်စိုက်ကြည့်နေ၏။

ထို့နောက် . . သူထပ်မံ ကြည့်မိသည်က သူ့ရှေ့တူရူမှ လှေခါးကြီး။

သူ့ဘဝကို ဖျက်ခဲ့သောလှေခါးကြီး။

အံကို တင်းတင်းကြိတ်ထားလိုက်မိသည်။

✽ ✽ ✽ ✽ ✽





(၂၀)

လှေခါးခြေရင်းမှာ သူရပ်လိုက်သည်။

လှေခါးကြီးကို မော့ကြည့်လိုက်တော့ သွေးကြောတွေဖျင်းခနဲ ဖြစ်သွားရသည်။ လှေခါးကြီးသည် အေးတိအေးစက်တိတ်ဆိတ်လျက်။

လှေခါးထစ်များက လွှသွားကြီးများနှင့် တူနေသည်။ သူ့ဘဝကို လှီးဖြတ် ဝါးစားသွားခဲ့သည်။ မကြေသောကြွေးကို ပြန်

ဆပ်ရန် ဤလှေခါးဆီသို့ သူအရောက်ပြန်နိုင်ခဲ့ပြီ ဖြစ်သည်။

လှေခါးခြေရင်းမှာ မားမားရပ်ပြီး လှေခါးကြီးကို မထိတရီစိုက်ကြည့်နေမိ။ မျက်လုံးတွေ၊ တင်းမာ မှုန်ဝေလာသည်အထိ စိုက်ကြည့်နေမိ။

နှုတ်ခမ်းကို လျှာနှင့် သပ်လိုက်သည်။ လက်ချောင်းတွေကို တဖျောက်ဖျောက်ချိုးလိုက်သည်။ သူ့ခြေထောက်တို့သည် အားအင်မရှိလှသေး။ သို့သော်. . .ဤလွှသွားများထက်သို့ သူတက်မည်။ မရောက် ရောက်အောင်တက်ပြီး ဤလှေခါးကြီးကိုအပေါ်စီးမှ သူပြန်ငုံ့ကြည့်မည်။

တွေ့ကြပြီ။ ပြန်လည်ဆုံစည်းကြပြီ။

နိုင်မည်လား၊ ရှုံးမည်လား။ အဖြေကို ကွဲပြားစွာ မထုတ်နိုင်သေး။ လှေခါးကြီးကို မော့ကြည့်နေရတာ ချောက်ချားဖွယ်ရာ ကောင်းလှသည်။ ခေါင်းကို ခါပစ်လိုက်၏။ ချောက်ချားစရာ မလိုဘူး။ ကြောက်စရာ မလိုဘူး။

ခြူးလိမ်နွယ်ပတ်တဲ့. . .ရွှေဓားတစ်လက်နဲ့ ရင်အုံကိုထောက်ပြီး "ဒီလှေခါးကို ကြောက်ရမယ်" လို့ ဘယ်သူကမှ သစ္စာရေသောက်ခိုင်း မထားဘူး။ မကြောက်ဘူး။

လွှသွားတွေပေါ်တက်တာ ဖြစ်နိုင်သလို၊ နိမ့်လျှော





လျှောထောင်ထားတဲ့ စန္ဒရားတစ်လုံးရဲ့ ခလုတ်တွေပေါ် တက်တာရော မဖြစ်နိုင်ဘူးလား။ အောင်မြင်ခဲ့ရင် ဂီတသံတွေကို သူနားဆင်ရဦးမည်။

အသက်ပြင်းပြင်းတစ်ချက် ရှူလိုက်၏။ ကိုယ့်ကိုယ်ကို အားယူလိုက်သည်။

သူသည်. . .

အရှင်လတ်လတ်မြေကြီးထဲ အမြှုပ်ခံထားရရာမှ မြေပေါ်ကိုဝုန်းခနဲ ထိုးခွဲပြန်တက်လာနိုင်ခဲ့သော လူတစ်ယောက်ဖြစ်သည်။ ဤလှေခါးလောက်ကို မကျော်လွှားနိုင်စရာ ဘာအကြောင်းမှမရှိ။

"ဟေး. . .ငါတက်လာပြီ"

အသံကုန်အော်ပစ်လိုက်၏။ ထို့နောက် ခြေထောက်ကိုမြှောက်ကာ ပထမလှေကားထစ်ပေါ် စနင်းလိုက်၏။

ခြေထောက်တွေ ပျော့ခွေနေသေး၏။ အားကောင်းသန်မာမှုမရှိသေး။ ပထမအထစ်ကို စနင်းစဉ်မှာပင် ပေါင်ရင်းဆီမှ "မျက်" ခနဲဖြစ်သွားသည်။ ထိုနာကျင်မှုကို တင်းခံရင်း ဒုတိယအထစ်ဆီသို့ နောက်တစ်လှမ်း ဆက်နင်းလိုက်သည်။

"အား. . ."

ဆပ်ရန် ဤလှေခါးဆီသို့ သူအရောက်ပြန်နိုင်ခဲ့ပြီ ဖြစ်သည်။

လှေခါးခြေရင်းမှာ မားမားရပ်ပြီး လှေခါးကြီးကို မထီတရီစိုက်ကြည့်နေမိ။ မျက်လုံးတွေ၊ တင်းမာ မှုန်ဝေလာသည်အထိ စိုက်ကြည့်နေမိ။

နှုတ်ခမ်းကို လျှာနှင့် သပ်လိုက်သည်။ လက်ချောင်းတွေကို တဖျောက်ဖျောက်ချိုးလိုက်သည်။ သူ့ခြေထောက်တို့သည် အားအင်မရှိလှသေး။ သို့သော်. . .ဤလှေသွားများထက်သို့ သူတက်မည်။ မရောက် ရောက်အောင်တက်ပြီး ဤလှေခါးကြီးကိုအပေါ်စီးမှ သူပြန်ငုံ့ကြည့်မည်။

တွေ့ကြပြီ။ ပြန်လည်ဆုံစည်းကြပြီ။

နိုင်မည်လား၊ ရှုံးမည်လား။ အဖြေကို ကွဲပြားစွာ မထုတ်နိုင်သေး။ လှေခါးကြီးကို မော့ကြည့်နေရတာ ချောက်ချားဖွယ်ရာ ကောင်းလှသည်။ ခေါင်းကို ခါပစ်လိုက်၏။ ချောက်ချားစရာ မလိုဘူး။ ကြောက်စရာ မလိုဘူး။

ခြူးလိမ်နွယ်ပတ်တဲ့. . .ရွှေဓားတစ်လက်နဲ့ ရင်အုံကိုထောက်ပြီး "ဒီလှေခါးကို ကြောက်ရမယ်" လို့ ဘယ်သူကမှ သစ္စာရေသောက်ခိုင်း မထားဘူး။ မကြောက်ဘူး။

လှေသွားတွေပေါ် တက်တာ ဖြစ်နိုင်သလို၊ နိမ့်လျှော





လျှောထောင်ထားတဲ့ စန္ဒရားတစ်လုံးရဲ့ ခလုတ်တွေပေါ် တက်တာရော မဖြစ်နိုင်ဘူးလား။ အောင်မြင်ခဲ့ရင် ဂီတသံတွေကို သူနားဆင်ရဦးမည်။

အသက်ပြင်းပြင်းတစ်ချက် ရှူလိုက်၏။ ကိုယ့်ကိုယ်ကိုအားယူလိုက်သည်။

သူသည်. . .

အရှင်လတ်လတ်မြေကြီးထဲ အမြှုပ်ခံထားရရာမှ မြေပေါ်ကိုဝုန်းခနဲ ထိုးခွဲပြန်တက်လာနိုင်ခဲ့သော လူတစ်ယောက်ဖြစ်သည်။ ဤလှေခါးလောက်ကို မကျော်လွှားနိုင်စရာ ဘာအကြောင်းမှမရှိ။

"ဟေး. . .ငါတက်လာပြီ"

အသံကုန်အော်ပစ်လိုက်၏။ ထို့နောက် ခြေထောက်ကိုမြှောက်ကာ ပထမလှေကားထစ်ပေါ် စနင်းလိုက်၏။

ခြေထောက်တွေ ပျော့ခွေနေသေး၏။ အားကောင်းသန်မာမှုမရှိသေး။ ပထမအထစ်ကို စနင်းစဉ်မှာပင် ပေါင်ရင်းဆီမှ "မျက်" ခနဲဖြစ်သွားသည်။ ထိုနာကျင်မှုကို တင်းခံရင်းဒုတိယအထစ်ဆီသို့ နောက်တစ်လှမ်း ဆက်နင်းလိုက်သည်။

"အား. . ."

တစ်ကိုယ်လုံး ထုံကျင်သွား၏။ ယိုင်လဲကျမတတ်ပင် ဖြစ်သွားသည်။ လှေခါးလက်ရမ်းကို ကျားကုတ်ကျားခဲ ဆွဲကိုင်ထားရသည်။

"မဆင်းဘူး၊ ပြန်မဆင်းဘူး"

အာရုံထဲမှာ ဒုက္ခိတဘဝဖြင့် ဒလိမ့်ကောက်ကွေး ရှင်သန်ခဲ့ရသော နေ့ရက်များကို နာနာကြည်းကြည်း ပြန်မြင်ယောင်၏။

တတိယထစ်ဆီ ဆက်တက်လိုက်သည်။ ရောက်သွား၏။ အင်မတန်မောပန်းလာသလို ခံစားနေရပြီး နားနေရသေးသည်။

လောကဓံတရား၊ ခါးသီးလှသည့် သူဖုန်းစားနေ့ရက်များ၊ သူ့ကြောင့်ပင် ဆုံးပါးကွယ်လွန်ရသည့် အဖေနှင့်အမေ။

"တောက်. . ."

ခေါင်းထဲမှာ ပြာဝေလာသည်။

လှေခါးလက်ရမ်းကို ကျစ်ကျစ်ပါအောင် ဆုပ်ထားမိ၏။

သူ့ဘဝသည် ပင်စည်ကို ကွေးယိုင်ပေးခဲ့ရသော သစ်ပင်ကြီးနှင့်တူသည်။ လေဒဏ်၊ ရေဒဏ်တို့ဖြင့် ကွေးယိုင်ပေးခဲ့





ရသော ဘဝကျောရိုးကြီးတစ်ခု။

ကိုယ့်အသက်ကိုယ် လုရှုနေရသလို မောသည်။ ပင်စည် ကွေးယိုင်ပေးခဲ့ရတဲ့သစ်ပင်ကြီး. . .သူ။ သို့သော် မြေအောက်မှ သူ့အမြစ်တွေက ကျောက်စိုင်ကျောက်ခဲကိုပင် ကုတ်ခွဲဖြစ်ညှစ်ထားနိုင်ခဲ့ကြောင်း မည်သူမှ မသိကြ။

နှုတ်ခမ်းကို တင်းတင်းကိုက်လိုက်သည်။ နောက်တစ်ထစ်ကို ဆက်တက်၏။ နားထင်စပ်မှာဆောင့်ပြီး ပြာခနဲဖြစ်သည်။ သို့သော်. . .

"ဆက်တက်မယ်"

နောက်ပြန်မလှည့်ဘူး။ ရှေ့ကိုသာ ဆက်တက်မည်။ ပြုတ်ကျ၍ သေမည်ဆိုလည်း အသေခံလိုက်မည်။ သူတောင်းစားခွက်ပျောက်လျှင် လက်ဖြန့်တောင်း၍ရသည်။ ဘာကိုမှ တုန်လှုပ်နေစရာမလို။ ဘာကိုမှ တုန်လှုပ်နေစရာမလို။

နောက်တစ်ထစ်။

ဆက်တက်။

တစ်ကိုယ်လုံး တဆတ်ဆတ် တုန်ယင်လာသည်။ ခါးနောက်ပိုင်းက မီးလောင်နေသလို တငွေ့ငွေ့လှိုက်ပူနေသည်။ မျက်လုံးအစုံမှိတ်ပြီး အားတင်းထားဆဲဖြစ်၏။

ဆက်တက်မည်။

ပုဆစ်တုပ်ထိုင်ရသော ဘဝမှ လွတ်ချင်ပြီ။ မားမားမတ်မတ် ရပ်တည်ချင်ပြီ။ ရင်ကော့၍ လမ်းလျှောက်ချင်ပြီ။

လှေခါးကြီး၊ မင်းကို ငါမကြောက်။

ငါ. . .၊ လှေခါး. . .၊ ရဲလို့လာတယ်။ လှေခါး၊ မြွေနဂါးနဲ့လည်း တူတဲ့လှေခါး၊ ကောက်ကျစ်ကွေ့လိမ်တတ်တဲ့ လှေခါး၊ နှစ်ပေါင်းများစွာ၊ ဘဝပေါင်းများစွာ အကွာအဝေးကနေ ငါ မင်းဆီ ပြန်လာတယ်။

ပြန်လာတယ်၊ ငါပြန်လာတယ်။ ငါဟာ သတ္တိရှိတဲ့ အလမ္မာယ်ဆရာဖြစ်တယ်။ အဲဒါကြောင့် ပုလွေမပါဘဲ မင်းဆီကို ပြန်လာတယ်။

တစ်ထစ်။

နောက်တစ်ထစ်. . .။

နောက်တစ်ထစ်. . .။

ခြေဖဝါးမှာ ကျောရိုးတစ်လျှောက်မှာ၊ မျက်လုံးထဲမှာ၊ ခေါင်းထဲမှာ၊ ဆူမြိုက်ပူလောင်ပြီး ကိုယ်ထဲကသွေးတွေတောင် တစ်စက်ချင်း အငွေ့ပြန်ကုန်ကြတယ် ထင်ရဲ့။ နာကျင်၊ ကော့လန်ကောက်ကွေး၊ တဆတ်ဆတ်တုန်ခါ သို့သော်. . .နှုတ်ခမ်း





ပြတ်မတတ်သွားနှင့်ကိုက်။ ဆက်တက်။

တစ်ထစ်. . .

နောက်တစ်ထစ်. . .

နောက်ဆုံးတစ်ထစ်. . .။

"ဝုန်း"

အပေါ်ထပ်ကြမ်းပြင်ပေါ် ထိုးလဲကျသည်။ ပြန်မထနိုင်ဘဲ အမောဖြေနေမိသည်။ မောဟိုက် လူးလိမ့်နေမိသည်။

"ကြည့်မယ်. . .မင်းကို ငါကြည့်မယ်"

ကမူးရှူးထိုး ပြန်လူးလဲထလိုက်၏။ လှေခါးကို ငုံ့ကြည့်လိုက်သည်။

တစ်ဘဝလုံးကြောက်မက်ဖွယ်ရာ ကောင်းခဲ့သော လှေခါးထစ်လွှကြီးများသည် ခုတော့လည်း သူ့မျက်လုံးရှေ့မှာ ဦးကျိုးနေသည်။

"နိုင်ပြီ. . .ငါ မင်းကို နိုင်ပြီ"

ကြမ်းပြင်ကို "ဒုန်း" ခနဲထုထည့်လိုက်မိ၏။ လက်နှစ်ဖက်ကို ကောင်းကင်ဆီဆန့်မြှောက်ပြီး သူ့. . .ဆေးကုမှတ်တမ်းထဲမှ (သူရေးခဲ့သော) ကဗျာလေးတစ်ပိုဒ်ကို အော်ရွတ်လိုက်သည်။

"သံလက်ချောင်းတွေနဲ့ရေးတဲ့

မျဉ်းကွေးမျဉ်းကောက် တစ်ကြောင်းလို

ကျောက်တောအုပ်ကို ထိုးဖောက်

ငါဟာ. . .

ဧရာဝတီဆန်ဆန် လမ်းလျှောက်လိုက်တယ်"

ပြီး. . .မျက်လုံးအစုံကို မှိတ်လိုက်သည်။ မျက်နှာကို အထက်သို့မော့ပြီး အားရပါးရရယ်မောပစ်ကြွေးလိုက်သည်။

"ဟား. . .ဟား. . .ဟား. . .ဟား. . ."

နောက်ဆုံးတော့. . .

သူ အောင်မြင်ခဲ့ပြီ။ သိစေချင်သည်။ သိစေချင်သည်။

ရင်ဘတ်ထဲမှလာသောအသံဖြင့် အဝေးမြို့တော်တစ်ခုဆီ အော်ခေါ်လိုက်သည်။

"နွေ. . .မွန်. . .ရေ. . ."





အဲဒီညနေမှာ. . .

နဂါးကြီးတစ်လက်က

သူ့ခန္ဓာကိုယ်ကို ခုံးညွှတ်မတ်ထောင်ပြီး

စောင်းကောက်တစ်ကောင် လုပ်ပြတယ်။

အဲဒီညနေမှာ. . .

ကုံကော်ပွင့်ဖြူတွေက

ရင့်ရှူမွှေးရှုတဲ့ ကောင်းကင်ရနံ့ကို

အထိတ်တလန့် လွှင့်ထုတ်တယ်။





အဲဒီညနေမှာ. . .

မတလေမီးငှက်က

စကြဝဠာအက်ကွဲကြောင်းမှာ

သူ့အတောင်ပံသူ ခေါင်းအုံးအိပ်တယ်။

အဲဒီညနေမှာ. . .

ဘာမှမဟုတ်တဲ့ ကြယ်ပုံတစ်စင်းက

ဖြူရော်ဖန့်ဖန့် အလင်းရှူးပြောက်နဲ့

လောကတစ်ခုလုံးကို လှမ်းကောက်တယ်။





အဲဒီညနေမှာ. . .

ငါနဲ့နှင်းတွေ. . .

တစ်ခါကလို ပြာဝေအုံ့သည်း

နောက်ပြီးတော့ ရွှေရောင်တွေ ဟုန်းဟုန်းတောက်ပ

သစ်အိုပင်ကြီးလည်း

အညိုရောင်တွေ စီးပျော်ကျလို့ပေါ့. . .။

(၂၁)

"ကြည့်နော်"

"မြင်တယ်"

"မီးမွှေးပြတာ"

"သိသားပဲ"

သူမကို ပြောရတာ အတန်ငယ် ခွကျနေလေသည်။ သူမကလည်း သူလိုပဲ ခံစားနေရပုံ ပေါ်၏။ သူပြောလိုသည့်

အဓိပ္ပါယ်ကို မသိ။ ပြုံးထေ့ထေ့ဖြင့် ကြည့်ပြီးမေးသည်။

"ပြောပါဦး. . .အဲဒါက ဘာအဓိပ္ပါယ်လဲ"

"ဟာဗျာ"

သူ အဖြေရခက်နေ၏။ နွေမွန်ကို စွယ်တော်ကိုင်းခြောက်များနှင့် သူ မီးမွှေးပြနေခြင်းဖြစ်၏။

"ရှင်. . .မီးမွှေးတတ်တယ်ဆိုတာကို ပြတာလား"

ဝမ်းမြောက်ဝမ်းသာ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

သူမက မျက်စောင်းထိုးသည်။

"ဘာမှန်းလည်း မသိဘူး၊ အူကြောင်ကြောင်နဲ့"

ထို့နောက် သူ့အင်္ကျီစကိုဆွဲကာ အိမ်ရှေ့ဘက်ပြန်ခေါ်သည်။

"လာလာ. . .ဧည့်ခန်းမှာ အေးအေးဆေးဆေး သွားထိုင်စကားပြောရအောင်"

ဧည့်ခန်းရောက်တော့မှ သူမက သူ့မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်ပြီး မေးလေသည်။

"နေပါဦး. . .ရှင်က ဘာဘဦးဝေမွန်တို့ရဲ့ ရိပ်သာကို ဝင်ခဲ့တယ်ပေါ့"





"အင်း. . .ဝင်ခဲ့တယ်"

"ကိစ္စပါလို့လား"

"အင်း. . .ကျွန်တော့်မိတ်ဆွေကြီး တစ်ယောက်က တရားကျင့်ချင်တယ်ဆိုလို့ လိုက်ပို့ပေးလိုက်တာ"

"သြော်. . .သြော်. . .ရှင်တို့မြို့ကပဲလား"

"အဲ. . .မဟုတ်ဘူးဗျ"

ဦးသော်တာအကြောင်း ရှင်းပြရပြန်သည်။

ဦးသော်တာကို ရှာဖွေကာ ဤရိပ်သာတွင် တရားကျင့်ရန် သူပဲ စီစဉ်ပေးခဲ့ခြင်းဖြစ်၏။ ဦးသော်တာကိုလည်း သူပဲ ထောက်ပံ့သွားမည်ဟု စဉ်းစားထားသည်။

အသက်အရွယ်ကြီးရင့်လာပြီဖြစ်သော ဦးသော်တာက ဂျစ်ပဆီဘဝမှလွတ်ကာ တရားရိပ်သာသို့ ခိုဝင် အေးချမ်းရခြင်းအတွက် သူ့ကို ကျေးဇူးများစွာတင်လျက် ရှိသည်။

ရိပ်သာအဝသို့ ရောက်ချိန်မှာပဲ မျက်ရည်တွင်တွင်ကျ၏။

ဦးဝေမွန်၏ သြဝါဒစကားများကို နားထောင်ရင်း သူ့ဘဝမှာ "အချိန်မီ၍ တော်ပါသေးသည်" ဟု ပြောဆိုကာ ရှိုက်ကြီးတငင်ငိုကြွေး၏။ ထိုကြားထဲမှာပင်. . .ရိပ်သာဝင်သူအဖြစ်

စာရင်းသွင်းသောအခါ သူ့နာမည်ကို "ဦးစိုးသော်တာ" ဟု ပေး၏။

သူ ပြုံးမိရသေးတော့သည်။

ထိုအကြောင်းများပြောပြီး သူကလည်း နွေမွန်ကို သိချင်တာ မေးရ၏။

"ဒါနဲ့ ကိုကောင်းမြတ်ဆီက စာတွေ ဘာတွေ လာသေးလား"

သူမက. . .

"အဲဒါ ရှင်နဲ့ဘာဆိုင်လဲ"

"အဲ. . .ဆိုင်တော့ မဆိုင်ဘူးပေါ့"

"မဆိုင်ရင် ဘာလို့မေးလဲ"

"သတိရလို့ပါ"

"ဟင်း"

ပေစောင်းစောင်း ပြန်ကြည့်ပြီးမှ ဖြေသည်။

"မလာပါဘူး၊ လာစရာလည်း အကြောင်းမရှိဘူး"

"ဟုတ်လား"

"ဟုတ်တယ်"

သူမက သူ့ကို ဖျတ်ခနဲ ကြည့်လိုက်၏။





"နေပါဦး. .ရှင်က ကိုကောင်းမြတ်ကို ဘယ်လိုမြင်လဲ"

"အဲ . ."

သူ့စိတ်ထဲမှာတော့ ကိုကောင်းမြတ်ကို "ဦးကိုကို"နှင့် တူသည်ဟု မြင်မိ၏။ ဦးကိုကိုလည်း သူ့ကားကြီးကို အမြဲ တယုတယ လုပ်နေသည်။ ကိုကောင်းမြတ်ကလည်း ထိုသို့ပင် ဖြစ်၏။ နွေမွန်က ကားကြီးနှင့် တူနေသည်။

သို့သော် ထိုအကြောင်းတွေကို ပြော၍ ဖြစ်မည် မထင်။

"ဘယ်လိုမှ မမြင်ပါဘူးဗျာ"

"ဟင်း . ."

"မြင်ကြည့်ပါလား "ဟူသော သဘောမျိုးဖြင့် သူမက မျက်စောင်းထိုးလိုက်သည်။ ဘယ်ရေစက်လည်း မသိ။ ကိုကောင်းမြတ်က သူမကို တန်းတန်းစွဲသလောက် သူမက တော့ နည်းနည်းမှ ကြည့်မရချေ။

"ကဲ . . . အဲဒါတွေ ထားပါ"

"ဟုတ်ကဲ့"

"ရှင် လမ်းလျှောက်ပြပါဦး"

"လုပ်ပြန်ပြီ"

လမ်းထလျှောက်ပြရပြန်၏။ ရောက်ကတည်းက ထိုသို့

လမ်းလျှောက်ပြနေရတာ ခြောက်ခေါက်ရှိပြီ။ ကြာလျှင်. . . လူလည်း မော်ဒယ်လ်ဂဲလ် ဖြစ်တော့မည်။ သို့သော်လည်း သူ လမ်းလျှောက်ပြတိုင်းမှာ ကြည်နူး ပြုံးရွှင်စွာ ငေးကြည့်နေသည့် နွေမွှန်မျက်နှာလေးက ချစ်စဖွယ် ကောင်းလွန်းလှ၏။

"ဒါနဲ့. . .ရှင့်ကို စောမင်းဝေ ဝယ်ပေးလိုက်တဲ့ ချိုင်းထောက်ကော. . ."

"ရှိတယ်. . .အိမ်မှာ အမှတ်တရ သိမ်းထားတယ်"

"တော်သေးတယ်နော်၊ ရှင့်မိဘ ကျန်ခဲ့တဲ့ ငွေတွေကို ဘာအခက်အခဲမှ မရှိဘဲ ရှောရှောရှူရှူ ရှင်ပြန်ရလို့"

"အင်း. . . . ဟုတ်တယ် အဆင်ပြေသွားတာပေါ့"

"ရှင့်ဗီဒီယိုအခွေကလည်း. . .အတော်ရောင်းရတယ်နော်"

"ဟုတ်တယ်"

သူ ရှာဖွေ ဖော်ထုတ်ထားသည့် စက္ကူရုပ်ချိုးနည်းစနစ်များကို ဗီဒီယိုအခွေရိုက်ပြီး ဖြန့်ဖြစ်ခဲ့သေး၏။ နိုင်ငံခြားဈေးကွက်(အထူးသဖြင့်. . .အရှေ့တောင်အာရှဈေးကွက်)ကို အားကိုးပြီး ဖြန့်ခြင်းဖြစ်သော်လည်း မထင်မှတ်ဘဲ ပြည်တွင်းမှာပါ အတော်ရောင်းလိုက်ရသည်။





"အခု ခြေထောက် ပြန်ကောင်းပြီဆိုတော့. . .ရှင်ဘာလုပ်မယ် ရည်စူးလဲ"

"ကျောင်းထောင်မယ်ဗျာ၊ စာပြမယ်"

"သချာင်္ကိုလား"

"ဒါပေါ့"

"ပြီးတော့ရော. . ."

"မိန်းမ ယူမယ်ဗျာ"

သူမ၏ မျက်ခုံးတို့ အတွန့်ချိုးသွား၏။ သူပြောသည့်အတိုင်းပင် သံယောင်လိုက်ရွတ်၏။

"မိန်းမ ယူမယ်"

"အင်း . . . ."

"အလိုတော်. . ."

ခပ်တည်တည် ပြန်ကြည့်ပေးလိုက်သည်။

"ဘာဖြစ်လို့လဲ"

"ခြေထောက်ပြန်ကောင်းတာနဲ့ပဲ ရှင်က မိန်းမယူမလို့"

"အင်း. . ဟုတ်တယ် ယူရမှာပေါ့။ တစ်ယောက်တည်း အထီးကျန်နေခဲ့တဲ့ နှစ်တွေက နည်းတာမှ မဟုတ်ဘဲ။ ပျင်းလာပြီ"

"သြော် . . ဒါဖြင့် ရှင်က မိန်းမကို အပျော်ယူမှာပေါ့"

"ဟာ. . .အဲလိုလည်း ဟုတ်သေးဘူးလေဗျာ"

သူ့ကို ကြည့်ပြီး သူမက တခစ်ခစ်ရယ်လေသည်။

"ရယ်မနေနဲ့. . .ဒီမှာကြည့်"

သူက မတ်တပ်ရပ်ပြလိုက်၏။ သူမက ဘာမှန်း မသိဘဲ အူကြောင်ကြောင်ကလေး ကြည့်သည်။ သူက လက်တွေ ခြေတွေလည်း ဆန့်မြှောက်ပြသေး၏။

"ဘာလုပ်တာလဲ"

"ခင်ဗျားကို ပြတာ"

"ဘာပြတာလဲ"

"ကျွန်တော် မနူကြောင်းပြတာ"

"ဟောတော့. . .ဘာသဘောတုန်း"

ထိုင်ခုံမှာ ပြန်ထိုင်လိုက်ပြီး. . .

"ဒီလိုဗျ"

သူမက သူ့မျက်နှာကို စိုက်ကြည့်နေသည်။

"တရုတ်စကားပုံ ရှိတယ်။ နူတဲ့သူရယ် အချစ်မရှိတဲ့ လူရယ်ဟာ. . .ရှားတယ်တဲ့"

"သြော် . . . သြ . . . ရှင် မနူဘူးပေါ့"





"အင်း . . . "

"ရှင့်မှာ အချစ်ရှိတယ်ပေါ့"

"အင်း . . . ဒါပေါ့"

"အဲဒါ ဘာကိစ္စ ကျွန်မ လာပြောနေရတာလဲ"

"ရည်ရွယ်ချက် ရှိလို့ပေါ့ဗျာ"

"အောင်မာ"

သူ့မျက်နှာစူသွားသည်ကို မသိချင်ယောင်ဆောင်နေလိုက်သည်။ ပြောချင်ရာ ဆက်ပြောလိုက်၏။

"ခု. . .ခင်ဗျားတို့ အိမ်ရှေ့မှာ ရပ်ထားတဲ့ ကျွန်တော့် ကားစုတ်ကလေးကို မြင်တယ် မဟုတ်လား"

"မြင်သားပဲ"

"အဲဒီကားကို. . . .ကျွန်တော်က "ကုလားအုတ်" လို့ နာမည်ပေးထားတယ်"

"အဲဒါ ဘာဖြစ်လဲ"

"ဆီးရီးယန်း စကားပုံတစ်ခုလည်း ရှိတယ်ဗျ။ အချစ်ရယ်၊ ကုလားအုတ်စီးတာရယ်က ဖုံးထားလို့ မရဘူးတဲ့"

"အောင်မာ"

"ခု. . .ခင်ဗျားဆီကို ကျွန်တော် ကုလားအုတ်စီးပြီး

လာတာ”

“အောင်မာ”

လျော့ပေးရန် မစဉ်းစားဘဲ သူက ဆက်ပြောလိုက်၏။

“သဘောပေါက်ပေါ့ဗျာ”

သဘောပေါက် မပေါက်တော့. . .မသိ။ ဆိုဖာပေါ်က ဖက်ခေါင်းအုံးနှင့်တော့ ကောက်ပေါက်သည်။

“ခုနက ခင်ဗျားကို မီးမွှေးပြတာလည်း အဲဒါဘဲ ခင်ဗျားကို. . .ကျွန်တော် ‘ပါဖောင်းမန့်စ်’ လုပ်ပြတာ”

သူမ၏မျက်နှာ တစ်မျိုးကလေး ဖြစ်နေသည်။

“တခြား စကားပုံတစ်ခုလည်း ရှိသေးတယ်။”

မီးမမွှေးနိုင်တဲ့လူဟာ မချစ်တတ်ဘူးတဲ့။ ခု. .ကျွန်တော် မီးမွှေးနိုင်တယ်ဆိုတာ ခင်ဗျားမြင်သွားပြီပဲ”

သူမက. . .ဘာမှ ပြန်မပြော။ ကိုယ့်ဘာသာ ကိုယ်ပဲ လိုရင်းကို မေးလိုက်သည်။

“ကဲ. . .အဲဒီတော့ ဘယ်လိုလဲ”

တစ်ယောက်နှင့် တစ်ယောက် မျက်လုံးချင်း ဆုံကြ၏။ ထိုသို့ပင် တိတ်ဆိတ်နေမိကြတာ အချိန်အတော်ကြာသွားသည်။





နောက်မှ. . .သူမ၏ မျက်နှာမှာ ပြုံးယောင်သန်းလာသည်။

“အဲဒါဆို. . .ရှင့်ကိုလည်း ကျွန်မက စကားပုံတစ်ခု ပြန်ပြောပြရဦးမယ်”

“ဘာစကားပုံလဲ”

“စပိန်စကားပုံ”

“အင်း . . . ပြောပါဦး”

“အချစ်ဆိုတာ. . .စွတ်ပြုတ်နဲ့ တူတယ်တဲ့”

“ဟင်. . . ဘာဖြစ်လို့လဲ”

“ပထမဇွန်းက. . .အရမ်းပူပြီး နောက်တော့ တဖြည်းဖြည်း အေးသွားတယ်တဲ့”

“ဟာ . . မဟုတ်သေးပါဘူး”

ထိုစကားကို သူ လက်မခံမိချေ။

“ပထမဇွန်းက အပူဆုံးဆိုတာ ဟုတ်ပါတယ်။ ဒါပေမယ့်. .နောက်ဆုံးဇွန်းမှာလည်း ပူတော့ ပူနေသေးတာပါပဲ။ အေးမသွားပါဘူး”

“သေချာလား”

“သေချာပါတယ်ဗျ။ ကျွန်တော်က တစ်လျှောက်လုံး

ဆန်ပြုတ်တွေ၊ စွပ်ပြုတ်တွေ သောက်လာရတဲ့ကောင်ပါ ”

မျက်လုံးလေးများ မှိတ်သွားသည်အထိ သူမ ရယ်၏။

“ဟုတ်ပါပြီ ထားပါတော့ သိပ်ကြွားမနေပါနဲ့။ ကျွန်မကလည်း ရှင့်လိုပဲ မြင်ပါတယ်”

သူထိုင်နေရာမှ ဝုန်းခနဲ ထရပ်လိုက်၏။

“ဟင်. . . ဒါဖြင့်”

သူမက သူ့ကို ပြုံးလဲ့လဲ့ကြည့်နေ၏။





ထိုနေ့ညနေမှာ. . .

သူနှင့် သူမတို့

စားသောက်ဆိုင်တစ်ခုသို့ ရောက်သွားကြလေသည်။

နှစ်ယောက်ပေါင်းမှ စွပ်ပြုတ်တစ်ပွဲပဲ မှာလိုက်ကြ၏။

ဆိုင်ရှင်နှင့် စားပွဲထိုးများက အံ့သြနေပုံရလေသည်။

သူနှင့် သူမတို့ကတော့ ကြည်နူးပျော်ရွှင်လျက် ရှိကြ၏။

ပြောစရာဆိုလို့ တစ်ခုပဲ ဖြစ်ခဲ့သည်။

စွပ်ပြုတ်၏ ပထမဇွန်းကို သူ အရင်သောက်မည်။
ငါ အရင်သောက်မည်ဟု ငြင်းခဲ့ကြ၊
ပြီးတော့. . .ရယ်မောခဲ့ကြရ လေသည်။
ပြီး. . .နှစ်ယောက်သား ကုလားအုတ်ကို
စီးပြီး ပြန်ခဲ့ ကြသည်။





သီချင်းဆိုချင်တဲ့ ကြယ်ကလေးကို
သူမ၏ လမင်းချစ်သူက
အခုတော့. . .
သံဂီတသံစဉ်တစ်ခု ပစ်ချပေးလိုက်ပြီ။

❊ ❊ ❊ ❊ ❊

✲ ✲ ✲ ✲ ✲





## နိဂုံး

နွေမွှန်. . .
ဟိုမှာ မိုးရေစက် တစ်စက်၊
သူ့ကို သေသေချာချာ ကြည့်စမ်း. . .။
အဲဒီမိုးရေစက်ထဲမှာ စမ်းချောင်းတစ်ခုပါဝင်တယ် ဆိုရင်. . .
ယုံမလား. . .။
အဲဒီထက်ပို ကြည့်ရင်လည်း ရသေးတယ်။
အဲဒီ မိုးရေစက်ကလေးထဲမှာ မြစ်ပြင်ကြီးလည်း ပါတယ်၊
ပင်လယ်ကြီးလည်း ပါတယ်၊
သမုဒ္ဒရာလည်း ပါတယ်၊
ရေတံခွန်တွေလည်း ပါတယ်၊
ကြည့်တတ်ရင် မြင်လိမ့်မယ်။

နွေမွှန်. . .

ချစ်သော နွေမွှန်။

တို့တွေရဲ့ သဘာဝလောကကြီးထဲမှာ

အလှတရားတွေ များစွာ ရှိလေရဲ့. . .။

မြင်တတ်တဲ့ မျက်လုံးကို ကိုယ့်ဘာသာ ဖွက်ဖုံးမထားကြေး

ကြည့်ပစ်ကြရအောင်။

ဟိုးမှာ မော့ကြည့်စမ်း. . .။

ကောင်းကင်ကြီး။

"မြေ"နဲ့ ကောင်းကင်ဟာ ဘယ်လောက်ဝေးတယ်။

လူသားဟာ ပျံသန်းနိုင်စွမ်း မရှိဘူး။

အဲဒီလို မင်း သင်ကြားခဲ့ရတဲ့ အသိတွေကို ဖယ်ပစ်လိုက်။

ရိုးရိုးစင်းစင်းနဲ့ပဲ ခပ်ရှင်းရှင်း ကြည့်လိုက်စမ်းပါ။

မင်းနဲ့ ကောင်းကင်ကြီးရဲ့ ကြားမှာ ဘာအဆီးအတားမှ

မရှိပါဘူး။

ဘယ်လိုလဲ နီးသွားသလို မခံစားရဘူးလား။





အဲဒီလိုပဲ နွေမွှန်ရေ. . .။

သဘာဝလောကကြီးကို ကိုယ့်မျက်လုံးထဲက

အရောင်တွေမပါဘဲ စင်စင်ကြယ်ကြယ် ကြည့်နိုင်ဖို့ လိုတယ်။

အဲဒီအတွက် မင်းဟာ. . .

ခေတ်သစ်လူ့ဘောင်ရဲ့ ထောင်ချောက်တွေထဲက

လွတ်မြောက်နေရမယ်။

ထားပစ်ခဲ့၊ မေ့ပစ်ခဲ့။

မြစ်တစ်စင်းကို ကြည့်ပြီး သူ့ကို ဘယ်လိုနားလည်ခဲ့ဖူးလဲ။

ကိုယ်ပြောမယ်။

အဲဒီမြစ်ကြီးရဲ့ ဘဝဟာ ကျောက် တောင်ကြီးတွေက

ညှစ်ချပေးတဲ့ ကျောက်စက်ရေတစ်စက် မှာ "စ"တယ်။

ဟော. . .ကြည့်။

သူ့ကိုယ်သူ တစ်ဟုန်ထိုး ပစ်လွှတ်စီး ဆင်းထားတယ်။

ဘယ်လောက် ပျော်ရွှင် ရဲရင့်လိုက်လေသလဲ။

တို့တွေလည်း လောကကြီးထဲမှာ သူ့လိုမျိုး စီးဆင်းရဲရအောင်။

ဒါမှ တို့ချစ်တဲ့ အနုပညာဟာ

တို့နဲ့ အတူ ထာဝရ ရှိနေလိမ့်မယ်။

ဟိုမှာ နေရောင်စက်ကလေး. . .

နေမင်းဆီကနေ ကမ္ဘာမြေဆီကို

ဘယ်လမ်းကြောင်းနဲ့ သူခုန်ချလာသလဲ။

သူဟာ နေကမ္ဘာက ရောက်လာတဲ့ ဧည့်သည်ဖြစ်တယ်။

မင်း သူနဲ့ စကားပြောသင့်တယ်။





နွေမွှန်. . .

သဘာဝလောကကို ချစ်ပါ။

သဘာဝလောကကို ချစ်တာဟာ အနုပညာကို ချစ်တာပါပဲ။

နွေမွှန်. . .

ကိုယ့်ရဲ့ ချစ်သော နွေမွှန်. . .

မင်းက ပြောင်းလဲရင်

လောကကြီးက ပြောင်းလဲသွားပါလိမ့်မယ်။

မင်းရဲ့အမြင်တွေကို ပြောင်းလဲပစ်ပါ။

သဘာဝလောကကြီးရဲ့ ခမ်းနားလှပတဲ့ မျက်နှာပြင်တစ်ခုကို

မင်း မြင်ရပါလိမ့်မယ်။

ဘယ်တုန်းကမှ မမြင်ဘူးခဲ့တဲ့ နံနက်ခင်းတွေကိုလည်း

မင်းမြင်လာရလိမ့်မယ်။

ကိုယ့်လက်ကို ရဲရဲတွဲ။
သဘာဝလောကကြီးကို သိမြင်။
အနုပညာတွေ ဖန်တီး။
ကြယ်နဲ့ လတို့ရဲ့ အလင်း ဂီတကို နားဆင်။
မှော်ရုံကို တံခါးအသစ်နဲ့ ဖွင့်ဝင်ကြရအောင်။

တာရာမင်းဝေ
11 th May, 1998

(နှိုလာ) စာပေနှင့်စတိုး
အခန်း (၀၀၄)
(A)၊



မောင်မျိုး စိုးညီ

# တာရာမင်းဝေ

မှော်ရုံကိုဖွင့်တဲ့သော့

(လုံးချင်း ဝတ္ထုသစ်)

ကြောင်နှစ်ကောင် စာအုပ်တိုက်
အမှတ်၁၃၂(မြေညီ) ၃၅လမ်း၊ ရန်ကုန်။
☎ ၀၁-၂၈၂၂၄၈
၀၁-၂၅၃၅၂

၁၀၀၆၊

# ကြယ်သီချင်း နှင့် လမင်းသံစဉ်

တာရာမင်းဝေ

